ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ (၁၀၃)နှစ်မြောက်မွေးနေ့ပူဇော်ပွဲ

စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

သဲကုန်းဆရာတော်၊ သပိတ်အိုင်ဆရာတော်၊ သီတဂူဆရာတော်

# သီတဂူ အရှင်ဉာဏိဿရ

၏

## မငမှ့အပ်သောလေးနေ့ရာ



အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)

စီစဉ်တည်းဖြတ်ပူဇော်သည်။

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု,
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက,
ရွှေကျင်နိကာယသာသနာပိုင်
စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး၏
သက်တော် (၁၀၃)နှစ်မြောက် မွေးနေ့ပူဇော်ပွဲ၌

စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်
သဲကုန်း သပိတ်အိုင်ဆရာတော်

# သီတဂူအရှင်ဉာဏိဿရ

ဟောကြားတော်မူသော

# မမွေအာပ်သောလေးနေရာ

## (သံဝေဇနီယသုတ္တန် တရားတော်)

သီတဂူဆရာတော်ဘုရား၏ ခွင့်ပြုချက်ဖြင့်
အရှင်ဘာသာစာပေလက်ာရ (စစ်ကိုင်း၊ ရွှေဟင်္သာ) မှစ၍ တည်းဖြတ် ပူဇော်သည်။
ရွှေဟင်္သာ အမှတ်တရစာစဉ်-၅

၂၃၁၃၆

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၂၅ / ၂၀၀၀ ( ၁၁ ) |
| အဖုံးခွင့်ပြုချက်အမှတ် | ၃၄၂ / ၂၀၀၀ ( ၁၂ ) |
| ထုတ်ဝေကာလ | ၂၀၀၁ - ဖေဖော်ဝါရီ |
| အကြိမ် | ပထမအကြိမ် |
| အုပ်ရေ | ၁၀၀၀ |
| ကွန်ပျူတာစာစီ | မင်းမင်းကျော်ကွန်ပျူတာ၊ စစ်ကိုင်းမြို့။ |
| မျက်နှာဖုံးဒီဇိုင်း | အောင်လှိုင်ဘွား(စတား) |
| ထုတ်ဝေသူ | ဦးမြသန်း (အသိုင်းအဝိုင်းစာပေ) အမှတ်(၃၅)သမာဓိလမ်း၊ ဖွဲ့စုံရပ်၊ ကမ္ဘာအေး၊ ရန်ကု |
| ပုံနှိပ်သူ | ရွှေစင်ကျော်၊ ပုံနှိပ်တိုက် ၆၄/၆၄ရ - စက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်။ |

တန်ဖိုး -

## အမြွက်ဆုံးဒါန

ဤ စာအုပ်ကို အရှင်ဆန္ဒာဓိက
(ရွှေပါရမီတောရ) က
မ တည် လှူဒါန်းထားသော
စာအုပ်ထုတ်ဝေရေး ပဒေသာပင်ငွေဖြင့်
ရိုက်နှိပ်၍ ပြန်လည်ဖြစ်ပေါ်လာသော
ငွေများဖြင့် အရှင်အာစာရာလင်္ကာရ
(စစ်ကိုင်း ရွှေဟင်္သာ)၏
ကျမ်းစာအုပ်များကို ဆက်လက်
ရိုက်နှိပ် ထုတ်ဝေမည်
ဖြစ်ပါသည်။

ရွှေဟင်္သာဩဝါဒ

အများအကျိုး

ရွက်သည့်ပိုးက

ခနိုးခနဲ့

ဆိုကဲ့ရဲ့လည်း

မဖွဲ့မစောင်း

ကိုယ့်လမ်းကြောင်းကို

စိတ်ကောင်းနှင့်ယှဉ်

ရှေ့ရှုနှင်လော့။

# သီတဂူအဓိဋ္ဌာန်

ငါတို့ဖြစ်ရ

ဤလောကဝယ်

ဘဝသမိုင်း မရှိုင်းစေရန်

စိတ်မန်မချ မာနမပါ

တို့စွမ်းရာဖြင့်

တို့သာသနာ တို့ပြည်ရွာကို

သာယာစေမှု

လှုံ့လပြုအံ့။

## ပထမ မမေ့အပ်သောနေရာ
## လုမ္ဗိနီဒေသ ( အင်ကြင်းတောနှင့် ဖွါးတော်မူရာ )


ဗုဒ္ဓမြတ်စွာ ဖွါးတော်မူရာ လုမ္ဗိနီသာမော အင်ကြင်းတော ဥယျာဉ်သည် ယခုအခါ နီပေါနိုင်ငံအတွင်း၌ တည်ရှိပြီး အိန္ဒိယနယ်စပ်မှ (၆)မိုင်ခန့် ကွာဝေးသည်။

အိန္ဒိယနိုင်ငံ ဂေါရက္ခပူရ်မြို့နှင့် နယ်စပ် နောင်ဂါးဘူတာတို့မှ ကား, ရထား, လေယာဉ်များဖြင့် သွားလာနိုင်သည်။

လုမ္ဗိနီဒေသတွင် (၁) အသောကကျောက်စာတိုင် (၂)မယ်တော်မာယာ သားဖွါးခန်းရုပ်တု (၃) စေတီငယ်များနှင့် (၄) မယ်တော်မာယာ ရေသုံးသပ်ရာရေကန် တို့ကို ကြည့်ရှုလေ့လာ ဖူးမြော်နိုင်သည်။

အသောကမင်းကြီး စိုက်ထူထားခဲ့သည့် ကျောက်စာတိုင်ကြီး အနီး အရှေ့ဘက် အုတ်ခုံမြင့်ပေါ်မှ အုတ်တိုက်ကလေးအတွင်း၌ မယ်တော်မာယာသားဖွါးခန်းရုပ်တု ရှိသည်။ အင်ကြင်းကိုင်းကို ကိုင်ထားသော မယ်တော်မာယာ၏ နံဘေးတွင် အလောင်းတော် မင်းသိဒ္ဓတ်ရုပ်တု ရှိသည်။ ယခုအခါ ထိုကျောက်ရုပ်တုများကို ဖျက်ဆီးထားကြသဖြင့် တစ်ခြမ်းမျှသာ ကျန်တော့သည်။

လွန်ခဲ့သည့်နှစ်ပေါင်း (၂၅၄၀)ကျော်က အလွန်သာယာလှပခဲ့သည့် လုမ္ဗိနီသာမော အင်ကြင်းတောဥယျာဉ်ဒေသသည် ယခုအခါ နွားစားကျက်သာသာမျှသာ ကျန်ရစ်တော့သည်မှာ အလွန်သံဝေဂ ယူဖွယ်ရာ ဖြစ်ပါသည်။



ဤနေရာ၌ အလောင်းတော်မင်းသိဒ္ဓတ်ကို ဖွါးမြင်တော်မူခဲ့သည်။


# ဒုတိယ မမေ့အပ်သောနေရာ
# ဗုဒ္ဓဂယာဒေသ ( ဗောဓိပင်နှင့် ရွှေပလ္လင်)

ဗုဒ္ဓဂယာသည် အိန္ဒိယနိုင်ငံ မဂဓတိုင်း (ဥရုဝေလတောအုပ်) ဗိဟာပြည်နယ် ဂယာဒိစတြိတ်မှ (၇)မိုင်ကွာဝေးသည်။ ကာလ်ကတ္တားမှ ဂယာမြို့သို့ ကား, ရထား, လေယာဉ်တို့ဖြင့် သွားနိုင်ပြီး (၄၅၉)ကီလိုမီတာ ကွာဝေးသည်။

ယင်းဂယာဒေသတွင် (၁)မဟာဗောဓိစေတီတော် (၂)ဗောဓိပင် (၃)အပရာဇိတပလ္လင် (၄) သတ္တဋ္ဌာနနေရာများ (၅) ကျောက်လက်ရန်း (၆) စေတီငယ်များ (၇) ပဥ္စပဏ္ဏဝဘုရားကျောင်း (၈) ဘုန်းကြီးကျောင်းအုတ်ခုံ (၉) မင်းတုန်းမင်းဇရပ် (၁၀) နေရဉ္စရာမြစ် (၁၁) သုဇာတာ အိမ်နေရာ (၁၂) သုဇာတာဃနာနို့ဆွမ်းကပ်သည့်နေရာ (၁၃) ဘုရား, အလောင်း ဆွမ်းဘုဉ်းပေးတော်မူသည့်နေရာ (၁၄) ရွှေခွက်မျှောသည့် နေရာ (၁၅) ဥရုဝေလရသေ့ကျောင်းသခ်မ်း (၁၆) ဒုက္ကရစရိယာ ကျင့်ရာလိုဏ်ဂူ တို့ကို လေ့လာဖူးမြော်နိုင်သည်။

ဘုရားလက်ထက်တော်မှ ဗောဓိပင်ကို အသောကမင်းကြီး၏ မိဖုရား က ပထမအကြိမ် ခုတ်လှဲသည်။ ပြန်ပေါက်သည်။ ဘင်္ဂါနိုင်ငံမှ ဟိန္ဒူဘုရင် သသံက က ခုတ်လှဲပြန်သည်။ ပြန်ပေါက်လာသည်။ ယခု ဖူးမြင်ရသည့် ဗောဓိပင်မှာ ၁၈၇၀–ပြည့်နှစ်၌ ကျောက်စာမင်းကြီး ကံနင်ဟန် က မူလအပင်အိုကြီးမှ မျိုးစေ့ကို ပျိုးယူကာ ပြန်စိုက်ထားသည့် အပင်ဖြစ်သည်။ လက်ရှိတွေ့ရသည့် အပရာဇိတပလ္လင်မှာ ကျောက်တုံးဖြင့် ထုထားပြီး အလျားခုနစ်ပေခွဲ အနံလေးပေဆယ်လက်မ၊ အမြင့် သုံးပေရှိ၍ မဟာဗောဓိစေတီနှင့် ဗောဓိပင်အကြား ခုံမြင့်ပေါ်၌ တည်ရှိသည်။

ရွှေဟင်္သာ အမှတ်တရစာစဉ်–၅



ဉာဏ်တော်အမြင့် ၁၇၀ပေရှိကာ ကျောက်သားများချည်းဖြင့်သာ တည်ထားသော အလွန်လက်ရာမြောက်လှသည့် အသောကမင်းကြီး၏ ကောင်းမှု မဟာဗောဓိစေတီတော်


## တတိယ မမေ့အပ်သောနေရာ
## မိဂဒါဝုန်ဒေသ ( ဓမ္မေခစေတီ + ဓမ္မရာဇကစေတီ )

တရားဦးဓမ္မစကြာကို ဟောမြွက်ရာ မိဂဒါဝုန်သည် ဗာရာဏသီမြို့မှ (၆)မိုင်အကွာတွင် တည်ရှိသည်။ ကာလကတ္တားမှ ဗာရာဏသီသို့ သို့မဟုတ် ပတ္တနား၊ (ပါဋလိပုတ်)နှင့် ဂယာမြို့များမှတဆင့် ကား, ရထား, လေယာဉ်တို့ဖြင့် သွားလာနိုင်သည်။

ယင်းမိဂဒါဝုန်ဒေသတွင် (၁) ချောက်ခဏ္ဍိစေတီ (ပဥ္စဝဂ္ဂီ–၅ဦးတို့ ခရီးဦးကြိုဆိုရာ) (၂) ပြတိုက် (၃) ကျောင်းတော်ရာအမှတ်၆ (၄) နန္ဒိယကျောင်းတော်ရာ (၅) ကျောက်စေတီငယ် (၆) အသောက ကျောက်စာတိုင် (၇) ဓမ္မရာဇကစေတီတော် (၈) ကုမာရဒေဝီကျောင်းတော်ရာ (၉) ဓမ္မေခစေတီ (တရားဦးဓမ္မစကြာကို ဟောတော်မူရာ) နှင့် (၁၀) မူလ ဂန္ဓကုဋိကျောင်းတော်နေရာတို့ကို ဖူးမြော်နိုင်သည်။

ဓမ္မေခစေတီတော်ကြီးမှာ အနတ္တလက္ခဏသုတ်ကို ဟောကြားရာဖြစ်၍ ၎င်းအနီးမှ ဓမ္မရာဇကစေတီငုတ်သည်သာ တရားဦးဓမ္မစကြာကို ဟောရာဌာနဖြစ်သည် (ဟု ဆိုကြသည်) ယင်း စေတီငုတ်သည် လွန်ခဲ့သည့်နှစ်၂၀၀ကျော်က ဤဓမ္မေခစေတီတော်ကဲ့သို့ပင် ဉာဏ်တော် ပေ(၁၀၀)ကျော်ရှိခဲ့ပြီး (၁)မိုင်ပတ်လည်မှ မြင်နိုင်ခဲ့သည်။

၁၇၉၄ခုနှစ်၊ ဗာရာဏသီ မဟာရာဇာစေတမင်းလက်ထက် ၎င်းအမတ်ကြီး ဂျဂတ်ဆင်း သည် ရပ်ကွက်တည်ရန် ကျောက်ခဲနှင့် အုတ်ခဲများလိုချင်သဖြင့် ယင်းစေတီကို ဖြိုချဖျက်ဆီးကာ ရပ်ကွက်တည်ခဲ့သောကြောင့် ယခုအခါ တရားဦးဓမ္မစကြာ ဟောတော်မူရာဌာနမှာ စေတီငုတ်မျှသာ ကျန်ရစ်တော့သည်မှာ အလွန်သံဝေဂယူဖွယ်ရာ ကောင်းလှပါသည်။



ဤ ဓမ္မေခစေတီတော် (သို့မဟုတ်) ဤစေတီတော်အနီးမှ ဓမ္မရာဇက ဘုရားငုတ် နေရာဝယ် ဘုရားမြတ်စွာသည် တရားဦးဓမ္မစက်ကို စတင် လှည့်တော်မူခဲ့သည်။

## စတုတ္ထ မမေ့အပ်သောနေရာ
## ကုသိနာရုံဒေသ ( မဟာပရိနိဗ္ဗာန စေတီတော်နှင့် ရုပ်ပွါးတော် )

ကုသိနာရုံသည် ဘုရားရှင်လက်ထက်တော်၌ မလ္လမင်းတို့၏ မင်းနေပြည်တော်ဖြစ်ခဲ့ပြီး ယခုအခါ ကုရှိနာဂါရ် ရွာငယ်လေးအဖြစ်သာ ရှိတော့သည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၊ ဒေဝရိယား ဒိစတြိတ်အတွင်းတွင် တည်ရှိသည်။

ဗာရာဏသီမြို့မှ ဂေါရက္ခပူရ်မြို့သို့ မီးရထား, ကားတို့ဖြင့် သွားနိုင်ပြီး ၎င်းမှ ကုသိနာရုံသို့ (၅၃)ကီလိုမီတာ ကွာဝေးသည်။ ပတ္တနားမြို့ (ပါဋလိပုတ်မှ) ဝေသာလီ၊ ဝေသာလီမှ ကုသိနာရုံသို့ ကားဖြင့် သွားနိုင်သေးသည်။

၎င်းကုသိနာရုံဒေသတွင် (၁) မဟာပရိနိဗ္ဗာနစေတီတော် (၂)ဘုရားကျောင်းတော် (၃) ကျောင်းတော်ရာအုတ်ခုံများ (၄) အင်္ဂါရစေတီ (၅) မြတ်စွာဘုရားရေသပ္ပါယ်တော်မူရာ ဌာနတို့ကို ဖူးမြော်နိုင်သည်။


မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံရာဌာန၌ မဟာပရိနိဗ္ဗာနစေတီတော်ကြီးကို မဟာဝိဟာရကျောင်းနေ ရဟန်းတော် အရှင်ဟရိဗလ က တည်ထားသည်။ ပရိနိဗ္ဗာန်ဝင်စံပုံ ရုပ်ပွါးတော်ကိုမူ မထုရာပြည်သား ပန်းပုဆရာ ဒိနာ က ထုလုပ်သည်။

မဟာပရိနိဗ္ဗာနစေတီတော်မှာ ဥာဏ်တော်(၁၆၇)ပေမြင့်၍ ရုပ်ပွါးတော်မှာမူ ခြေဖဝါးတော်မှ ဦးသျှောင်တော်အထိ ပေ(၂၀) ပနံတော် (၅)ပေ (၆)လက်မ၊ ညောင်စောင်းတော် (၂၃)ပေ (၉)လက်မ × (၂)ပေ (၁)လက်မရှိပြီး သဲကျောက်ဖြင့် ထုလုပ်ထားသည်ကို ဖူးမြော်ရသည်မှာ ဘုရားမြတ်စွာ ပရိနိဗ္ဗာန် ဝင်စံတော်မူသောနေ့ကို တမ်းတလွမ်းဆွတ်စွာ သံဝေဂယူဖွယ်ရာဖြစ်သည်။




တရားဦးဓမ္မစက်ကို စတင်လှည့်လည်ရာဌာန၌ တည်ထားကိုးကွယ်သည့်
ဂုပ်တခေတ်ဟန် ဓမ္မစက္က မုဒြာ ရုပ်ပွါးတော်ဖြစ်သည်။


ရွှေဟင်္သာ အမှတ်တရစာစဉ်-၅



ဤနေရာ၌ မြတ်စွာဘုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့သည်။



မထုရာပြည်သား ပန်းပုဆရာ ဒိန္နာ ထုလုပ်သော မဟာပရိနိဗ္ဗာန်ဝင်စံပုံ ရုပ်ပွါးတော်



ဤ ဗောဓိပင်အောက် ရွှေပလ္လင်ထက်ဝယ် ဗုဒ္ဓမြတ်စွာ သစ္စာလေးပါးကို သိမြင်တော်မူခဲ့သည်။

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


❁ အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟင်္သာ)၏
နိဒါန်းစကား ………………………… ၁၉
❁ တရားဖွင့်ပြီ မေတ္တာစည် ………………………… ၂၈
❁ ထေရပူဇာပွဲ စတင်နွှဲ ………………………… ၃၀
❁ ကမ္ဘာကုန်ဆုံး တည်စေဦး ………………………… ၃၁
❁ ခန္ဓာနဲ့ဂုဏ် ကွာခြားပုံ ………………………… ၃၂
❁ စိတ်စွမ်းရည်မှ ဂုဏ်ဖြစ်ရ ………………………… ၃၄
❁ သံချေးမတက် စွမ်းရည်ထက် ………………………… ၃၅
❁ ဘဝသမိုင်း မရိုင်းစေရန် ………………………… ၃၆
❁ ကောင်းတဲ့မှတ်တိုင် စိုက်ထူနိုင်စေ ………………………… ၃၈
❁ ကုသိနာရုံ အင်ကြင်းစုံ၌ ………………………… ၄၁
❁ ဝိုရပါကြောင်း အတွေးဟောင်း ………………………… ၄၂
❁ အရှင်ဒဗ္ဗ တာဝန်ကျ ………………………… ၄၃
❁ ထေရ်မြတ်အာနန် သူ့တာဝန် ………………………… ၄၅
❁ ရှေ့မျှော်မှန်းလို့ တမ်းတဝိုသည် ………………………… ၄၇
❁ သူတော်ကောင်းတို့ ကြွလာဖို့ ………………………… ၄၉
❁ မှတ်တမ်းတင်ခွင့်ကြုံ ဤဓါတ်ပုံ ………………………… ၅၁
❁ မျက်ရည်စုဆောင်း သိမ်းဖို့ကောင်း ………………………… ၅၃
❁ မတွေ့တာကြာ ပျက်တော့မှာ ………………………… ၅၅

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


* ကုသိုလ်ပွါးစေ ရပ်လေးထွေ ........................ ၅၈
* ဖွားရာဌာန ဖူးမြော်ကြ ........................ ၅၉
* လက်ညှိုးထောင်လျှက် ကြွေးကြော်ချက် ............ ၆၀
* ဘုရားဖြစ်ရာ ဖူးမြော်ပါ ........................ ၆၃
* သစ္စာလေးဝ သိဌာန ........................ ၆၄
* စက်ကိုနှိုးရာ ဖူးမြော်ပါ ........................ ၆၆
* ဣသိပတနာ, မိဂဒါ ........................ ၆၇
* အိန္ဒိယမှာ သာသနာကွယ်ကြောင်း ................ ၇၀
* အိန္ဒိယမှာဆင်ခွဲ ဆွေးနွေးပွဲ ........................ ၇၁
* နိဗ္ဗာန်ဝင်ရာ ဖူးမြော်ပါ ........................ ၇၄
* ဥပဝတ္တနဆိုတဲ့ အကွေ့လေး ........................ ၇၅
* ခုနစ်ကြိမ်ခေါင်းချ မြတ်ဌာန ........................ ၇၆
* မြေကြီးမပျက် သဒ္ဒါပျက် ........................ ၇၈
* ဆရာတော်ကြီး နည်းတူမှီး ........................ ၇၉
* မမေ့အပ်သော လေးနေရာ ........................ ၈၀
* ရွှေဟင်္သာဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရေးသားတော်မူသော သံဝေဇနိယဌာန ဘုရားရှိခိုးဂါထာ ပါဠိနှင့် အနက်များ ........................ ၈၂
* စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရေးသားတော်မူသော အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူး ခရီးသွားမှတ်တမ်း အပြည့်အစုံ ........ ၈၇/၁၇၃

# အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)
# ၏
# နိဒါန်းစကား

## ဝပ်တွား ကန်တော့ ကျွန်မာန်လျှော့

မှတ်မှတ်ရရ...

၁၉၉၉ခုနှစ်, ဒီဇင်ဘာလ (၁၈)ရက်နေ့, မနက်(၉)နာရီအချိန်တွင် သီတဂူဆရာတော်ဘုရားထံ စာရေးသူ အကန်တော့ ရောက်ခဲ့ပါသည်၊ ကန်တော့အပြီး ဆရာတော်ဘုရားက ဩဝါဒစကား မိန့်ကြားတော်မူပြီးနောက် ဆရာတော့်ထံ ခွင့်နှစ်ရပ် ပန်ကြားခဲ့ပါသည်၊

## ခွင့်ပန်စကား ပန်လျှောက်ထား

တစ်ခုမှာ...မိမိရေးသား ရိုက်နှိပ်တိုင်းသော စာအုပ်များ၏ ရှေ့ စာမျက်နှာတိုင်းတွင် သီတဂူဆရာတော့် သီတဂူအဓိဋ္ဌာန် ကဗျာကို ပုံနှိပ်ဖော်ပြခွင့်ပြုရန်ဖြစ်ပြီး နောက်တစ်ခုမှာ... ရွှေဟသ်ာ ဆရာတော် ဘုရားကြီးအား "ဂုဏ်ပြုတရားတော်"များကို အမှတ်တရ စာအုပ် အဖြစ် ပုံနှိပ်ခွင့်ပြုရန် ဖြစ်ပါသည်၊

## ကြည်ဖြူနှစ်သက် ခွင့်ပြုလျက်

သီတဂူဆရာတော်ဘုရားသည် ခွင့်တောင်းချက် နှစ်ရပ်စလုံးကိုပင် လိုလိုလားလား, နှစ်နှစ်သက်သက်, ကျေကျေနပ်နပ်, ကြည်ကြည်ဖြူဖြူ (သဘောထား ကြီးမြတ်သူပီပီ) ခွင့်ပြုတော်မူခဲ့ပါသည်၊

## သြဝါဒစကား မိန့်မြွက်ကြား

ထို့ပြင် သီတဂူအဓိဋ္ဌာန် ကဗျာ၏ အပေါ်မှာ "ရွှေဟသ်ာ ဆရာတော်ဘုရားကြီး သြဝါဒလင်္ကာ"ကို ထည့်သွင်းဖော်ပြစေလိုကြောင်း, တရားတော်၏ မူရင်းပါဠိတော် နာမည်များအစား မြန်မာ အမည်ခေါင်းစဉ် များ တပ်ပေးဖို့လိုကြောင်း, လူတိုင်း ပရဟိတစိတ်ဓါတ် ရှိကြဖို့လို ကြောင်း, မြတ်ဗုဒ္ဓသည် စံပြပရဟိတ ဆောင်ရွက်သူ ဖြစ်ကြောင်း, မြတ်ဗုဒ္ဓ ၏ "ဂေါတမီ...သံဃာအားသာ လှူပါ" ဆိုသော စကားနှင့် သက္ကတ နီတိလာ နွားမ, မြစ်, ချောင်း, သစ်ပင်လို

ကျင့်ပါ'' ဟူသော စကား, ''ရွှေဟသ်ာဆရာတော်၏ အများအကျိုး, ရှက်သည့် ပိုးက'' စသော ဩဝါဒစကား, သီတဂူအမိဗ္ဒာန်ကဗျာတို့မှာ ရည်ရွယ်ချက်တစ်ထပ်တည်း ဖြစ်ကြကြောင်း။

မြတ်ဗုဒ္ဓသာသနာတော်ကို တကယ် ဖြန့်ဝေဖို့ဆိုလျှင် အားလုံး ဒို့ထက် ပိုမို ကြိုးစားကြရဦးမှာ ဖြစ်ကြောင်း, ဘာသန္တရစာပေကို ရဟန်း တော်များ မဖြစ်မနေ သင်ကြားကြဖို့ လိုအပ်ကြောင်း, တရားဓမ္မကို ဟောကြားရာဝယ် နားထောင်ကောင်းရုံထက် နားလည်သဘောပေါက် အောင် စေတနာထား ဟောပြဖို့လိုအပ်ကြောင်း,

ဘုန်းကျက်သရေ ဆိုသည်မှာ အသိပညာကို အရင်းခံပြီး လုံ့လ ကြိုးစွာဖြင့် ကောင်းကျိုး ရအောင် ဆောင်ရွက်နေသူ၏ နောက်သို့ အရိပ်ပမာ ထပ်ချပ်မကွာ လိုက်ပါနေတတ်သည်မှာ ဓမ္မတာပင် ဖြစ်ကြောင်း, သူတော်ကောင်း စိတ်ဓါတ် ဆိုသည်မှာ အလိုလိုနေရင်း ရလာမှာ မဟုတ်ဘဲ တမင် လေ့ကျင့်ယူမှသာ ရမှာဖြစ်ကြောင်း, စသည့် ''ဘဝလမ်းညွှန် ဩဝါဒကထာ'' များစွာကိုလည်း မိန့်မြွက်တော် မူခဲ့ ပါသေးသည်၊

သီတဂူဆရာတော်ဘုရားသည် ''ယထာဝါဒီ, တထာကာရီ'' ''ယထာကာရီ, တထာဝါဒီ'' ''ပြောသလို လုပ်၍'' ''လုပ်သလို ပြော'' တတ်သည့် အာဇာနည် မထေရ်မြတ်တစ်ပါး ဖြစ်ပါလေသည်။

**သုတေသနစာကြည့်တိုက်**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
**ကမ္ဘာအေး၊ ရန်ကုန်။**

၂၅၁၅၆

## ဂုဏ်ပြုတရား ဤခြောက်ပါး

သီတဂူဆရာတော်ဘုရားသည် ကျေးဇူးတော်ရှင် (သက်တော်ရှည် အဂ္ဂါဘိဓဇ ရွှေကျင်သာသနာပိုင်) စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီးနှင့် စပ်လျဉ်း၍ ''ဂုဏ်ပြုတရားတော်'' များကို အခွင့်အခါ သင့်တိုင်း ချီးကျူးပူဇော် ဟောကြားခဲ့ရာ ရှာဖွေတွေ့ရှိရသမျှ အောက်ပါ အတိုင်း တရားတော်(၆)ပုဒ် ရှိပါသည်၊

၁။ **ကာယပဂ္ဂဏ်ရည် တရားတော်**
(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၀- နှစ်ပြည့် မွေးနေ့ပူဇော်ပွဲတွင် ဟောကြားအပ်သော တရားတော်)

၂။ **တရားဆောင်သူ တို့ အကြောင်း**
(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၁- နှစ်ပြည့် မွေးနေ့ပူဇော်ပွဲတွင် ဟောကြားအပ်သော တရားတော်)

၃။ **ဝေဒနာကို သည်းခံခြင်း**
(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ လွန်တော်မူသည့် အန္တိမစျာပန သာဓုကီဠနပူဇာပွဲတွင် ဟောကြားအပ်သော တရားတော်)

၄။ **မမေ့အပ်သော လေးနေရာ**
(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၃- နှစ် မွေးနေ့ အထိမ်းအမှတ် ပူဇော်ပွဲတွင် ဟောကြား အပ်သော တရားတော်)

၅။ **ပညာရှိတာစဆူ ကို မှ ဇော်ခြင်း**
(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၄-
နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ပူဇော်ပွဲတွင် ဟောကြား
အပ်သော တရားတော်)

၆။ **သံဃာ့ဂုဏ်ရည်**
(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အမေရိကန်နိုင်ငံသို့
ဓမ္မဒူတခရီး ကြွတော်မူခိုက် အမေရိကန်နိုင်ငံတွင်
ရွှေဟင်္သာဆရာတော်ဘုရားကြီးအား ပူဇော်ပွဲ၌ ဟောကြား
အပ်သော တရားတော်) တို့ ဖြစ်ကြပါသည်။

## ရှာဖွေတင်ပြ နာမဝ

အထက်ပါတရားတော်များကို ဟောကြားရန်အတွက် သီတဂူဆရာတော်ဘုရားသည် နိကာယ်အရပ်ရပ်, ပိဋကတ်အဖုံဖုံ, သုတ္တန်အထွေထွေ, ဇာတ်တော်အစုစု, ဝတ္ထုအမျိုးမျိုးတို့မှ ထုတ်နှုတ်လျက် ရှာရှာဖွေဖွေ တင်ပြပူဇော် ဂုဏ်ပြုထားခြင်း ဖြစ်ပါသည်၊

ဤသို့ ရှာရှာဖွေဖွေ စနစ်တကျ တင်ပြဟောကြား ချီးကျူးပူဇော် အပ်ခြင်းကြောင့်ပင် ဤတရားတော်များကို နာကြားရသူတိုင်းက ကြားနာမဝ, ကြည်နူးမဆုံး ဖြစ်ကြရပါသည်၊

## အချိန်တိုတောင်း မပျောက်ကောင်း

သို့သော်...

အချိန်ကာလ၏ တိုက်စား ရွေ့လျားမှုအရ နှစ်ပေါင်းများစွာပင် မကြာမြင့်သေးသော်ငြား ဤတရားတော်များကို ရှာဖွေရ ခက်ခဲစပြုနေပေပြီ၊ စင်စစ်...

- ❖ ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူး တို့သည် ဤမျှလောက်သော နှစ်ကာလမျှဖြင့် မတိမ်ကော, မပ, ပျောက် စကောင်းချေ၊
- ❖ ထို့ပြင် သီတဂူဆရာတော်ဘုရား၏ ဟောကြားချက် တရားတော်များသည်လည်း လေလှိုင်းများကြားတွင်ပင် အချိန်တိုအတွင်း မပျောက်ကွယ်, မပျက်စီး မဆုံးရှုံး စကောင်းပေ။

## နှုတ်တစ်ရာ စာတစ်လုံး

နှုတ်မှ စကားလုံးပေါင်း တစ်ရာတို့ကို ''စာ'' တစ်လုံးဖြင့် မှတ်တမ်း တင်သင့်သည်။ ''စာလုံးပေါင်းတစ်သောင်း'' ကိုမူ ''ရုပ်ပုံ, ဓါတ်ပုံ, ပန်းချီကား'' ကောင်းကောင်း တစ်ချပ်ဖြင့် မှတ်တမ်းတင်သင့်သည်။ (နှုတ်တစ်ရာ, စာတစ်လုံး၊ စာတစ်သောင်း, ရုပ်ကောင်းတစ်ခု) ဟူသော စကားအရ ပျောက်ပျက်သွားခဲ့သည်ရှိသော် အလွန်နှမြောဖွယ်ရာ ကောင်းလှသည့် ဤဟောကြားချက် တရားတော်များကို စာရေးသူက ကူးယူ, ရေးသား, ပြင်ဆင်, တည်းဖြတ်, မှတ်တမ်းတင်

လိုက်ရခြင်း ဖြစ်ပါသည်၊ ယခုကဲ့သို့ စာအုပ်အဖြစ် မှတ်တမ်းတင်လိုက်သည့် အတွက်ကြောင့် ရွှေဟင်္သာဆရာတော် ဘုရားကြီး၏ တပည့်သာဝကများ အနေနှင့် ကြည်နူးကျေနပ်ကြမှာ ဖြစ်သလို သီတဂူစာဖတ်ပရိသတ် အနေနှင့်လည်း အားရ ဝမ်းမြောက်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်၊

## မူရင်းထုတ်ပြန် ဤသုတ္တန်

ဤ မမေ့အပ်သော(၄)နေရာ တရားတော်၏ မူရင်းပဓာနသုတ္တန်မှာ သုတ္တန်ပိဋကတ် ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော်၌ လာရှိသည့် မဟာပရိနိဗ္ဗာနသုတ်တော်ကြီး အတွင်းမှ စာကြောင်းရေ (၂၀)မျှလောက်သာ ရှိသည့် သုတ္တန်အတိုလေးတစ်ပုဒ် ဖြစ်ပါသည်။ (အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်တွင်လည်း ဤသုတ္တန် ပါဝင်ပါသေးသည်။) သီတဂူဆရာတော်သည် ဤသုတ္တန်တိုလေးကိုပင် ဖွင့်ဆိုရှင်းလင်းဟောပြခြင်း ဖြစ်ပါသည်။

## များလှ အဓိပ္ပါယ် အသွယ်သွယ်

သီတဂူဆရာတော်ဘုရားသည် တရားတော်ကို ဆန်းကြယ်စွာ, ရှင်းလင်းစွာ, ပီပြင်ပြတ်သားစွာဖြင့် နည်းမျိုးစုံ ရှုထောင့်ပေါင်းစုံမှ ဟောပြောပြသတတ်သူပီပီ ဤသုတ္တန်တိုလေးကိုပင် သီတဂူဆရာတော်ဘုရား၏ ဟောကြားချက်တရားတော်တွင်မူ... ခန္ဓာကိုယ်နှင့် ဂုဏ်တို့၏ ဖြစ်တည်မှုကွာခြားပုံအကြောင်း, စိတ်၏ စွမ်းရည်သတ္တိမှ ဂုဏ်ကျေးဇူး

များ ဖြစ်လာရကြောင်း, စိတ်စွမ်းရည် ထက်စေရန် စိတ်တွင် ချေးမတက်ဖို့ လိုအပ်ကြောင်း, ဘဝသမိုင်း မရိုင်းစေရန် ကောင်းသော မှတ်တိုင်များကိုသာ စိုက်ထူကြစေလိုကြောင်း, ကုသိနာရုံ အင်ကြင်းရဂုံ၌ အရှင်အာနန္ဒာ ငိုကြွေးခြင်းကို အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်ပါသော်လည်း မြတ်ဗုဒ္ဓအမှတ်နှင့် ကိုးကွယ်ရမည့် အရာဌာန (၄)ခုရှိသည့်အကြောင်း, အိန္ဒိယမှာ သာသနာ ကွယ်ခြင်းအကြောင်း,

ဗုဒ္ဓမြတ်စွာ (၇)ကြိမ်တိုင်တိုင် ခေါင်းချခဲ့သည့် နေရာလေးအကြောင်း, ကမ္ဘာမြေကြီး ပျက်စီးသော်လည်း မိမိသန္တာန်၌ သဒ္ဓါတရား မပျက် စီးအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့လိုကြောင်း, စသဖြင့် ဖွင့်ဆိုရှင်းလင်း ဟောပြတော်မူသွားသည်မှာ သီတဂူဆရာတော်ဘုရား၏ ဓမ္မစွမ်းအင် များကို ပြက်ပြက်ထင်ထင် သိမြင်ကြည်ညိုနိုင်ကြမည့်အပြင် ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော် ဘုရားကြီး၏ ဂုဏ်တော်အဝဝကိုလည်း ကြည်ညိုနိုင်ကြမည် ဖြစ်ပါသည်။

ဤစာအုပ်၌ နောက်ဆက်တွဲ အဖြစ်ဖြင့် စစ်ကိုင်းတောင်ရိုး ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီး ၁၃၄၆–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့မှ စတင်၍ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာနှင့်တကွ သံဝေဇနိယ (၄)ဌာနသို့ ဘုရားဖူးခရီး ကြွသွားတော်မူခဲ့ရာ ယင်းခရီးသွားမှတ်တမ်းကို ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရေးသားမှတ်တမ်းတင်ထားသည့် စာမူကိုပါ ပူးတွဲ တင်ပြလိုက်ခြင်းဖြင့် စာဖတ်သူအားလုံးလည်း ဗုဒ္ဓဂယာနှင့် သံဝေဇနိယ(၄)ဌာနသို့ ဘုရားဖူးခရီးအတွေ့အကြုံများကို ခံစားသိရှိနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

## တောင်းပန်စကား နှင့် ကျေးဇူးတင်မှတ်တမ်း

ဤစာအုပ် ထွက်ရှိနိုင်ရေးအတွက် အခက်အခဲပေါင်း များစွာ ကြားမှ ကြိုးစားရခြင်း ဖြစ်ပါသဖြင့် အမှားအယွင်း ရှိပါက ခွင့်ပြုတော်မူကြပါရန် တောင်းပန်စကား ပြောကြားအပ်ပါသည်။ ဤတရားတော် စာအုပ် ရိုက်နှိပ် ခွင့်ပြုတော်မူသည့် သီတဂူ ဆရာတော်ဘုရားအား၄င်း, မူကြမ်း ရေးကူးပေးသည့် အရှင်ပညာဇောတ (ဓမ္မာစရိယတန်း၊ ဆွမ်းချက်၊ ရွှေစေတီ) စာအုပ်ဖြစ်အောင် ဆောင်ရွက်ပေးသည့် အရှင်တေဇာနန္ဒ (ဓမ္မာစရိယ၊ရန်ကုန်)နှင့် စာမူပရူဖတ်ပေးသည့် ကဗျာဆရာမင်းသက်မှူး တို့အား အထူး ကျေးဇူးတင်ရှိ ပါကြောင်း မှတ်တမ်းတင် အပ်ပါသည်။

အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟသ်ာ)

သက္ကျသီဟ သာမဏေကျော်၊ ဓမ္မာစရိယ၊ သိရီပဝရဓမ္မာစရိယ၊
ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ မဇ္ဈိမနိကာယဝိဒူ
(၂၇-၁-၂၀၀၀)

များ ဖြစ်လာရကြောင်း, စိတ်ဓွမ်းရည် ထက်စေရန် စိတ်တွင် ချေးမတက်ဖို့ လိုအပ်ကြောင်း, ဘ၀သမိုင်း မရိုင်းစေရန် ကောင်းသော မှတ်တိုင် များကိုသာ စိုက်ထူကြစေလိုကြောင်း, ကုသိနာရုံ အင်ကြင်းရဂုံ၌ အရှင်အာနန္ဒာ ငိုကြွေးခြင်းကို အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံဝင်ပါသော်လည်း မြတ်ဗုဒ္ဓအမှတ်နှင့် ကိုးကွယ်ရမည့် အရာဌာန (၄)ခုရှိသည့်အကြောင်း, အိန္ဒိယမှာ သာသနာ ကွယ်ခြင်းအကြောင်း.

ဗုဒ္ဓမြတ်စွာ (၇)ကြိမ်တိုင်တိုင် ခေါင်းချခဲ့သည့် နေရာလေး အကြောင်း, ကမ္ဘာမြေကြီး ပျက်စီးသော်လည်း မိမိသန္တာန်၌ သဒ္ဓါတရား မပျက် စီးအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့လိုကြောင်း. စသဖြင့် ဖွင့်ဆိုရှင်းလင်း ဟောပြတော်မူသွားသည်မှာ သီတဂူဆရာတော်ဘုရား၏ ဓမ္မစွမ်းအင် များကို ပြက်ပြက်ထင်ထင် သိမြင်ကြည်ညိုနိုင်ကြမည့်အပြင် ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော် ဘုရားကြီး၏ ဂုဏ်တော်အဝဝ ကိုလည်း ကြည်ညိုနိုင်ကြမည် ဖြစ်ပါသည်။

ဤစာအုပ်၌ နောက်ဆက်တွဲ အဖြစ်ဖြင့် စစ်ကိုင်းတောင်ရိုး ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီး ၁၃၄၆–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့မှ စတင်၍ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာနှင့် တကွ သံဝေဇနီယ (၄)ဌာနသို့ ဘုရားဖူးခရီး ကြွသွားတော်မူခဲ့ရာ ယင်းခရီးသွားမှတ်တမ်းကို ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရေးသားမှတ်တမ်းတင်ထားသည့် စာမူကိုပါ ပူးတွဲ တင်ပြလိုက်ခြင်းဖြင့် စာဖတ်သူအားလုံးလည်း ဗုဒ္ဓဂယာနှင့် သံဝေဇနီယ(၄)ဌာနသို့ ဘုရားဖူး ခရီးအတွေ့အကြုံများကို ခံစားသိရှိနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

## တောင်းပန်စကား နှင့် ကျေးဇူးတင်မှတ်တမ်း

ဤစာအုပ် ထွက်ရှိနိုင်ရေးအတွက် အခက်အခဲပေါင်း များစွာ ကြားမှ ကြိုးစားရခြင်း ဖြစ်ပါသဖြင့် အမှားအယွင်း ရှိပါက ခွင့်ပြုတော်မူကြပါရန် တောင်းပန်စကား ပြောကြားအပ်ပါသည်။ ဤတရားတော် စာအုပ် ရိုက်နှိပ် ခွင့်ပြုတော်မူသည့် သီတဂူ ဆရာတော်ဘုရားအားငှင်း. မူကြပ်း ရေးကူးပေးသည့် အရှင်ပညာဇောတ (ဓမ္မာစရိယတန်း၊ ဆွမ်းချက်၊ ရွှေစေတီ) စာအုပ်ဖြစ်အောင် ဆောင်ရွက်ပေးသည့် အရှင်ပေ‌ဟာနန္ဒ (ဓမ္မာစရိယ၊ရန်ကုန်)နှင့် စာမူပရုဖတ်ပေးသည့် ကပ္ပာဆရာမင်းသက်မှူး တို့အား အထူး ကျေးဇူးတင်ရှိ ပါကြောင်း မှတ်တမ်းတင် အပ်ပါသည်။

### အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟင်္သာ)

သကျသီဟ သာမဏေကျော်၊ ဓမ္မာစရိယ၊ သိရီပဝရဓမ္မာစရိယ၊
ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ မဇ္ဈိမနိကာယဝိဒူ
(၂၇-၁-၂၀၀၀)



## တရားဖွင့်ပြီ မေတ္တာစည်

မေတ္တာနိဿကရော လောကေ၊
သမ္မာ ဘာဝတု သုခ်ကရော။
မေတ္တာသီတလ ရံသီဟိ၊
သုခန္တု ဖုသိတာ ပဇာ။

လောကေ၊ သတ္တဝါအလီလီ, နိုမိုပေါလတ်, လောကဓာတ်ကမ္ဘာအတွင်း၌။ မေတ္တာနိဿကရော၊ မေတ္တာအေးလူ, ဖွေးဖြူပဝင်း, ငွေလမင်းကြီးသည်။ သမ္မာ၊ သတ္တဝါတစ်တွေ, အေးမြဧဟု, အသရေရွှန်းကာ ကောင်းမွန်စွာ။ သုခ်ကရော၊ သူလည်းဝမ်းသာ, ငါလည်းရွှင်ပြုး နှလုံးစိတ်ဝမ်း, လန်းလာယခု, ချမ်းသာကိုပြုလျက်။ ဘာဝတု၊ ရန်လည်းကင်းဝေး, ဘေးလည်းမခ, အအေးရဖို့, ရွှန်းမြအသရေ ထွန်းပပါစေ သတည်း။

မေတ္တာသီတလရံသီဟိ၊ မေတ္တာဖွေးလျှပ်, အအေးဓာတ်ဆောင်သည့်, အရောင်အဝါတို့ဖြင့်။ မေတ္တာသီတလရံသီဟိ၊ မေတ္တာဖွေးလျှပ်, အအေးဓာတ်ဆောင်သည့်, အရောင်အဝါတို့သည်။ ဖုသိတာ၊ အဖုံဖုံလွှမ်း. ထုံးမွှမ်းမလပ်, တွေ့ထိအပ်ကုန်သော။ ပဇာ၊ ကမ္ဘာ့ခေတ်ပွေ့, အပြည့်ပြည့်၌. တည်နေများစွာ. သတ္တဝါတို့သည်။ သုခန္တူ၊ ကိုယ်စိတ်အေးကာ, ဘေးရန်ကွာ၍, ဝမ်းသာတကွ, ချမ်းသာကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



အားလုံးသော တရားချစ်ခင် သူတော်စင်များ, သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာမှာ ရှိကြတဲ့ အနန္တသတ္တဝါတွေ ဘေးရန်ကင်းကြစေဖို့ ဆင်းရဲကင်းကြစေဖို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြစေဖို့ မေတ္တာဓာတ်တွေ ပို့လွှတ်ကြရအောင်...

- ❋ ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- ❋ မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- ❋ မေတ္တာရန်သူ၊ ဒေါသမူ၊ အပူကင်းပါစေ။
- ❋ မေတ္တာရေစမ်း၊ ကိုယ်စီဖြန်း၊ အေးချမ်းကြပါစေ။
- ❋ ခန္တီ၏ရန်၊ ဒေါသမာန်၊ တွန်းလှန်နိုင်ပါစေ။
- ❋ တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ။

## ထေရပူဇာပွဲ စတင်ခြင်း

၁၃၅၈–ခုနှစ်၊ နတ်တော်လဆန်း(၇)ရက် ညချမ်းကာလ (၇)နာရီ (၁၅)မိနစ် အချိန်မှ စ. တင်၍ စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်ကျောင်းတိုက်အတွင်းမှာ ဆင်ယင်ကျင်းပတဲ့ ရွှေကျင်နိကာယ သမ္မုတိ သံဃရာဇာ သာသနာပိုင်ဖြစ်တော်တဲ့ ရွှေဟသ်ာဆရာတော်ဘုရားကြီးရဲ့ သက်တော်(၁၀၃)နှစ်မြောက် အထိမ်းအမှတ် ဝိဇာယနပူဇာဆိုတဲ့ ထေရပူဇာ ဓမ္မသဘင်ကို ယခုအခါ မေတ္တာအာသီသ မေတ္တာပတ္ထနာနဲ့ စ. တင် ဖွင့်လှစ်ပါပြီ။

ဓမ္မသဘင်ပွဲ အားခဲ၍ လာခဲ့ကြသော တရားချစ်ခင် သူတော်စင်အပေါင်းတို့နှင့်တကွ သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာ, အနန္တစကြဝဠာမှာ ရှိကြကုန်သော အနန္တသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ. ဆင်းရဲ ကင်းကြပါစေ, ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ မေတ္တာစာတ်တွေ ဖြန့်ဝေပြီးတော့ ဓမ္မသဘင်ကို စ. တင် ဖွင့်လှစ်ပါပြီ။

ဆရာတော်ကြီးရဲ့ ဝိဇာယနပူဇာ ဓမ္မသဘင်ပွဲကို ဘုန်းကြီးတို့ နှစ်တော်တော်များများ ဒီ တရားနာပရိသတ်ကို ဒီ ရွှေဟသ်ာကျောင်းတိုက်ထဲမှာ ဟောပြီးတော့ လာခဲ့တာ။ အခုလည်းပဲ ဆက်လက်ပြီးတော့ ဘုန်းကြီးတို့ ဆရာတော်ကြီးရဲ့ ဝိဇာယနပူဇာပွဲ ထေရပူဇာ အာစရိယဂုဏပူဇာပွဲပေါ့လေ။ ပူဇော်စရာတွေ များစွာ။ ကောင်းကင်မှာ ရှိနေတဲ့ ကြယ်တာရာတွေကို ရေတွက်ကြည့်လို့ရှိရင် အဲဒီ ကြယ်တာရာတွေ ကုန်အောင် ဘယ်လိုမှ ဘယ်သူမှ မရေတွက်နိုင်ဘူး။ ဘယ်လိုမှလည်း ရေတွက်လို့ ရမှာမဟုတ်ပါဘူး။

## ကမ္ဘာကုန်ဆုံး တည်စေဦး

အဲဒီလိုပါပဲ...ဆရာတော်ကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို တစ်, နှစ်, သုံး, လို့ ဂဏန်းနဲ့ ရေတွက်လို့ရှိရင် ဘယ်သူမှ ရေတွက်ခြင်းငှါ မတတ်နိုင်ပါဘူး။

ကောင်းကင်က ကြယ်တာရာများ အာကာသတစ်ခွင်မှာ ပြန့်လွှမ်းပြီးတော့ နေသလို ဆရာတော်ကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေလည်း သာသနာအဝှမ်း နိုင်ငံအဝှမ်းမှာ ဖြန့်လွှမ်းလျက် ဒီကနေ့တိုင် ရှိနေဆဲပါ။ နောင်လည်း ဒီလိုပဲ ဖြန့်လွှမ်းပြီး ရှိနေဦးမှာပါပဲ။

အဲဒါကြောင့် မရေနိုင် မတွက်နိုင်တဲ့ ကောင်းကင်မှာ ပြည့်ပြွမ်းတဲ့ ကြယ်တာရာတမျှ မြန်မာမှာရော ကမ္ဘာမှာပါ သာသနာတစ်ဝှမ်း ပြည့်ပြွမ်းတဲ့ ဆရာတော်ဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို ပူဇော်ရတဲ့ပွဲမှာ ဘုန်းကြီးတို့ ဒီကနေ့ ပါဝင်ပြီးတော့ ဓမ္မဖြင့် ပူဇော်ခွင့်ရလိုက်တဲ့အတွက် ဘုန်းကြီးတို့ ဝမ်းမြောက်တယ်လို့တော့ မဆိုလိုဘူးပေါ့လေ၊ အခွင့်အရေး တစ်ခု ရလိုက်တာအတွက်တော့ အဲဒါကိုပဲ ဘုန်းကြီးတို့ တစ်နည်းအားဖြင့်တော့ ကျေနပ်ရမှာပါ။

ဝမ်းမြောက်တယ်လို့ မဆိုလိုက်ရတာက ဝိဇာယနပူဇာပွဲ ဆိုပေမယ့် ဆရာတော်ကြီးက ကွယ်တော်မူသွားပြီဖြစ်တဲ့ အတွက်ကြောင့် ဘုန်းကြီးတို့က ဒါ ဝမ်းမမြောက်နိုင်တဲ့ကိစ္စပါ။ ပူဇော်ခွင့်ကတော့ ဘုန်းကြီးတို့ အသက်ရှင်သမျှကာလပတ်လုံး ရနေမှာပါပဲ။ ရနေတဲ့ အခွင့်အရေးကို ဘုန်းကြီးတို့ကလည်းပဲ ယူနေမှာပါပဲ။ အဲဒီတော့...ဒီကနေ့ အားလုံးသော သူတော်ကောင်းတွေကို ဘုန်းကြီးတို့ ပြောကြားလိုတဲ့ အချက်များကတော့

ဆရာတော်ဘုရားကြီး လွန်သွားပြီ ကွယ်သွားပြီ ဆိုပေမယ့် ဂုဏ်တော်ကျေးဇူးတော်တွေဟာ ကမ္ဘာဆုံးသည့်တိုင်အောင် တည်နေဦးမှာဆိုတဲ့ အကြောင်းကို သက်သေထူပြမှာပါ။

## ခန္ဓာနဲ့ ဂုဏ် ကွာခြားပုံ

''သရီရ ဆိုတဲ့ ခန္ဓာကိုယ်ဟာ ခဏအတွင်း ပျက်စီးသွားပေမယ့် ဂုဏာဆိုတဲ့ ဂုဏ်ကျေးဇူးတွေကတော့ ခဏနဲ့မပျက်ဘူး၊ ကမ္ဘာဆုံးအောင် တည်တတ်တယ်'' ဆိုတာကို ဆရာတော်ဘုရားကြီးပဲ ရေးသားတော်မူတဲ့ ''စာဏက္ကျနီတိ'' ဆိုတဲ့ စာအုပ်ထဲမှာ ပါတယ်။

သရီရဿ ဂုဏာနဉ္စ၊
ဒူရ မစ္စန္တ မန္တရံ။
သရီရံ ခဏဝိဒ္ဓံသီ၊
ဂုဏာ တု ကပ္ပဋ္ဌိတိယော။

စာဏက္ကျ ပုဏ္ဏားရေးတဲ့နီတိ၊ နီတိပေါင်းများစွာရှိတဲ့ အထဲက ရာဇနီတိ တို့, မေ့နီတိ တို့, စသဖြင့်ရှိတဲ့အထဲမှာ အခုပြောတာ ဘာတဲ့လဲ။? စာဏက္ကျနီတိ နော်။ အဲဒီလို နီတိတွေထဲမှာ နီတိဆိုတာ လမ်းညွှန် လို့ အဓိပ္ပါယ်ရတယ်။

လူသားတွေကို ဘဝလမ်းကြောင်း ဖြောင့်စေဖို့ ညွှန်ပေးတဲ့ ကျမ်းတစ်စောင်ကို ဆရာတော်ဘုရားကြီးက စာဏက္ကျနီတိ ဆိုပြီးတော့ ကျမ်းတစ်ဆူ ပြုစုထားတယ်၊ သက္ကတကနေ ဘာသာပြန်ပြီးတော့ ရေးသားထားတယ်။ အဲဒီ ကျမ်းထဲမှာ...

သရီရဿ ဂုဏာနဉ္စ၊
ဒူရ မစ္စန္တ မန္တရံ။
သရီရ ခဏဝိဒ္ဓံသီ၊
ဂုဏာ တု ကပ္ပဋ္ဌိတိယော။

သရီရဿ၊ ရုပ် ဝေဒနာ သညာသင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးခုဖြင့် တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ကြီး၏ (ဝါ) သရီရဿ၊ ရုပ်နှစ်ဆယ့်ရှစ်ပါးတို့ဖြင့် ဖွဲ့စည်းထားတဲ့ ရူပက္ခန္ဓာကိုယ်ကြီး၏ လည်းကောင်း။ ဂုဏာနဉ္စ၊ ကိုယ်ကိုမှီ၍ ဖြစ်လာကြတဲ့ ဂုဏ်ကျေးဇူးတို့၏ လည်းကောင်း။ အန္တရံ၊ ခြားနားမှုသည်။ အစ္စန္တံ (ကေဝလံ)၊ စင်စစ်အားဖြင့်။ (ဝါ) တကယ်အားဖြင့်။ ဒူရံ၊ ဝေးကွာလှပါပေတယ်။

သရီရ ဂုဏာ
ဂုဏ်နဲ့ ကိုယ်, ကိုယ် နဲ့ ဂုဏ်,
ဒီနှစ်ခုဟာ အငွဲလိုက်နေတော့ နေတာပဲ။

ဂုဏ်ကျေးဇူးဆိုတာ ဒီကိုယ်ကို မှီပြီးတော့ ဖြစ်တာ။ ကိုယ်မရှိဘဲနဲ့လည်းပဲ ဂုဏ်ကတော့ ဖြစ်လို့မရဘူး။ ကိုယ်ကတော့ နှစ်မျိုးပေါ့။

နာမကာယ ဆိုတဲ့ ကိုယ်က တစ်မျိုး၊
ရူပကာယဆိုတဲ့ ကိုယ်က တစ်မျိုး။

အဲဒီ ရူပကာယဆိုတဲ့ ကိုယ်နဲ့ နာမကာယဆိုတဲ့ ကိုယ် ဒီကိုယ်နှစ်ခု ပေါင်းနေတဲ့ အပေါ်မှာမှ ဘာတွေဖြစ်တုန်း ဆိုတော့ ဂုဏ်ကျေးဇူး ဖြစ်တာ၊ ကိုယ်မရှိဘဲနဲ့ ဂုဏ်ဖြစ်လို့ မရဘူး။ ဂုဏ်ကျေးဇူးတွေဟာ ကိုယ်မှာ တည်မှီပြီးတော့ ဖြစ်ကြတာ။

## စိတ်စွမ်းရည်မှ ဂုဏ်ဖြစ်ရ

တစ်နည်းဆိုရင်တော့... ''အဲဒါတွေ အကုန်လုံးဟာ (ပရိသတ်ရေ) စိတ်စွမ်းရည်တွေပဲ'' လို့ ဒီလို မှတ်ရပယ်။

ဂုဏ်ကျေးဇူးဆိုတာ ဘာလဲဆိုရင် စိတ်ရဲ့စွမ်းရည်တွေပဲ။

စိတ်ရဲ့စွမ်းရည်အားကောင်းတဲ့ ပုဂ္ဂိုလ်ဟာ ဂုဏ်ကျေးဇူး များတာ၊ စိတ်ဓာတ်စွမ်းအားနည်းတဲ့ပုဂ္ဂိုလ်ဟာ ဂုဏ်ကျေးဇူးမကျန်ဘူး။ အဲဒါကြောင့် အားလုံးသော သူတော်ကောင်းတွေ စိတ်ဓာတ်ရဲ့ စွမ်းရည်ကို မြှင့်ပေးရမယ်။ စိတ်ဓာတ်ရဲ့ စွမ်းရည်တွေ မြင့်လာစေဖို့ရန်ကတော့...

အဲဒီ စွမ်းရည်တွေကို တုံးသွားစေတဲ့ ကိလေသာတွေကို ခွာနိုင်မှ စိတ်စွမ်းရည်မြင့်တာ။ စိတ်ရဲ့စွမ်းအား... အဲဒီ စွမ်းအားတွေကို တုံးသွားစေတဲ့ ဆန့်ကျင်ဘက် အရာဝတ္ထုကတော့ အလွန်ထက်မြက်တဲ့ လှံသွားတို့ ဓားသွားတို့မှာ ထက်မြက်စူးရှမှုတွေကို တုံးစေတာဟာ ဘာလဲဆိုရင် သံချေးပဲ။ သံချေးတက်ရင် ဓားသွား၊ လှံသွား တုံးရတယ်။

အဲဒါလိုပဲ စိတ်စွမ်းအားတွေဟာ ဘယ်အခါတုံးသလဲဆိုရင် ကိလေသာ ဖုံးတဲ့အခါ ကိလေသာလွှမ်းတဲ့အခါ စိတ်စွမ်းအားတွေ တုံးသွားတယ်။ စိတ်စွမ်းအား တုံးပြီဆိုလို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ ဂုဏ်ကျေးဇူး မပေါ်တော့ဘူး။ ဂုဏ်ကျေးဇူးတွေ ပေါ်လာအောင် မလုပ်နိုင်တော့ဘူး။

စိတ်စွမ်းရည်မှာတည်နေတဲ့ ဂုဏ်ကျေးဇူးတွေ အဲဒါ တုံးသွားပြီ။ စွမ်းရည်တုံးသွားပြီ ဆိုရင် ဂုဏ်ကျေးဇူးတွေ ပေါ်မလာတဲ့ အတွက်ကြောင့် အဲဒီပုဂ္ဂိုလ်အတွက် သမိုင်းမှာ မှတ်တမ်းထိုးစရာ ရှာမရဘူး။

အဲဒါကြောင့်...

အားလုံးသော အမျိုးကောင်းသားတွေ၊ အထူးသဖြင့်တော့ စစ်ကိုင်းတောင်ရိုးဆိုတော့ အခု အမျိုးကောင်းသမီးတွေပဲ အားလုံး ချီတက်လာကြတယ်၊ အမျိုးကောင်းသမီးတွေကိုလည်း တိုက်တွန်းရမှာပဲ၊

စိတ်စွမ်းရည် မတုံးကြစေနဲ့။

## သံချေးမတက် စွမ်းရည်ထက်

စိတ်စွမ်းရည်ကို တုံးစေတဲ့ ကိလေသာ၊ စိတ်ထဲကို အငင်မခံဘဲ အေး...ဟိုဓားသွား လှံသွားများ သံချေးတက်သလို စိတ်မှာ ချေးမတက်ဘူးဆိုရင်ပေ့ါလေ၊ အားလုံး (ဘာဖြစ်လဲ၊?) စိတ်စွမ်းရည်တွေ တက်ပြီးတော့ ထက်မြက်တဲ့ စိတ်စွမ်းရည်က အဲဒါ တစ်ခုခုကို သူက လုပ်ထားနိုင်ခဲ့တဲ့ ခွန်အားရှိတယ်။

တစ်နည်းပြောရရင် အဲဒါကို ( Power ) ပါဝါ ပေ့ါဗျာ၊ ဖန်ဆင်းနိုင်တဲ့ စွမ်းအားတွေ ဖြစ်လာတယ်။ အဲဒီ ဖန်ဆင်းနိုင်တဲ့ စွမ်းအားတွေရှိလို့ တည်ဆောက်နိုင်တဲ့ စွမ်းအားတွေရှိခဲ့ရင် တစ်ခုခုကို တည်ဆောက် အားပေးခဲ့ရင် အဲဒီပုဂ္ဂိုလ်ကို သမိုင်းက ချေလို့ ဖျက်လို့ ဖျောက်လို့ကို မရဘူး။ သမိုင်းမှာ မှတ်တမ်းကောင်း ကျန်ရစ်မယ်ပေ့ါ။

အဲဒီတော့ လူ့ရဲ့ခန္ဓာမှာ ခုနက ပြောခဲ့တဲ့ ဂုဏ်ကျေးဇူးတွေက တည်၍ မှီ၍ ဖြစ်ကြတာဆိုတော့ ဒီခန္ဓာကိုယ်မှာ စွမ်းရည်သတ္တိနည်းရင် ဂုဏ်ကျေးဇူးတွေ မပေါ်လာဘူးလို့ ဆိုတော့ အားလုံးသော သူတော်ကောင်းတွေ ဘာ အရေးကြီးသလဲဆိုရင် မိမိတို့ရဲ့ စိတ် စေတသိက်

ရုပ်တွေအပေါ်မှာ ခေါသွား, လုံသွား ချေးမတက်အောင် အမြဲတမ်း သွေး, သ, ပြီးတော့ ဆီလေး ဘာလေးနဲ့ ပွတ်ပေးရသလိုပဲ တဲ့။

မိမိတို့ရဲ့ ကိုယ်, နှုတ်, စိတ်, သုံးပါးရဲ့ အစွမ်းတွေကို ထက်အောင် မြတ်ဗုဒ္ဓရဲ့ သီလ ဆိုတဲ့ ကျောက်တုံးပေါ်မှာ သမာဓိဆိုတဲ့ ကျောက်တုံး ပေါ်မှာ ပညာဆိုတဲ့ ကျောက်တုံးပေါ်မှာ ဒီ ကိုယ် နှုတ် စိတ်တွေကို (ဘာလုပ်ရမလဲ။?) အမြဲတမ်း သွေး သွေး ထားရမယ်။

## ဘဝသမိုင်း မရိုင်းစေရန်

အဲဒီလို သွေးထားလို့ ထက်လာပြီ ဆိုလို့ရှိရင် သူသည် တစ်ခုခုကို ဖန်ဆင်းတော့မှာ၊ ဒီ လူ့ခန္ဓာကိုယ်ကြီးက နှစ်တစ်ရာအတွင်း ပျက်စီး သွားပေမယ့် သူ ဖန်ဆင်းထားခဲ့တဲ့ ဂုဏ်ကျေးဇူးတွေဟာ ကမ္ဘာဆုံးတဲ့ အထိ ကျန်ရစ်ပြီဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့ ဘဝသမိုင်းဟာ သမိုင်းကြောင်း အလွန်ကောင်းပြီ တဲ့။

သမိုင်းထဲကနေ ဘယ်သူကမှ သူ့ကို ဖယ်ထုတ်လို့ မရတော့ဘူး၊ ဒါမျိုးကို ဘုန်းကြီးတို့ ရည်ညွှန်းပြီးတော့ ဘုန်းကြီးတို့ အစီအမံထားတာ လေး ရှိတယ်။

ဟိုနား ဒီနားမှာ အထူးသဖြင့်တော့ ပြက္ခဒိန်တို့ စာအုပ်တို့ ထဲမှာ ရိုက်ထည့်ပေးလိုက်တာလေးတွေရှိတယ်။ သတိပြုမိတဲ့ပုဂ္ဂိုလ်တွေ ရကောင်း ရမှာပေ့ါ။

"ငါတို့ဖြစ်ရ၊ ဤလောကဝယ်၊
ဘဝသမိုင်း၊ မရိုင်းစေရန်"

ဘ၀သမိုင်းမှာ ရိုင်းရိုင်းကြီး မှတ်တမ်းတင်ခံရရင် ဘယ့်နှယ်လုပ်ကောင်းနိုင်မှာတုန်း။

ဥပမာအားဖြင့် ဆိုဗီယက်ယူနီယံက စတာလင် တို့ လီနင်တို့ ဆိုတဲ့ ပုဂ္ဂိုလ်တွေ ဟုတ်လား၊ အခု ကမ္ဘောဒီးယားမှာ သေပြီလား မသေဘူးလားတော့ မသိဘူး၊ ပေါ့နဲ့ ဆိုတဲ့ ပုဂ္ဂိုလ်တို့တွေ သူတို့ရဲ့ ဘ၀သမိုင်းကို ဘယ်လို ရေးမလဲ။?

ဘ၀သမိုင်း, မရိုင်းစေရန်, စိတ်မန်မချ။

စိတ် ဆိုတာနဲ့ မန် ဆိုတာနဲ့ အဓိပ္ပါယ် အတူတူပဲ၊ မန် ဆိုတဲ့ စာလုံးကို မန ဆိုတဲ့ ပုဒ်ကနေ ယူတယ်ဆိုတာလေးတော့ ကွဲကွဲပြားပြား ခွဲခြားမှတ်သားစေချင်ပါတယ်။ မာန ပုဒ်ကနေရေးတဲ့ မာန်မျိုး မဟုတ်ပါဘူး။ မန ဆိုတဲ့ ပုဒ်ကနေ ရေးယူတဲ့ မန် လို့ အဲဒီလိုလေး ကွဲကွဲပြားပြား သိထားစေချင်ပါတယ်။

မန ဆိုရင် စိတ်ပဲ၊ မနတိ ဇာနာတီတိ ကိုး၊ သိတတ်တဲ့ သဘော၊ အသိပေါ့၊ အဲဒီတော့ စိတ် နဲ့ မန နဲ့ အဓိပ္ပါယ် အတူတူပဲ။ စိတ်ကို ဘာသာပြန်တဲ့အခါမှာ ဆန်းကြယ်သော အသိ၊ မန ဆိုတဲ့ ပုဒ်ကတော့ အသိပဲ၊ ထိုးထွင်းအသိပေါ့။ ဆန်းဆန်းကြယ်ကြယ်လည်း သိမယ်၊ ထိုးထိုး ထွင်းထွင်းလည်း သိမယ်၊ ဒါ စိတ်နဲ့ မနပဲ၊ ဒီနှစ်ပုဒ်က အတူတူပဲ။

မ ကို ရေးချပြီးတော့မှ ဟိုဖက်က န ငယ်လေးနဲ့ မာန ဆိုတဲ့ ပုဒ်ကနေ ပြီးတော့ဖြစ်လာတဲ့ မာန် ဆိုတာမျိုးကတော့ "ငါသာလျှင် အတတ်ဆုံး, အမြတ်ဆုံး, အတော်ဆုံး" ဆိုပြီးတော့ မိမိကို မြှောက်ပြီး

တော့ သူတစ်ပါးတို့ကို နှိမ်တဲ့ စိတ်မျိုးကို မာန ခေါ်တာ။ ဘုန်းကြီးတို့ရဲ့ အစီဌာန်မှာ အဲဒီ မာနမျိုးကို ဆိုလိုတာ မဟုတ်ဘူး တဲ့၊ ဒါကြောင့် နောက်စာလုံးက (ဘာလဲ။?)

စိတ်မန်မချ, မာနမပါ လို့ ရှင်းရှင်းလေး ရေးထားတယ်။

သို့သော် တစ်ခါတစ်ခါ ပုံနှိပ်တိုက်တွေက အမှန်ရေးရင် ရေးချ ပါရမယ် ဆိုပြီးတော့ အကုန်လုံး ရေးချနဲ့ ရေးထုတ်တော့ (ဟုတ်လား) မာန လို့ သွားထင်တယ်၊ မဟုတ်ပါဘူး။ ဘုန်းကြီးတို့ ဆရာတော်ဘုရား ကြီးရဲ့ အနေအထားကို ကြည့် ကြည့်ပါ။ စိတ်ဓါတ်ကတော့ အလွန် ခိုင်တယ်၊ ကြံ့ခိုင်တယ်၊ ဒါပေမယ့် မာန တော့ လုံးလုံးမရှိဘူး။

စိတ်မန်မချ, မာနမပါ,<br>
တို့စွမ်းရာဖြင့်, တို့သာသနာ,<br>
တို့ပြည်ရွာကို, သာယာစေမှု, လုံ့လပြုအံ့။

ဒါ ( Power ) ပါဝါကို ရည်ညွှန်းထားတာ။

## ကောင်းတဲ့မှတ်တိုင် စိုက်ထူနိုင်စေ

အဲဒီတော့ လူပင်သေသွားပေမယ့် အဲဒီ တိုင်းပြည်နဲ့ဘာသာ လူမျိုးနဲ့သာသနာ အတွက်လည်းပဲ မှတ်တိုင်ကြီးတစ်ခု စိုက်ထားခဲ့ပြီ ဆိုလို့ရှိရင် နှစ်တွေ ရာနဲ့, ထောင်နဲ့, သောင်းနဲ့, သိန်းနဲ့ချီ ကြာသွား စေကာမူ အဲဒီဂုဏ်ကို သိတတ်တဲ့ ပုဂ္ဂိုလ်တွေက အဲဒီ ပုဂ္ဂိုလ်ကို ဘယ်တော့မှ မေ့လို့ မရတော့ဘူး။ အဲဒါကို ဆရာတော်ကြီးရဲ့ စာဏကျ နီတိမှာ ရေးတယ်။

သရီရဿ ဂုဏာနဉ္စ၊
ဒူရံ အစ္စန္တ မန္တရံ။
သရီရံ ခဏဝိဒ္ဓံသီ၊
ဂုဏာ တု ကပ္ပဋ္ဌိတိယော။

သရီရဿစ၊ ခန္ဓာကိုယ်၏လည်းကောင်း။ ဂုဏာနဉ္စ၊ ဂုဏ်ကျေးဇူးတို့၏လည်းကောင်း။ အန္တရံ၊ ခြားနားချက်သည်။ အစ္စန္တံ၊ တကယ့်ကိုပဲ။ ဒူရံ၊ ခြားနား၍ နေပါတော့တယ်။

ကိုယ်နဲ့ ဂုဏ်၊ ဂုဏ်နဲ့ ကိုယ်၊ ဒီနှစ်ခုရဲ့ ခြားနားချက်ဟာ (ဘာဖြစ်လဲ။?) တကယ့်ကို ဝေးတယ် တဲ့၊ ဘယ်လို ဝေးကွာ၍ နေတုန်း ဆိုတော့...

သရီရံ ခဏဝိဒ္ဓံသီ၊

သရီရံ၊ လက်ရှိရထားတဲ့ ခန္ဓာကိုယ်သည်။ ခဏဝိဒ္ဓံသီ၊ ခဏအတွင်းမှာပဲ ပျက်စီးသွားမယ်။ လက်ရှိရထားတဲ့ ခန္ဓာကိုယ်က (ဘယ်လိုပါလဲ။?) ခဏအတွင်းမှာ ပျက်စီးမယ်။ ခဏဝိဒ္ဓံသီ၊ ခဏဆိုတာ (ဘယ်လောက်လဲ၊?) နှစ်ပေါင်းတစ်ရာ၊ ဘုန်းကြီးတို့ ကျေးဇူးရှင်ရွှေဟင်္သာဆရာတော်ကြီးကတော့ နှစ်ပေါင်းတစ်ရာ ကျော်သွားတယ်။

အဲဒီတော့ လူတစ်ရာမှာ နှစ်ပေါင်းတစ်ရာကျော်နေရတဲ့ ပုဂ္ဂိုလ်က ဘယ်နှစ်ယောက်ရမလဲ။? ရှာကြည့်ပေါ့။ အဲဒါကြောင့် အံ့သြစရာကောင်းတာ။ ဒီလို ဂုဏ်ကျေးဇူးတွေဟာ ကမ္ဘာဆုံးတဲ့အထိ တည်သွားမှာ၊ တပည့်တွေကတော့ ဆရာ့ဂုဏ်ကို ကျေးဇူးဆပ်လို့ မကုန်နိုင်ဘူးဆိုပြီးတော့ မော်ကွန်းတိုက်တွေလည်း ဆောက်ရတယ်။

မော်ကွန်းတိုင်ကြီးတွေလည်း ထူရတယ်၊ ကျောက်စာတိုင်ကြီးတွေလည်း ဆောက်ရတယ်။ တကယ်တော့…ဒီ မော်ကွန်းတိုက် ကျောက်စာတိုက်တွေနဲ့ တပည့်တွေက ဆရာ့ကျေးဇူးတွေကို အတတ်နိုင်ဆုံး ကျေအောင် ဆိုပြီးတော့ အကောင်းဆုံး ကျေးဇူးဆပ်ပြီးတော့ ပူဇော်တာပဲ ဖြစ်တယ်။

တကယ် ဂုဏ်ကျေးဇူးကြီးမားတဲ့ ပုဂ္ဂိုလ်ဟာ ကျောက်တိုင်တွေ မှတ်တိုင်တွေ စိုက်စရာ မလိုပါဘူး။ လူတကာတို့ရဲ့ ခေါင်းထဲမှာ အကုန် စွဲနေမှာ။ ဂုဏ်ကျေးဇူး ဘာမှမရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ကျောက်တိုင်ကြီး ပေပေါင်း ရှစ်သောင်းလေးထောင်လောက် ထောင်ထားလည်း သူ့ကို ကမ္ဘာက လွမ်းမှာကို မဟုတ်ဘူး။

အဲဒီတော့ ပရိသတ်ကြီးရေ… အရေးကြီးတာကတော့ ဘဝသမိုင်းမှာ ကောင်းတဲ့မှတ်တိုင် ထူသွားကြဖို့ပါ။ အဲဒါဟာ အရေးကြီးဆုံး အချက်ပါပဲ။

သရီရံ၊ ခန္ဓာကိုယ်သည်။ ခဏဝိဒ္ဓံသိ၊ ခဏအတွင်းမှာပဲ ပျက်စီးသွားမယ်။ ဂုဏာ တု၊ ဂုဏ်ကျေးဇူးတွေကတော့။ ကပ္ပဋ္ဌိတိယော၊ ကမ္ဘာဆုံးအောင် တည်ရစ်ကြလိမ့်မယ်။

သရီရံ ခဏဝိဒ္ဓံသိ၊ ခန္ဓာကိုယ်သည် ခဏအတွင်းမှာ ပျက်စီးမယ်၊ ဂုဏာတု၊ သူဆောင်ရွက်သွားတဲ့ ဂုဏ်ကျေးဇူးတွေကတော့၊ ကပ္ပဋ္ဌိတိ ယော၊ ဒီ ဘဒ္ဒကပ်ကမ္ဘာ ကုန်ဆုံးသည့်တိုင်အောင် ကောင်းစွာမသွေ တည်ရှိ၍ နေရစ်ပေကုန်လိမ့်သတည်း။

သာဓု…သာဓု…သာဓုပါ ဘုရား

# ကုသိနာရုံ အင်ကြင်းစုံ၌

ရေတွက်လို့မရ, တွက်ချက်လို့မရ, တိုင်းတာလို့မရ, ချင့်ချိန်လို့မရနိုင်လောက်အောင် များပြားတဲ့ ဂုဏ်ကျေးဇူးတွေ စုဝေးနေတဲ့ ရွှေဟင်္သာဆရာတော်ဘုရားကြီးနဲ့ ပတ်သက်လို့ ဒီကနေ့ အားလုံးသော သူတော်ကောင်းတွေအတွက် ဒီ ကျေးဇူးတွေကို သိတတ်တဲ့ လူအားလုံးတို့အတွက်ပေါ့လေ။

ဘယ်လိုမှ မေ့လို့မဖြစ်တဲ့ အချက်လေးခုကို ဘုန်းကြီးတို့ နည်းနည်း ပြောပြမယ်။ အဲဒီ အချက်(၄)ချက်ဆိုတာ မြတ်စွာဘုရား ကိုယ်တော်မြတ်က အရှင်အာနန္ဒာအား မိန့်တော်မူတဲ့ အချက်များ ဖြစ်တယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလုလု၊ ကုသိနာရုံဆိုတဲ့ အင်ကြင်းရဂုံမှာ ပရိနိဗ္ဗာန်ဝင်စံ ကြွသွားတော်မူဖို့ အဆင်သင့် အနေအထားလေး ဖြစ်ပြီးတော့နေတယ်။ အင်ကြင်းပင် အတန်းလေး နှစ်တန်းအကြား၊ ညောင်စောင်းခင်းပြီးတော့ မြောက်ဖက် ဦးခေါင်းပြု၊ အနောက်ဖက် မျက်နှာမူလို့ မြတ်ဗုဒ္ဓ လဲလျောင်းလို့ နေတယ်။

သံဃာတော်အရှင်မြတ် (၇)သိန်း (၈)သိန်းလောက် အင်ကြင်းရဂုံမှာ စုပြီးတော့ နေကြတယ်။

မလ္လမင်းတို့ကလည်း ဟို ကုသိနာရုံမြို့ထဲက လွှတ်တော်ကြီးမှာ အစည်းအဝေးတွေ လုပ်နေကြတယ်။ စကြဝဠာတစ်သောင်းက နတ်ပြဟ္မာတွေလည်း မရေနိုင် မတွက်နိုင် ကျည်တောက်ထဲ ဆန်မှုန့်တွေ သိပ်ထားသလောက်မက ကြိတ်ကြိတ်တိုး လာပြီးတော့ ဖူးနေကြတယ်။

အဲဒီမှာ အရှင်အာနန္ဒာက စိတ်နှလုံး မသက်မသာဖြစ်တော့ သူ့ကျောင်းလေးထဲ သွားပြီးတော့ ငိုနေတာ၊ အဲဒီတော့ ဘုရားက ခေါ်တယ်။

## ငိုရပါကြောင်း အတွေးဟောင်း

''ချစ်သားအာနန္ဒာ... လာခဲ့စမ်း၊ သင် ဘာလုပ်နေသလဲ။?''

''မြတ်စွာဘုရား... မြတ်စွာဘုရား လွန်သွားပြီဆိုလို့ရှိရင် ဘုရားရှင် ကိုယ်တော်မြတ်နဲ့ ပတ်သက်တဲ့ အခွင့်အရေးတွေ ဘုရားတပည့်တော် ဆုံးရှုံးကုန်မှာတွေ တွေးပြီးတော့ စိတ်မအေးဘူးဘုရား'' လို့ ဒီလိုလေး လျှောက်လိုက်တယ်။

အခြားလျှောက်ထားတာတွေတော့ အများကြီးပေါ့လေ။ အခု ပြောမယ့်စကားနဲ့ ဆိုင်တာက (၄)ချက်။

ဘယ်လို ဆုံးရှုံးသွားမှာလဲဆိုတော့...

''မြတ်စွာဘုရား အသက်ထင်ရှား ရှိတုန်းက ဘုရား... သီတင်း ကျွတ်တိုင်း သီတင်းကျွတ်တိုင်း ဘုရားသီတင်းသုံးတော်မူရာ ကျောင်း တိုက်ကြီးတွေ ကျောင်းတိုက်ကြီးတွေကို အရပ်လေးမျက်နှာက အရပ် ရှစ်မျက်နှာက သံဃာတော်တွေက ''ဘုရားဖူး'' ဆိုပြီးတော့ ကြွ ကြွ လာကြတယ် ဘုရား။

သီတင်းဝါလကျွတ်ရင် သံဃာတော်တွေ ဘုရားဖူး ထွက်ကြတာ၊ ဝါတွင်းတော့ ကိုယ့်ကျောင်း ကိုယ့်နေရာမှာ ကိုယ်နေကြတယ်။ ဝါကျွတ်ကာနီး သတင်းထောက်တယ်။

ဒီဝါတွင်း ဘုရားဘယ်မှာ ဝါဆိုတုန်း၊ ဟို ရာဇဂြိုဟ်၊ ဝေဠုဝန်၊ မှာတဲ့''ဆိုရင် ဟို ဝေသာလီက သာဝတ္ထိက ကပိလဝတ်က ကောသမ္ဗိက ပေါ့လေ၊ အခြားအရပ်တွေက သံဃာတော်တွေ သီတင်းကျွတ် (ဘာလုပ်ဖို့ ထွက်ကြတုံး။?) ဘုရားဖူး ထွက်ကြတာ။

''ဟာ ဒီနှစ်၊ ဘုရား ဇေတဝန်မှာ ဝါဆိုတယ်'' ဆိုရင် ဇေတဝန်ကို ဘုရားဖူး လာကြတယ်။ အဲဒီလို အရပ်ရှစ်မျက်နှာ၊ အရပ်လေးမျက်နှာက သံဃာတော်တွေ ဘုရားဖူး ရောက် ရောက် လာတယ်။ အလုပ်အများ ဆုံးက ဘယ်သူလဲဆိုရင် အရှင်အာနန္ဒာ၊ နောက် ဒုတိယ အလုပ်အများ ဆုံးက အရှင်ဒဗ္ဗမထေရ်၊

## အရှင်ဒဗ္ဗ တာဝန်ကျ

အရှင်ဒဗ္ဗမထေရ်က ဘာ တာဝန်ယူရတုန်းဆိုလို့ရှိရင် ဘုရားဖူးဖို့ ကြွလာတဲ့ အရပ်ရှစ်မျက်နှာက သံဃာတွေအတွက် နေရာထိုင်ခင်း စီမံပေးရတယ်။ ပြီးတော့ ဆွမ်း စီမံ ပေးရတယ်။ အဲဒီလို ''သေနာသန ပညာပက'' ပေါ့လေ၊ အိပ်ရာနေရာ စီမံပေးရတာက အရှင်ဒဗ္ဗ။

တစ်ခါတုန်းက ရာဇဂြိုဟ်မှာ ဘုရားသီတင်းသုံးနေတုန်း၊ ဝါကျွတ် တော့ ဘုရားဖူးဆိုပြီး သံဃာတွေရောက်လာ၊ သံဃာက (၅၀၀)၊ ဘယ် အချိန် ရောက်လဲဆိုတော့ သန်းခေါင်ကျော်မှ ရောက်လာကြတာ၊ ကြိုတင် ပြီးတော့ တယ်လီဖုန်းဆက်ထားတာ ဘာ ညာလည်း မရှိဘူး၊ သန်းခေါင် ကျော်ကြီးမှာ သံဃာတော်(၅၀၀) ရာဇဂြိုဟ် ရောက်တော့ ''ဟော့...တို့ အိပ်ဖို့နေရာ ဘယ်သူ ပေးမလဲ။

ဘယ်ကျောင်းမှာ တို့တည်းရမလဲ။?"

"ဟာ…ကျောင်းအစီအစဉ် ချမှတ်တာကတော့ အရှင်ဒဗ္ဗပဲ" ဆိုတော့ အရှင်ဒဗ္ဗကိုယ်တော်ကြီးက ကြွလာ၊

"အရှင်ဘုရားတို့… ကြွလာတာ ဘယ်နှစ်ပါး ပါလဲဘုရား။?"

"အပါး(၅၀၀)"

"အမလေးဘုရား… အချိန်ကလည်းလွန်နေ၊ သန်းခေါင်လည်း ကျော်၊ ဒါပေမယ့် တောင်ကြီးငါးလုံးရံထားတဲ့ ရာဇဂြိုဟ်မှာ ကျောင်းတိုက် ကြီး (၁၈)ခု ရှိတယ်ဘုရား။ နေရာထိုင်ခင်းတွေ လုံလောက်ပါတယ်။"

"ဒါပေမယ့် သန်းခေါင်ကျော်မှ ရောက်လာတာမို့လို့ အချိန်ကလေး နှောင်းလို့ တပည့်တော် စီမံခန့်ခွဲရတာပဲ အခက်အခဲရှိတယ်၊ အရှင်ဘုရား တို့ စောစောက ကြိုကြိုတင်တင်တော့ တယ်လီဖုန်းလေး ဘာလေး ဆက်ပြီးတော့ ဘွတ်ကင်လုပ်ထားရင် အကောင်းသားဘုရား။ သို့သော် လည်း တပည့်တော် အတတ်နိုင်ဆုံး အကောင်းဆုံး လုပ်ပေးပါ့မယ်"

အရှင်ဒဗ္ဗက နေရာစီမံရတာ။ ပြီးတော့ ချက်ချင်းပေါ့လေ၊ ခေတ်လိုပြောရင် တယ်လီဖုန်းတွေ ဘာတွေ ကောက်လှည့်၊

"ကျောင်းအမကြီး ဝိသာခါရေ… သန်းခေါင်ကျော်ကြီးမှာ ဘုန်းကြီးအပါး(၅၀၀) ရောက်လာပြီ၊ နက်ဖြန်အတွက် ဆွမ်းပွဲ(၅၀၀) ပြင်လိုက်ဦး။"

အာဂန္တုကဘတ် တာဝန်ယူရတာက ကျောင်းအမ ဝိသာခါ။

ဒီတော့ အရှင်ဒဗ္ဗက ဘာလုပ်လဲဆိုတော့ သန်းခေါင်ကျော် ဆိုတော့ လကွယ်ရက်ကြီးလည်း ဖြစ်တော့ မှောင်ကြီးမဲမဲမှာ အရှင်ဒဗ္ဗ

နေရာပေးရတာလေ။ အဲဒါ မီး ဘယ်လိုလုပ်သလဲ ဆိုတာလေး ဘုန်းကြီးက တအံ့တသြလေး ပြောချင်တာပါ။ လက်ညှိုးကနေပြီးတော့ အဲဒါ မီးတွေ ထွက်ပြီးတော့ လက်နှိပ်ဓါတ်မီးနဲ့ထိုးသလို ဆလိုက်နဲ့ထိုးသလို လက်ညှိုး ကနေ မီးတွေနဲ့ ထိုးပြီးတော့ ကျောင်းတွေကို ပြသွားတာဆိုပဲ၊ အရှင်ဒဗ္ဗကိုယ်တော်က အဲသလို စွမ်းတာ။

ခုများဆိုရင်တော့ ဒုက္ခပါပဲ၊ လျှပ်စစ်မီးကလည်း ခဏခဏ ပျက်နေတော့ အရှင်ဒဗ္ဗကတော့ အဆင်ပြေတယ်၊ ဘာမီးမှ လာလာ မလာလာ လက်ညှိုးမီးထိုးပြီးတော့ ကြွသွားတာ။ ဆွမ်းကိစ္စတာဝန် အရပ်ရပ်ကိုကျတော့ အာဂန္တုကဘတ်ကို တာဝန်ယူထားတာက ရာဇဂြိုဟ်မှာဆိုရင် ဘုရင်ဗိမ္ဗိသာရ၊ သာဝတ္ထိမှာဆိုရင် ဝိသာခါ ကျောင်း အမ၊ အဲဒါ မနက်ကျ သံဃာ(၅၀၀)လုံးဆွမ်းလည်း အဆင်ပြေတယ်။

## ထေရ်မြတ်အာနန္ဒ သူ့တာဝန်

အိပ်ရာနေရာတော့ အရှင်ဒဗ္ဗက ရှာဖွေပေးလိုက်တယ်၊ ပြီးတော့မှ အဲဒီ သံဃာတော်တွေ ဘုရားဖူးဖို့ လုပ်ပေးရတာက အရှင်အာနန္ဒာ။

သံဃာတော် ဘယ်နှစ်ပါး ကြွလဲ။? အရေးကြီးတဲ့ပုဂ္ဂိုလ် ဘယ်လောက်ပါလဲ၊ ဘုရားကို ဘယ်ချိန်ဖူးမယ်၊ တရားနာမယ် မနာဘူး။ တရားဆွေးနွေးမယ်၊ မေးမယ်၊ လျှောက်မယ်။ အဲဒီ အစီအစဉ်တွေကို အကုန်လုံးယူပြီးတော့ အရှင်အာနန္ဒာက ဘုရားနဲ့ ဒီ ဘုရားဖူးလာတဲ့ သံဃာတော်တွေကို စီမံပေးရတာ။အဲသလောက် စီမံပေးရတာကို အရှင်အာနန္ဒာက ပျော်လွန်းလို့ တဲ့။

''အမလေး... အာဂန္တုတွေက များ များ လွန်းကွာ၊ ဒုက္ခပါပဲ၊ စိတ်ညစ် စရာပဲ'' ဆိုတာမျိုး အရှင်အာနန္ဒာ တစ်ခါမှ မညည်းဘူး၊ အဲဒါကိုပဲ အရှင်အာနန္ဒာက ပျော်နေတာ။ ဘုန်းကြီးတို့ ရွှေဟင်္သာ ဆရာတော်ကြီးရှိတုန်းကလည်း ရွှေဟင်္သာ တိုက်သစ်ကျောင်း တိုက်ကြီးကို ဒီလိုပဲ ဝါတွင်းရော, ဝါလယ်ရော, ဝါကျွတ်ရော, ဝါပရော, အာဂန္တု ရဟန်းတော်တွေ သံဃာတော်တွေ ဂိုဏ်းဂဏ မရွေးဘဲနဲ့ ဝင်ကြ, ထွက်ကြ, ဖူးကြ, မျှော်ကြ, လှူဒါန်းကြ, ပူဇော်ခဲ့ကြတယ်။

ဒကာ ဒကာမတွေရော တိုင်းပြည်ရဲ့ အကြီးအကဲတွေပါ ဝင်ကြ ထွက်ကြ စည်စည်ကားကား ဘယ်လောက်များ ကြည်နူးစရာ ကောင်း လိုက်သလဲ။? ဂုဏ်... ပရိသတ်ကြီးရေ နော်။

အရှင်အာနန္ဒာကလည်း အဲဒါ သိပ်ပျော်တာ၊ ပြီးတော့ အရှင် အာနန္ဒာက အဲဒီ မထေရ်ကြီးတွေ ဘုရားဖူးပြီးလို့ မြတ်စွာဘုရား ရှေ့တော်မှောက်မှာ တရားနာကြပြီဆိုရင် အရှင်အာနန္ဒာလည်း အဲဒီ မထေရ်ကြီးတွေကို အကြောင်းပြုပြီးတော့ တရားပွဲမှာ ဝင်ပြီးတော့ တရား နာလိုက်ရတယ်။ အဲဒီ မထေရ်ကြီးတွေက မြတ်စွာဘုရားထံမှာ ပြဿနာ မေးလျှောက်လို့ အရှင်အာနန္ဒာက ဒီပြဿနာတွေကို မှတ်သားခွင့် နာကြားခွင့် ရလိုက်တယ်။

နောက်ပြီးတော့ အဲဒီမထေရ်ကြီးတွေ [illegible]တို့ရဲ့ တည်းခိုရာကျောင်း မှာ နားနေလို့ရှိရင် အရှင်အာနန္ဒာက သွားပြီးတော့ မေးမြန်းခွင့် ဆွေးနွေးခွင့် ရတယ်။ တစ်ခါတစ်ခါ အာဂန္တုမထေရ်ကြီးတွေထဲမှာ တရားဟောပုဂ္ဂိုလ်များ ပါလာရင် အရှင်အာနန္ဒာက အာဂန္တု [illegible]ယ်တော်

ကြီးတွေထဲက ရွေးပြီးတော့ တရားပွဲတွေ ဘာတွေ စီမံပေးရသေးတယ်။ အရှင်အာနန္ဒာ့ အလုပ်က အဲဒါပါပဲ။ အဲဒီ မထေရ်ကြီးတွေထံ မေးမြန်းခြင်း, ဆွေးနွေးခြင်း, ခရီးဦး ကြိုဆိုခြင်း, နေရာထိုင်ခင်းပေးခြင်း, မြတ်စွာဘုရားနဲ့ ဆက်သွယ်၍ ပေးခြင်း, တရားပွဲကျင်းပ ပေးခြင်း ဒီအလုပ်တွေကို လုပ်ရတာက အရှင်အာနန္ဒာ။ နေရာပေးတာနဲ့ ဆွမ်းစီမံ ပေးရတာက အရှင်ဒဗ္ဗ။

## ရှေးမျှော်မှန်းလို့ တမ်းတငိုသည်

အဲဒါကို အရှင်အာနန္ဒာက ကြိုတွေးပြီးတော့ စိတ်လေးတာ ပဲ့... အခု မြတ်စွာဘုရား ကွယ်တော်မူတော့မယ်၊ ဘုရား ကွယ်သွားလို့ ရှိရင် အဲဒီလို အရပ်ရှစ်မျက်နှာ အရပ်လေးမျက်နှာက ကိုယ်တော်ကြီးတွေ ဘုရားဖူး ဘယ်သွားကြရဦးမှာလဲ။?

ဇေတဝန်ကျောင်းရောက်သွားလည်း ဘုရားမရှိဘူး။ ပုဗ္ဗာရုံ ကျောင်းသွားလည်း ဘုရားမရှိဘူး။ ဝေဠုဝန်ကျောင်းသွားလည်း ဘုရား မတွေ့ရ၊ ဃောသိတာရုံတို့ ပါဝါရိကာရုံတို့ မဟာဝုန်တို့ နိုဂြောဓာရုံတို့ ဘုရားမှ မရှိတော့ပဲကွယ် ဆိုပြီးတော့ (ဘာဖြစ်လဲ။?) ဘုရားဖူးလာမှာ မဟုတ်တော့ဘူး။

ဘုရားဖူး မလာတော့ဘူးဆိုရင် ဒီကျောင်းတိုက်ကြီးတွေ (ဘာ ဖြစ်ကုန်ပြီလဲ။?) အကုန်လုံး တိတ်ဆိတ်သွားလိမ့်မယ်၊ လူဝင် လူထွက် မရှိတော့ဘူး။ အလှူအတန်းတွေ ရှားပါးပြီးတော့ ကျောင်းတိုက်တွေ ထိန်းသိမ်းစောင့်ရှောက်မယ့်လူ မရှိတော့ဘဲ ပျက်စီးကုန်တော့မှာ။

အရှင်အာနန္ဒာက သူကိုယ်တိုင်းလည်းပဲ အဲဒီ မထေရ်ကြီးတွေနဲ့ တွေ့ခွင့်၊ ဆုံခွင့်၊ ဖူးမျှော်ခွင့် မရတော့ဘူး။ လုပ်ကျွေး ပြုစုခွင့်တွေလည်း ရမှာ မဟုတ်တော့ဘူးလို့ အရှင်အာနန္ဒာက ဘုရား ပရိနိဗ္ဗာန်စံတာ ပူမိတာက တစ်ချက်၊ ဘုရားမရှိတဲ့ နောက်ပိုင်း ကျောင်းတိုက်ကြီးတွေမှာ ဖူးမျှော်စရာမထေရ်ကြီးတွေ တွေ့ရတော့မှာ မဟုတ်ဘူး ဆိုပြီးတော့ ကြိုတင်ပြီးတော့ စိတ်ပူတာ တစ်ချက်၊ အဲဒီ နှစ်ချက်နဲ့ အရှင်အာနန္ဒာ ငိုနေတာကို ဘုရားက ''ချစ်သားအာနန္ဒာ...ဘာ့ကြောင့် သွားပြီးတော့ ငိုကြွေးနေတုန်း''လို့ မေးတော့မှ အရှင်အာနန္ဒာက လျှောက်တယ်။

ပုဗ္ဗေ ဘန္တေ ဒိသာသု ဝဿံဝုဋ္ဌာ အာဂစ္ဆန္တိ
မနောဘာဝနိယာ ဘိက္ခူ တထာဂတံ ဒဿနာယ။

(သုတ်မဟာဝါ၊ ပါ၊ နှာ၊ ၁၁၆)

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ပုဗ္ဗေ၊ ရှေးရှေးအခါတွေတုန်းက။ ဒိသာသု၊ အရပ်ရှစ်မျက်နှာတို့၌။ ဝဿံဝုဋ္ဌာ၊ ဝါကျွတ်တော်မူကြကုန်သော။

မနောဘာဝနိယာ၊ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေနိုင်ကုန်ထသော။ ထေရာ၊ မထေရ်ကြီးဖြစ်တော်မူကြတဲ့၊ ဘိက္ခူ၊ ရဟန်းတော်တို့သည်၊ တထာဂတံ၊ တထာဂတခေါ်တွင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကို၊ ဒဿနာယ၊ ဖူးမျှော်ဖို့ရန်အတွက်၊ အာဂစ္ဆန္တိ၊ ဘုရားရှိရာကို ကြွရောက် ကြွရောက်၍ လာကြပေကုန်သည် မြတ်စွာဘုရား။

သာဓု...သာဓု...သာဓုပါ ဘုရား

# သူတော်ကောင်းတို့ ကြွလာဖို့

ရှေးရှေးတုန်းက အရပ်ရှစ်မျက်နှာမှာ ဝါကပ်တော်မူကြတဲ့ မထေရ်ကြီးတွေ ဝါကျွတ်ချိန်ရောက်တိုင်း ရောက်တိုင်း ဘုရားဖူးဆိုပြီး တော့ ကြွလာကြတယ် မြတ်စွာဘုရား။ ရှေးရှေးတုန်းက အရပ်ရှစ် မျက်နှာ အရပ်လေးမျက်နှာမှာ ဝါကပ်တော်မူကြတဲ့ အဲဒီ မထေရ်ကြီး တွေက ဝါကျွတ်ချိန်ရောက်တိုင်း ရောက်တိုင်း ခေတ်လိုပြောရင် (ဘာလုပ်တာလဲ?) သီတင်းကျွတ် ကန်တော့ဖို့ လာကြတယ်ဘုရားပေါ့။ ဝါကျွတ်ဘုရားဖူးဆိုတာ သီတင်းကျွတ် ကန်တော့တာပါပဲ၊ အဲဒီလို လာကြတဲ့အခါမှာ...

တေ မယံ လဘာမ မနောဘာဝနီယေ ဘိက္ခူ
ဒဿနာယ၊ လဘာမ ပယိရုပါသနာယ။

(သုတ်မဟာဝါ၊ ပါ၊ နှာ၊ ၁၁၆)

တေမနောဘာဝနီယေဘိက္ခူ၊ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူး စေနိုင်ကြတဲ့ ထို မနောဘာဝနီယမထေရ်ကြီးတို့ကို၊ မယံ၊ ဘုရားတပည့် တော်တို့တစ်တွေသည်။ ဒဿနာယ၊ ဖူးမြင်ခွင့်ကို။ လဘာမ၊ ရကြ ကုန်သည်ဘုရား။ တေ မနောဘာဝနီယေဘိက္ခူ၊ ထို မနောဘာဝနီယ မထေရ်ကြီးတို့ကို။ ပယိရုပါသနာယ၊ ချဉ်းကပ်ခွင့်. ဆည်းကပ်ခွင့်ကို လည်းပဲ။ လဘာမ၊ ရကြပါကုန်သည်ဘုရား။ ဓမ္မဿဝနာယ၊ တရား နာခွင့်ကိုလည်းပဲ၊ လဘာမ၊ ရကြပေကုန်သည် မြတ်စွာဘုရား။

ဝါကျွတ်ရင်ကန်တော့ဖို့ ဘုရားဖူးဖို့ မထေရ်ကြီးတွေ ဘုရားထံ ရောက်လာရင် တပည့်တော်တို့ ရလိုက်တာက ...

(၁) ဒဿနတ္ထာယ ဖူးမြော်ခြင်းဆိုတဲ့ အခွင့်အရေး၊

(၂) ပယိရုပါသနာယ၊ ဆည်းကပ်ခြင်းဆိုတဲ့ အခွင့်အရေး၊

(၃) ဓမ္မဿဝနာယ၊ တရားနာခြင်းဆိုတဲ့ အခွင့်အရေး၊

အဲဒီ အခွင့်အရေးကို။ မယံ၊ ဘုရားတပည့်တော်တို့သည်။ လဘာမ၊ ရခဲ့ကြကုန်သည် ဘုရား။

ဘဂဝတောပန မယံဘန္တေ အစ္စယေန နလဘိဿာမ မနောဘာဝနီယေ ဘိက္ခူဒဿနာယ၊ နလဘိဿာမ ပယိရုပါသနာယ။

ဣဒါနိ ပန ဘန္တေ ဘဂဝတော အစ္စယေန၊ ယခုအခါ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ် ကွယ်သွားပြီဆိုတဲ့ အခါကျတော့။ တော မနောဘာဝနီယာ ဘိက္ခူ၊ ထို မနောဘာဝနီယ ဖြစ်တော်မူကြတဲ့ မထေရ်ကြီးတို့သည်။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကို၊ ဒဿနာယ၊ ဖူးမြော်ဖို့ရန်။ န အာဂမိဿန္တိ၊ လာကြတော့မည် မဟုတ်ပါဘုရား။

အခု ဘုရားကွယ်တော်မူသွားပြီဆိုရင် ဝါကျွတ်ကန်တော့ဖို့ ဘုရားဖူးဖို့ မနောဘာဝနီယမထေရ်ကြီးတွေဟာ ဘုရားသီတင်းသုံးတဲ့ ကျောင်းတိုက်ကြီးတွေကို လာကြတော့မှာ မဟုတ်ဘူးလို့ အရှင်အာနန္ဒာ ပူပိတယ် တဲ့ ပရိသတ်ကြီးရဲ့။

ဝါကျွတ်ချိန် ဝါကျွတ်ချိန်တိုင်းမှာ အရပ်လေးမျက်နှာက မထေရ်ကြီးတွေဟာ ဘုရားဖူးဖို့ ဝါကျွတ်ကန်တော့ဖို့ (ဘာဖြစ်လဲ။?) လာကြတော့မှာ မဟုတ်ဘူး တဲ့။ ဘယ်သူ တွေးပူတာလဲ။?

အရှင်အာနန္ဒာမထေရ် တွေးပြီးတော့ ပူနေတာ နော်။

ဘုန်းကြီးတို့ ပရိသတ်ကြီးရော မပူမိဘူးလား။?

''ပူမိပါတယ် ဘုရား''

ဘုန်းကြီးက အစောကြီးကတည်းက ပူမိတာ။

''ဟာ ရွှေဟင်္သာကျောင်းတိုက်ကြီး ဆရာတော်ဘုရားကြီးသာ မရှိရင်တော့ တစ်မျိုးပဲ။''

အခုပဲ ကြည့်လေ၊ ဓမ္မာရုံကြီး တော်တော်နဲ့ မပြီးတော့ဘူး၊ အဲဒါပဲ ပူနေတာ၊ ဆရာတော်ကြီးသာ ရှိနေရင် ပြီးတာကြာလှပြီ၊ မနောဘာဝနီယ ဆိုတဲ့ လူတွေရော မနောဘာဝနီယ ဆိုတဲ့ မထေရ်ကြီးတွေရော (ဘာဖြစ်လဲ။?) အလာ ရှင်းသွားတယ်။

## မှတ်တမ်းတင်ခွင့်ကြုံ ကျမ်းဓါတ်ပုံ

အရှင်အာနန္ဒာက ကြိုပူတာ သာသနာတော်အတွက်၊ အဲဒီတော့ အရှင်အာနန္ဒာရဲ့ ပူပန်ချက်ကို ဒီကနေ့ ဘုန်းကြီးတို့ ပရိသတ်ကို ဘုန်းကြီးတို့က ဖြန့်ချိခွင့်ရတာ၊ အဲဒါကို ဘုန်းကြီးက ''ဩော် ငါတော့ အခွင့်အရေးကောင်းတော့ ရသွားပြီ၊ ဒီအခွင့်အရေးလေးကို ယူလိုက်ရင် ဆရာတော်ကြီး ကျေးဇူးဆပ်ရာ ရောက်တယ်''လို့ ဒီလိုပဲ ဘုန်းကြီးတို့က ကျက်ပါတယ်၊ ဝမ်းသာကယ်လို့တော့ ဘုန်းကြီးတို့ ပြောမထွက်နိုင်ဘူး။

မနောဘာဝနီယေ၊ စိတ်နှလုံး ရွှင်ပြုံးကြည်နူးစေနိုင်ကုန်ထသော။ မထေရ်ကြီးတွေကို ပြောထားပုံက မနောဘာဝနီယ လို့ ဒီလို ပြောထား တယ်။ ပြောကြည့်ပါ၊ ဘယ်လို ပြောထားလဲ။?

''မနောဘာဝနီယ ပါဘုရား''

ဖူးလိုက်ရရင် ကြည်နူးစရာ တဲ့။ စိတ်နှလုံး ရွှင်ပြုံးပြီးတော့ သဒ္ဓါတရားတွေ တိုးပွားလောက်တဲ့ ကိုယ်တော်ကြီးတွေဟာ သီတင်းကျွတ်ရင် သာသနာပိုင်ဆရာတော်ကြီးကို ကန်တော့ရအောင် ဆိုပြီး သီတင်းကျွတ် သီတင်းကျွတ်တိုင်းမှာ လာကြတာ။

''သီတင်းကျွတ် သွားဖူးကြဦးစို့ရဲ့ဟေ့..'' ဖြတ်သန်းသွားတဲ့အခါ ဝင်ပြီးတော့ ပူဇော်ကြဦးစို့ရဲ့ဟေ့... လို့ တွေးပြီး လာကြတာကိုး နော်။

အခုထိ ဘုန်းကြီးတို့ မြင်ယောင်တာတွေ အများကြီးထဲက တစ်ခုပေါ့လေ၊ သေသေချာချာ မြင်ယောင်နေတာ။ ဆရာတော်ဘုရားကြီးရဲ့ ဒီ မွေးနေ့ပူဇော်ပွဲ အခုလို နတ်တော်လဆန်း (၇-၈)ရက် ပွဲတစ်ပွဲမှာ ဒုတိယရွှေကျင်သာသနာပိုင် မန္တလေးဂိသုဒ္ဓါရုံတိုက်မှာ သီတင်းသုံးတော်မူတဲ့ ပိုက်ကျုံးဆရာတော်ကြီးက စစ်ကိုင်းရွှေဟသ်ာကို ကြွလာတယ်။ ပိုက်ကျုံးဆရာတော်ဆိုတာ သွားလည်း သွားခဲ့ဟယ်၊ ဟုတ်လား။ ရောက်လည်း ရောက်ခဲ့တယ်။ ဖူးလည်း ဖူးရခဲ့တယ်။ (ဒုရာသဒလို့ ခေါ်ရတဲ့ ပထေရ်ကြီးမျိုးပဲ။ ဘုန်းကြီးတို့ အနီးစခန်း ဆရာတော်လိုပဲ ချဉ်းကပ်ဖို့ရန်လည်း တော်တော် ခဲယဉ်းတယ်)

ပိုက်ကျုံးဆရာတော်ကြီးက ရွှေဟသ်ာဆရာတော်ဘုရားကြီးကို လာပြီးဖူးမြော်တော့ ကျန်းမာရေးက မကောင်းရှာဘူး။ ရွှေဟသ်ာ ဆရာတော်ကြီးကို ကျန်းမာရေး မကောင်းရှာတဲ့ မန္တလေးပိုက်ကျုံး ဆရာတော်ကြီးက အောက်ကြမ်းပြင်ပေါ်မှာ ထိုင်ပြီးတော့ ဦးချပလို့

ဟန်ပြင်တာ၊ အဲဒီအခိုက်အတန့်မှာ ဘုန်းကြီးက ဆရာတော်ကြီးနှစ်ပါးရဲ့ အနားလေးမှာ ရှိနေတယ်။

``ဟာ... ဆရာတော်... ဆရာတော်... ကြမ်းပြင်ပေါ်ထိုင် ဦးမချနဲ့၊ မတ်တပ်က လက်အုပ်ချီရင်တော်ပြီ၊ စာတွေရှိသွားပဲ။ ကေမန္တ အဋ္ဌာသီ ဆိုတာ ရှိသွားပဲ။ ကုလားထိုင်ပေါ် ထိုင်``လို့...

ရွှေဟင်္သာဆရာတော်ကြီးက ဆိုတော့မှ ပိုက်ကျုံးဆရာတော်က ပြုံးပြီးတော့ မတ်တပ်ကနေ ရှိခိုးပြီးတော့ ကုလားထိုင်ပေါ် သွားထိုင်တာ။ ပိုက်ကျုံးဆရာတော်ကြီးက မန္တလေးကနေ တရိုတသေ လာပြီးတော့ သီတင်းကျွတ်မှာ ကန်တော့သွားတာ၊ ဘုန်းကြီးတို့ အခုထိ မှတ်မိတာ၊ မြင်လည်း မြင်တယ်၊ ဒီပုံ ဓာတ်ပုံများ ရိုက်ထားလိုက်ရင် ဘယ်လောက် ကောင်းမလဲ၊ ဘုန်းကြီးကတော့ ခေါင်းထဲ ရိုက်ထည့် ထားလိုက်တယ်။ အဲဒါကြောင့် ခု ဒါကို ပြန်ပြောနိုင်တယ်။

## မျက်ရည်စုဆောင်း သိမ်းဖို့ကောင်း

အဲဒီတော့... မနောဘာဝနီယ လို့ ခေါ်တဲ့ ဖူးလိုက်ရရင် စိတ်နှလုံးမှာ ရွှင်ပြုံးကြည်နူးပြီးတော့ သဒ္ဓါတရားတွေ တိုးပွါးစေလောက်တဲ့ ဒီ မထေရ်ကြီးတွေက ဝါကျွတ်ပြီဆိုလို့ရှိရင် ဘုရားလက်ထက်က (ဘာ လုပ်ကြတာလဲ။?) ဘုရားရှိရာကို သွား သွား ပြီးတော့ ကန်တော့ ကြတယ်၊ ဘုရား ဖူးကြတယ်၊ တရား နာကြတယ်။ ဘုန်းကြီးတို့ သံဃရာဇာသာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီး ဆီလည်း ဒီလိုပဲ သီတင်းကျွတ် လာကြတာပဲ မဟုတ်လား။

ဝါဆိုဦးလည်း လာကြတာပဲ၊ ဝါကျွတ်တော့လည်း လာကန်တော့ကြတာပဲ၊ ဒီကြားထဲလည်း ကြုံတိုင်းကြုံတိုင်း ဝင်ကန်တော့နေကြတာ အမြဲပဲ။ အရှင်အာနန္ဒာကတော့ ပူလွန်းလို့တဲ့ ဗျာ၊ အရှင်အာနန္ဒာ ငိုတာတွေထဲက အဲဒီတစ်ချက်ဟာ ဘုန်းကြီးတို့ အနာဂါတ်သာသနာ အတွက်ဟော့ အဓိကအကျဆုံး ထင်တာပဲ။ အရှင်အာနန္ဒာ့ မျက်ရည် လေးတွေ သိမ်းထားဖို့တောင် ကောင်းသေးတယ်၊ သိမ်းလို့ရမယ် ဆိုလို့ ရှိရင်ပေါ့။

မနောဘာဝနီယေ၊ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူး စေနိုင်ကုန်သော။ ဘိက္ခူ၊ မထေရ်ကြီးတို့ကို။ ဒဿနာယ၊ ဖူးမြော်ဖို့ရန်ဆိုတဲ့ အခွင့်အရေး။ နောက်တစ်ခါ (ဘာပြောလဲ။?)

ဓမ္မဿဝနာယ၊ တရားနာဖို့ရန်ဆိုတဲ့ အခွင့်အရေးကို၊ လဘာမ၊ ရခဲ့ကြပါကုန်သည် မြတ်စွာဘုရား။ ဣဒါနိ၊ ယခုအခါမှာတော့။ ဘဂဝတော အစ္စယေန၊ ဘုရားမြတ်စွာ ကွယ်လွန်သွားတဲ့အခါမှာ။ မနောဘာဝနီယေ၊ အဲဒီလို စိတ်နှလုံးကို ရွှင်ပြုံး ကြည်နူးစေနိုင်တဲ့။ ထေရေ၊ မထေရ်ကြီး ဖြစ်ကြတဲ့။ ဘိက္ခူ၊ ရဟန်းတော်တို့ကို။ ဒဿနာယ၊ ဖူးမြော်ခြင်းဆိုတဲ့ အခွင့်အရေးကို။

ပယိရုပါသနာယ၊ ဆည်းကပ်ခြင်း ဆိုတဲ့ အခွင့်အရေးကို။ ဓမ္မဿဝနာယ၊ အဲဒီ မထေရ်ကြီးတွေထံက တရားဒေသနာ နာကြားခြင်းဆိုတဲ့ အခွင့်အရေးကို။ နလဘိဿာမ၊ ရနိုင်တော့မည် မဟုတ်ဘူးလို့။ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာ မထေရ် သူမြတ်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်

ကိုယ်တော်မြတ်ကို၊ အဝေါစ၊ ရွှေနားတော်ကြားအောင် လျှောက်ထားရှာလေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## မတွေ့တာကြာ ပျက်တော့မှာ

အရှင်အာနန္ဒာမထေရ်ရဲ့ ပူဆွေးစရာတွေ အများကြီးရှိတဲ့အထဲက ဒီအချက်ဟာ အနာဂတ်ဗုဒ္ဓသာသနာတော်ကို တွေးပြီးတော့ ပူလိုက်တဲ့ အချက်ပဲ ဖြစ်တယ်။ အဲဒီတော့... အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီး ပြောမယ်ဆိုလည်း ပြောလောက်တာပါပဲ။ အခု ဘုရားရဲ့ နောက်ဆုံး အချိန်လေး၊ ကုသိနာရုံမှာ စုမိတဲ့ သံဃာကိုက (ဘယ်လောက်လဲ။?)

(၇)သိန်းကျော် စုမိတယ်။ ဘုရားရှင်ကိုယ်တော်မြတ် ဘုရားဖြစ်ပြီးတဲ့နောက် (၉)လအကြာ ရာဇဂြိုဟ် ဝေဠုဝန်မှာ စုမိတဲ့ သံဃာ့အစည်းအဝေးက ပထမဆုံး သံဃာ့အစည်းအဝေး။ အဲဒီ ပထမအကြိမ် သံဃာ့အစည်းအဝေးမှာ ဟေိဘိက္ခု ရဟန်းတော်တွေချည်းလည်း ဖြစ်တော်မူကြတယ်။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာချည်းများလည်း ဖြစ်တော်မူကြတယ်။ ရဟန္တာပုဂ္ဂိုလ်ပေါင်း (၁၂၅၀)။

ဗုဒ္ဓရှင်တော်ရဲ့လက်ထက် ပထမအကြိမ်ကျင်းပတဲ့ အလွန်ကြီးကျယ်တဲ့ သံဃာ့အစည်းအဝေးကြီးက ရာဇဂြိုဟ်မှာ ကျင်းပသွားတယ်။ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ တပို့တွဲလပြည့်နေ့တုန်းက၊

အဲဒီ အစည်းအဝေးမှာပဲ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို ပထမအဂ္ဂသာဝက၊ အရှင်မောဂ္ဂလာန်ကို ဒုတိယအဂ္ဂသာဝက ဆိုပြီးတော့ အဂ္ဂသာဝကနှစ်ပါးကို ပထမနဲ့ ဒုတိယ ရာထူးတွေ အပ်နှင်းပြီးတော့မှ ဩဝါဒ ပေးသွားတယ်။

ဘုရားရှင်ကိုယ်တော်မြတ် ရှိတယ်ဆိုရင် (ပရိသတ်ကြီး) အဲဒီလို အံ့ဩစရာ သံဃာ့အစည်းအဝေးကြီးတွေ ဖြစ် ဖြစ် လာတယ်။ သံဃာ့အစည်းအဝေးကြီးများ ဖြစ်ပြီဆိုရင်လည်းပဲ သာသနာ့သမိုင်းတစ်လျှောက်လုံးမှာ မှတ်တမ်းတင်ရတဲ့ အတ္ထုပ္ပတ္တိတွေ, တရားဒေသနာတွေ, စိပ်ချက်တွေ, ခန့်ခွဲမှုတွေ, (ပရိသတ်ကြီး) လုပ်သွားတာ။

ပထမအကြိမ် သံဃသန္နိပါတ ရာဇဂြိုဟ်မှာ ကျင်းပတော့ အရှင်သာရိပုတ္တရာကို ပထမအဂ္ဂသာဝက၊ အရှင်မောဂ္ဂလာန်ကို ဒုတိယအဂ္ဂသာဝက ရာထူးတွေ အပ်နှင်းပြီးတော့မှ ဩဝါဒပေးတယ်။ မြတ်စွာဘုရား မရှိတော့ဘူးဆိုလို့ရှိရင် အဲဒီလို သံဃာ့အစည်း အဝေးကြီးတွေလည်း (ဘာဖြစ်လဲ။?) မရှိတော့ဘူး၊ ကွယ်သွားတော့မယ်။

အရှင်အာနန္ဒာက ပူလိုက်တာ၊ အဲဒီလိုမျိုး သံဃာတော်တွေဟာ ဘုရားရှိတဲ့ ကျောင်းတိုက်ကြီးတွေမှာ မဆုံမိရင် (ဘာဖြစ်ကုန်တာလဲ?)

အဘိဏှံ သန္နိပါတာ မပြတ်မပြတ် စည်းဝေးခြင်းဆိုတဲ့ သာသနာတိုးတက်ခြင်းရဲ့ အခြေခံအရည်အချင်းတွေလည်း ဒါ လျော့နည်းသွားတော့မယ်။ ဒါ တွေးပူလွန်းလို့ အရှင်အာနန္ဒာ ငိုကြွေးပြီးတော့ နေတာ။

ဘဂဝတော ပန မယံ ဘန္တေ အစ္စယေန နလာဘိဿာမ မနောဘာဝနီယေ ဘိက္ခူ ဒဿနာယ၊ နလာဘိဿာမ ပယိရုပါသနာယ။ (နလာဘိဿာမ ဓမ္မဿဝနတ္ထာယ)

ဘန္တေဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ မယံ၊ ဘုရားတပည့်တော်တို့တစ်တွေသည်။ မနောဘာဝနီယေ၊ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူး စေနိုင်ကုန်သော။ ထေရေ၊ မထေရ်ကြီး ဖြစ်တော်မူကြကုန်သော။ ဘိက္ခူ၊ ရဟန်းတော်တို့ကို၊ ဝဿံဝုဋ္ဌကာလေ၊ ဝါကျွတ်ချိန် ရောက်တဲ့အခါတွေမှာ။

ဒဿနာယ၊ ဖူးမြင်ခြင်းဆိုတဲ့ အခွင့်အရေးကိုလည်းပဲ။ နလာဘိဿာမ၊ ရနိုင်တော့မည် မဟုတ်ပါဘုရား။ ပယိရုပါသနာယ၊ ဆည်းကပ်ခြင်းဆိုတဲ့ အခွင့်အရေးကိုလည်း။ နလာဘိဿမ၊ ရနိုင်ကြတော့မည် မဟုတ်ပါဘုရား။ ဓမ္မဿဝနတ္ထာယပိ၊ အဲဒီ မထေရ်ကြီးတွေထံက ဩဝါဒအစရှိတဲ့ တရားဒေသနာ နာကြားခြင်းဆိုတဲ့ အခွင့်အရေးတွေကို လည်းပဲ။ န လာဘိဿာမ၊ ရနိုင်ကြတော့မည် မဟုတ်ပါဘုရားလို့။ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊ အဝေါစ၊ ရွှေနားတော်ကြားအောင် လျှောက်ထားရှာလေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## ကုသိုလ်ပွါးစေ ရုပ်လေးတွေ

အရှင်အာနန္ဒာရဲ့ ပူပန်ချက်အတိုင်း ဘုရားရှင်ကိုယ်တော်မြတ်ကို လျှောက်ထားလိုက်ပြီ တဲ့၊ ဘုရားဖူးလာကြမှာ မဟုတ်လို့ ပနောဘာဝနီယ ကိုယ်တော်ကြီးတွေကို ဖူးခွင့်ရတော့မှာ မဟုတ်ဘူး ဆိုပြီးတော့ အရှင် အာနန္ဒာ ပူဘာကို ဘုရားမြတ်စွာက အေးချမ်းစေဖို့ ဖြေသိမ့်တော်မူတယ်။ အရှင်အာနန္ဒာကို စိတ်နှလုံးအေးချမ်းစေဖို့ ဖြေသိမ့်တော်မူတာက...

စတ္တာရိမာနိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယာနိ သံဝေဇနီယာနိ ဌာနာနိ။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ သဒ္ဓဿ၊ သဒ္ဓါတရား ကောင်းတဲ့။ ကုလပုတ္တဿ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းတို့အတွက်။

ဒဿနီယာနိ၊ သွားရောက် သွားရောက်ပြီးတော့ ဖူးမျှော်ခြင်းငှါ ထိုက်ကုန်သော။ သံဝေဇနီယာနိ၊ ကုသိုလ်တရားတွေကို များစွာ ဖြစ်ပွါးစေနိုင်ကုန်သော။ ဌာနာနိ၊ အရပ်ဌာနတွေက။ ကတမာနိ စတ္တာရိ၊ ဤလေးမျိုးတို့သည်။ ဟောန္တိ၊ ရှိနေကြသေးတယ် လို့။ သတ္ထာ၊ လူနတ် တို့ရဲ့ ဆရာဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည်။ အာယသ္မန္တံ အာနန္ဒံ၊ အရှင်အာနန္ဒာပထေရ်ကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက်ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

# ဖွားရာဌာန ဖူးမြော်ကြ

''ချစ်သားအာနန္ဒာ... ငါ ဘုရားရှင်ကိုယ်တော်မြတ် မရှိတော့ဘူး ဆိုပြီးတော့ သွားရောက်ဖူးမြော်ဖို့ နေရာဌာန မရှိတော့ဘူးရယ်လို့ မမှတ်ကြနဲ့။ ငါဘုရားမရှိပေမယ့် သွားပြီးတော့ ဖူးရမယ့် အရာဌာန (၄)ခုရှိတယ်'' တဲ့။

အဲဒီ (၄)နေရာကိုသွားဖူးကြရင် ငါဘုရားကိုယ်တော်မြတ်ကို ဖူးရတာလိုပဲ အကျိုးရှိမယ် ဆိုပြီးတော့'' အရှင်အာနန္ဒာရဲ့ စိတ်ပူပန်ခြင်းကို ဘုရားရှင်ကိုယ်တော်မြတ်က ဖြေသိမ့်တာ။

''ဘုရားမရှိပေမယ့် ဘုရားဖူးမထွက်ဘဲ မနေနဲ့''တဲ့၊ ဘုရားဖူးထွက်ရမယ်။ ဘုရားမှမရှိဘဲ ဘာ သွားဖူးမလဲ။?

''ဘုရားနဲ့ပတ်သက်တဲ့ ထူးတဲ့နေရာ(၄)ခု၊ အဲဒါတွေကို သွားဖူးကြ။ ဘုရားဖူးရတဲ့ အတိုင်းကို အကျိုးရှိစေရမယ်'' ဆိုပြီးတော့ နေရာ(၄)ခု သတ်မှတ်ပေးလိုက်တယ်။ တစ်ခုက ဘာလဲဆိုရင်...

ဣဓ တထာဂတော ဇာတော တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

(သုတ်မဟာဝါ၊ ပါ၊ နှာ၊ ၁၁၆)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣဓ၊ ဤနေရာမှာ။ တထာဂတော၊ တထာဂတခေါ်တွင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဇာတော၊ မွေးဖွားခဲ့ပြီ။ ဣတိပိ၊ ဤသို့လည်းပဲ။ သဒ္ဓဿ၊ သဒ္ဓါတရားကောင်းကြတဲ့။ ကုလပုတ္တဿ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းတို့အတွက်။ ဇာတဋ္ဌာနံ၊ မွေးဖွားရာဆိုတဲ့

နေရာဌာနဟာ။ ဒဿနီယံ၊ မပြတ် မပြတ်ဖူးထိုက်တဲ့။ သံဝေဇနီယံ၊ ကုသိုလ်တရားတွေကို ဖြစ်ပွါးစေနိုင်တဲ့။ ဌာနံ၊ ဌာနတစ်ခုဟူ၍။ ဒဋ္ဌဗ္ဗံ၊ ကောင်းစွာမသေ့ မှတ်ထိုက်ပါပေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## လက်သွေးထောင်လျှက် ကြွေးကြော်ချက်

ချစ်သားအာနန္ဒာ ငါဘုရားမရှိတော့တဲ့ နောက်ပိုင်းမှာ ငါဘုရားရှင် ကိုယ်တော်မြတ်နဲ့ ပတ်သက်တဲ့ နေရာ(၄)ခုကို သွားကြတဲ့၊ အဲဒီနေရာရောက်ရင် ဘုရားဖူးရတဲ့အတိုင်းသာ စိတ်ထဲမှာ မှတ်ထား။ တစ်ခုက ဘာလဲဆိုရင်...

(၁) ဇာတဌာန... တဲ့။

ဇာတဌာနဆိုတာ မွေးဖွားရာမြေပဲ။

သိဒ္ဓတ္ထဂေါတမဗုဒ္ဓရဲ့ ဖွားရာမြေ၊ အဲဒီ ဖွားတော်မူတဲ့နေရာကို သွားပြီးတော့ ဖူးရလို့ရှိရင် မြေထူးမြေမြတ် မို့လို့ ဒီနေရာကို လက်အုပ်ချီမိုး ရှိခိုးပြီးတော့ ဖူးလိုက်တယ်ဆိုရင် ဘုရားရှင် ကိုယ်တော်မြတ်ကို ဖူးရတဲ့ အတိုင်းပါပဲ တဲ့။

အဲဒီလို ကုသိုလ်တွေ ဖြစ်လာနိုင်တယ်လို့ မမေ့ကောင်းတဲ့ နေရာကို ဇာတဌာန ဆိုကြောင်း ပြတော်မူတယ်။

သက္ကတိုင်းနဲ့ ကောလိယတိုင်း၊ အဲဒီနှစ်တိုင်းရဲ့အကြား နယ်ခြားမျဉ်းကြောင်းအဖြစ်နဲ့ ရောဟိနီ ဆိုတဲ့ မြစ်ကလေးရှိတယ်၊ ဟိမဝန္တာကနေ စတင် ဆင်းလာတာ။

ရောဟိနီမြစ်ရဲ့ အနောက်ဖက်က သက္ကတိုင်း၊ အရှေ့ဖက်က ကောလိယတိုင်း။ သက္ကတိုင်းရဲ့ ရွှေမြို့တော်က ကပိလဝတ္ထု၊ ကောလိယတိုင်းရဲ့ ရွှေမြို့တော်က ဒေဝဒဟ။

ဘုရားကိုယ်တော်မြတ်ရဲ့ မိခင်ကြီးက ဒေဝဒဟမြို့သူ၊ ဖခင်ကြီးက ကပိလဝတ္ထုမြို့သား၊ သက္ကနိုင်ငံသားနဲ့ ကောလိယနိုင်ငံသူ ဒီနှစ်ဆူတို့ကနေပြီးတော့ မွေးဖွားလာတဲ့ မင်းသိဒ္ဓတ်ဟာ သက္ကနိုင်ငံရဲ့ နယ်မြေထဲက လုမ္ဗိနီဆိုတဲ့ ဉယျာဉ်မှာ မဟာသက္ကရာဇ် ခြောက်ဆယ့် ရှစ်ခုရဲ့ ကဆုန်လပြည့်နေ့တနင်္လာနေ့က မွေးဖွားတော်မူခဲ့တယ်၊ လောကဓာတ် တစ်ခွင်လုံး အမြတ်ဆုံး ယောက်ျားရဲ့ မွေးရာမြေဖြစ်တဲ့အတွက်ကြောင့် မွေးမွေးခြင်းမှာပဲ မြေကြီးပေါ်မှာ ခြေဖဝါးချပြီးတော့ နင်းသွားတဲ့ အဲဒီ နေရာဟာ မြတ်သော နေရာအဖြစ် ကျန်ရစ်ပြီ တဲ့။

သိဒ္ဓတ္ထမင်းသားဟာ မွေးတာနဲ့တစ်ပြိုင်နက် မြေကြီးပေါ်မတ်တပ် ရပ်ပြီးတော့ မြောက်ဖက်ကို (၇)လှမ်းလှမ်း၊ ညာလက်ကို မြှောက်၊ လက်ညှိုးထောင်ပြီးတော့ ``အဂ္ဂေါ ဟ မသ္မိ လောကဿ၊ ဒီကမ္ဘာ လောကမှာ ငါ အမြတ်ဆုံးပဲ'' လို့ ကြွေးကြော်သွားတယ်။

အဲဒါကြောင့် အမြတ်ဆုံးဆိုတဲ့ ကြွေးကြော်သံကို ကြွေးကြော်တယ်၊ အမြတ်ဆုံးယောက်ျား ဖွားသွားတယ်။ အဲဒီ အမြတ်ဆုံးယောက်ျားက ဒီမြေကြီးကို (ဘာဖြစ်လဲ။?)

စက်လက္ခဏာပါတဲ့ ခြေဖဝါးနဲ့ ဒီနေရာမှာ နင်းသွားတာမို့ အဲဒီနေရာဟာ အလွန် မွန်မြတ်တဲ့နေရာ။ အဲဒီနေရာကို သွားဖူး ချစ်သားအာနန္ဒာ။ ငါဘုရားကို ဖူးရတဲ့ အတိုင်းကို သင်တို့မှာ ကုသိုလ် ဖြစ်တယ်။

အဲဒါကို...

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣဓ၊ ဤနေရာမှာ။ တထာ ဂတော၊ ငါဘုရားသည်။ ဇာတော၊ မွေးဖွားခဲ့ပြီ။ ဣဓ၊ ဤသက္ကတိုင်းရဲ့ လုမ္ဗိနီ ခေါ် ဥယျာဉ်တော်မှာ။ သိဒ္ဓတ္ထော ကုမာရော၊ သိဒ္ဓတ္ထခေါ်တဲ့ မင်းသားဟာ။ ဇာတော၊ မွေးဖွားခဲ့ပြီးပြီလို့။ သဒ္ဓဿ၊ သဒ္ဓါတရား ကောင်းကြတဲ့။ ကုလပုတ္တဿ၊ အမျိုးကောင်းသား အမျိုးကောင်း သမီးအပေါင်း သူတော် ကောင်းတို့အတွက်။ ဒဿနီယံ၊ မပြတ်မပြတ် ဖူးထိုက်တဲ့။ သံဝေဇနီယံ၊ ကုသိုလ်တရားတွေကို ဖြစ်ပွားစေနိုင်တဲ့။ ဌာနံ၊ ဌာနတစ်ခုဟူ၍။ ဒဋ္ဌဗ္ဗံ၊ ကောင်းစွာမသေ့ မှတ်ထိုက်ပါပေ ကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

# ဘုရားဖြစ်ရာ ဖူးမြော်ပါ

နောက်တစ်ခါ...

ဒုတိယ မမေ့ကောင်းတဲ့ နေရာက ဘာလဲဆိုတော့...

"ဣဓ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ" တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။　　(သုတ်မဟာဝါ၊ ပါ၊ နှာ၊ ၁၁၆)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣဓ၊ ဤနေရာမှာ။ တထာဂတော၊ တထာဂတခေါ်တွင် ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ အနုတ္တရံ၊ အတုမရှိ မွန်မြတ်စွာသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်တော်ကို။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်းသိမြင်လို့ ရရှိတော် မူခဲ့ပေပြီ။ ဣတိ၊ ဤသို့တွေးပြီးတော့။ သဒ္ဓဿ၊ သဒ္ဓါတရားကောင်းကြတဲ့။ ကုလပုတ္တဿ၊ အမျိုးကောင်းသား အမျိုးကောင်း သမီးအပေါင်း သူတော်ကောင်းတို့အတွက်။ ဒဿနီယံ၊ မပြတ်မပြတ် ဖူးထိုက်တဲ့။

သံဝေဇနီယံ၊ ကုသိုလ် တရားတို့ကို ဖြစ်ပွါးစေနိုင်တဲ့။ ဌာနံ၊ ဒုတိယဌာနတစ်ခုဟူ၍။ ဒဋ္ဌဗ္ဗံ၊ ကောင်းစွာမသွေ မှတ်ထိုက်ပါပေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## သစ္စာလေးဝ သိဗ္ဗာန

ဒုတိယနေရာက ဘယ်နေရာလဲဆိုရင် ဗောဓိဌာနလို့ ခေါ်တယ်တဲ့။ ဗောဓိဉာဏ် ရတဲ့နေရာ။

ရှေးတုန်းက ခေါ်သလိုခေါ်ရင် မဂဓတိုင်း။ ဒီကနေ့ ခေါ်သလိုဆိုရင်တော့ ဗီဟာ ပြည်နယ်။

မဂဓတိုင်းရဲ့ ဉရုဝေဠဆိုတဲ့ တောအုပ်၊ ဂယာ ဆိုတဲ့ မြို့အနီး၊ နေရဉ္ဇရာ ဆိုတဲ့ မြစ်ကမ်းက ဗောဓိလို့ ခေါ်ရမယ့် ညောင်ပင်ရိပ်မှာ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်ရဲ့ ကဆုန်လပြည့်နေ့တုန်းက သိဒ္ဓတ္ထဂေါတမ ရှင်တော်သည် ညဉ့်ဦးယမ်ကာလမှာ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ညသန်းခေါင်ယံကာလမှာတော့ ဒိဗ္ဗစက္ခုအဘိညာဉ်.နောက်တစ်ရက် မကူးခင် မိုးသောက်ယံကာလကျတော့မှ အာသဝက္ခယ အဘိညာဉ်ကို ရတော်မူလို့၊ ပု–ဒိ–အာ ဝိဇ္ဇာသုံးပါးကို ရတော်မူတဲ့အတွက် ဘုရားစင်စစ် ဖြစ်တော်မူတဲ့နေရာ၊ မာရ်ငါးပါးကို အောင်မြင်တော်မူတဲ့ နေရာ။ အဲဒီနေရာကို ခေါ်တာက ဗောဓိဌာန။

''ချစ်သားအာနန္ဒာ.ငါဘုရားကိုယ်တော်မြတ် မရှိတော့ပေမယ့် ငါ ဘုရားရှင်ကိုယ်တော်မြတ် ဗောဓိဉာဏ်ကို ရသွားတဲ့ နေရာကို သွားပြီးတော့ ဖူးကြ'' တဲ့။

သဒ္ဓါတရားကောင်းတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်း သူတော်ကောင်းတွေဟာ ငါဘုရားကွယ်ပြီးတဲ့ နောက်ပိုင်းမှာ ဗောဓိဉာဏ်ရတဲ့ နေရာကို သွားပြီးတော့ ဖူးလိုက်မယ်ဆိုရင် ငါဘုရားရှင် ကိုယ်တော်မြတ်ကိုယ်ဘုံကို ဖူးရသလိုပဲ၊

ကုသိုလ်တရားတွေ များစွာတိုးပွါးနိုင်တယ် ဆိုပြီးတော့ ဒုတိယ နေရာကို ညွှန်ပြတော်မူတယ်။

အာနန္ဒ၊ ငါဘုရားထံပါး, ခစားလိမ္မာ, ညီပွားအာနန္ဒာ။ ဣဓ၊ ဤ မဂဓတိုင်း ဥရုဝေဠ ဆိုတဲ့ တောအုပ်၊ ဂယာမြို့အနီး နေရဥ္စရာ မြစ်ကမ်း ဗောဓိ ဆိုတဲ့ ညောင်ပင်ရိပ် ဆိုတဲ့ ဒီနေရာမှာ။

တထာဂတော၊ တထာဂတခေါ်တွင် ငါဘုရားရှင် ကိုယ်တော် မြတ်သည်။ အနုတ္တရံ၊ အတုမရှိ မြတ်စွာသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်မြတ်ကို၊ အဘိသမ္ဗုဒ္ဓေါ ထိုးထွင်း၍ သိမြင်တော်မူခဲ့လေပြီ ဟု။ ရတော် မူခဲ့ပြီ။ အဘိသမ္ဗုဒ္ဓေါ ထိုးထွင်း၍ သိမြင်တော်မူခဲ့လေပြီ ဟု။ တမ္ပိ ဌာနံ၊ ထိုဗောဓိဉာဏ် သဗ္ဗညုတဉာဏ် ရတော်မူတဲ့ ထိုနေရာဟာလည်း။ သဒ္ဓဿ၊ သဒ္ဓါတရားကောင်းကြတဲ့၊ ကုလပုတ္တဿ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းတို့အတွက်။

ဒဿနီယံ၊ မပြတ်မပြတ် ဖူးမြင်ထိုက်သော။ သံဝေဇနီယံ၊ ကုသိုလ်တရားတွေ ဖြစ်ပွားစေနိုင်တဲ့။ ဌာနံ၊ ဒုတိယဌာန တစ်ခုဟူ၍။ ဒဌဖွဲ့၊ ကောင်းစွာမသွေ မှတ်ထိုက်ပါပေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## စက်ကိုနှိုးရာ ဖူးမြော်ပါ

ဒုတိယမမေ့ကောင်းတဲ့ နေရာက ဘုရားရှင်ကိုယ်တော်မြတ် ဘုရားဖြစ်တော်မူတဲ့ နေရာ။ သဗ္ဗညုတဉာဏ် ဗောဓိဉာဏ်ကို ရယူတော်မူတဲ့နေရာတဲ့။ ဒုတိယ သံဝေဇနီယဌာနက ဗောဓိဌာန။

နောက်တစ်ခါ တတိယနေရာတစ်ခုကို ဘုရားရှင်က အာနန္ဒာကို ညွှန်ကြားပြီးတော့မှ ဖြေသိမ့်တော်မူတယ်။

ဣဓ တထာဂတေန အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတန္တိ အာနန္ဒ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။


(သုတ်မဟာဝါ၊ ပါ၊ နှာ၊ ၁၁၆)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣဓ၊ ဤနေရာမှာ။ တထာဂတေန၊ တထာဂတခေါ်တွင် ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ အနုတ္တရံ၊ အတုမရှိ မြတ်လှစွာသော။ ကောဏ္ဍညစီ သမဏေန ပါ, ဗြာဟ္မဏေန ဝါ, ဒေဝေနဝါ, မာရေန ဝါ, ဗြဟ္မုနာ ဝါ၊ ဘယ်လူ. ဘယ်နတ်. ဘယ်ဗြဟ္မာ. ဘယ်မာရ်နတ်. ဘယ်သတ္တဝါတစ်ခုံတစ်ယောက်ကမှ။ အပ္ပဋိဝတ္တိယံ၊ လှည့်လည်[ခြင်းငှါ] မစွမ်းနိုင်တဲ့။ ဓမ္မစက္ကံ၊ ဓမ္မစက်ကို။ ပဝတ္တိတံ၊ လှည့်လည်တော်မူခဲ့လေပြီ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣတိ၊ ဤသို့လျှင်။ တမ္ပိ ဌာနံ၊ ထို ဓမ္မစက်ကို စ. တင် လှည့်လည်တဲ့ နေရာဟာလည်း။ သဒ္ဓဿ၊ သဒ္ဓါတရား ကောင်းကြတဲ့။ ကုလပုတ္တဿ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းတို့အတွက်။

ဒဿနီယံ၊ မပြတ်မပြတ် ဖူးထိုက်သော။ သံဝေဇနီယံ၊ ကုသိုလ်တရားတွေကို ဖြစ်ပွါးစေနိုင်တဲ့။ ဌာနံ၊ တတိယဌာန တစ်ခုဟူ၍။ ဒဠှမံ့၊ မှတ်ထိုက်တယ်လို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ကိုယ်တော်မြတ်က။ အာယသ္မန္တံ အာနန္ဒံ၊ အရှင်အာနန္ဒာ မထေရ်ကို၊ အဝေါစ၊ ကရုဏာရေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူခဲ့ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



## ဣသိပတနာ မိဂဒါ

တတိယ မမေ့ကောင်းတဲ့ နေရာ၊ အဲဒါက ဘာလဲဆိုရင် ဓမ္မစက္က ပဝတ္တနဌာန၊ တရားဦးဟောရာ ဖြစ်တဲ့ မိဂဒါဝုန်တောအုပ်။

ကကုသန်ဘုရား ဓမ္မစက် ဟောတုန်းကလည်း ဒီနေရာပဲ။ ကောဏာဂုံ ဘုရား ဓမ္မစက်ဟောတုန်းကလည်း ဒီနေရာ၊ ကဿပ ဘုရား ဓမ္မစက်ဟောတုန်းကလည်း ဒီနေရာ၊ ဂေါတမဘုရားရှင် ကိုယ်တော်မြတ် ဓမ္မစက်ဟောတော့လည်း ဒီနေရာပဲ။

သာသနာတွင်းကာလမှာ ဘုရားတိုင်း ဘုရားတိုင်း ဓမ္မစက် ဟောဖို့ရန် မစွန့်လွှတ်တဲ့နေရာဟာ ဒီနေရာပါပဲ။

သာသနာကွယ်သွားတဲ့ ကာလများကျတော့ ပစ္စေကဗုဒ္ဓါတွေ နေကြတဲ့ နေရာ။ ဟိမဝန္တာက ပစ္စေကဗုဒ္ဓါတွေ ဆွမ်းခံဖို့ ဗာရာဏသီ လာရင် ဒီတောထဲမှာ ဆင်းပြီးတော့မှ မြို့ထဲဝင်ဆွမ်းခံ၊ ဆွမ်းပြည့်စုံတော့ ဒီတောအုပ်ထဲကို ပြန်လာဆွမ်းစားပြီးတော့ ရေမိုးချိုး သပိတ်ဆေးပြီး တော့မှ ဒီတောအုပ်ကနေ ဟိမဝန္တာ ပြန်တက်တာ၊ အဲဒါကြောင့် ''ဣသိပတန''။

ဒီလိုမွန်မြတ်တဲ့ နေရာပေါ့ ဆိုပြီးတော့ ရှေးရှေးက မင်းအဆက် ဆက်တို့သည် ''ငှက်မပစ်ကြရဘူး၊ သားကောင်တွေ မဖမ်းကြနဲ့၊ အိုင် ထဲက ငါးတွေ ဖားတွေလည်းပဲ မဖမ်းကြနဲ့'' ဆိုပြီး ဘေးမဲ့ပေးထားတဲ့ တော၊ အဲဒါကို ဘာခေါ်မလဲ။?

''မိဂဒါယ။''

မိဂဒါယဆိုတဲ့ သားသမင်တွေပေါတဲ့ တောအုပ်ထဲမှာ ရှေးရှေးက ဘုရားသုံးဆူတို့ တရားဓမ္မစကြာ ဟောမြွက်တော်မူတဲ့ နည်းအတိုင်း ဂေါတမဗုဒ္ဓရှင်တော်သည် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်ရဲ့ ဝါဆိုလပြည့်နေ့ တုန်းက အရှေ့လောကဓါတ်က လပြည့်ဝန်းက ထွက်ပြူစ အနောက် လောကဓါတ်မှာ နေမင်းကြီးက ဝင်စ။

နေနှင့်လ နှစ်ပါးပြိုင် မိဂဒါရုံ သားပေါင်းစုံတဲ့ တောရဂုံမှာ ရွှေရည် ငွေရည် သွန်းပြီးတော့ ကျက်သရေအလွန်ရှိနေတဲ့ အဲဒီ ညချမ်း ကာလမှာ တပည့်ဟောင်း ရသေ့ (၅)ပါးတို့ကို ဓမ္မစကြာဒေသနာ ဟောတော်မူခဲ့တာ၊ ဓမ္မစက်ကို စတင်၍ လှည့်လည်တော် မူခဲ့တာ။

အဲဒါကြောင့်...ဒီနေရာဟာလည်း မွန်မြတ်လွန်းလို့ မွန်မြတ်တဲ့ နေရာကို သွားပြီးတော့ ဖူးရမယ်ဆိုရင် ဘုရားကိုယ်တော်မြတ်ကို ဖူးရတာ မျိုးလိုပဲ အကျိုးကျေးဇူးများစွာ ဖြစ်မယ်တဲ့။ ဘုရားမရှိပေမယ့် ဘုရားဖူးထွက်မယ်ဆိုရင် ဒီလိုနေရာမျိုးကို သွားကြ။

အဲဒါကြောင့်...

အာနန္ဒ၊ ငါဘုရားရဲ့ထံတော်ပါးမှာ ခစားလိမ့်မှာ အို ညီမွှားအာနန္ဒာ။ ကြွခ၊ ဤကာသိတိုင်း ဗာရာဏသီမြို့နားက မိဂဒါရုံ သားပေါင်းစုံတဲ့ တောရုံမှာ။ တထာဂတောန၊ တထာဂတခေါ်တွင် ဘုရားရှင်ကိုယ်တော် မွေ့လျော်သည်။ ဓမ္မစက္ကံ၊ ဓမ္မစက်ကို၊ ပဝတ္တိတံ၊ စ, တင်လို့ အဲဒီနေရာက လှည့်ခဲ့တယ်။ ပဝတ္တိတံ၊ စ, တင်လို့ အဲဒီနေရာက မောင်းနှင်ခဲ့တယ်။

ဓမ္မစက္ကံ ပဝတ္တိတံ၊ ဓမ္မဆိုတဲ့ စက်ကြီးကို အဲဒီ မိဂဒါဝုန်က စတင်ပြီးတော့ မောင်းနှင်လို့ ထွက်လာခဲ့တာ။ အဲဒါကြောင့်...

တမ္ပိဌာနံ၊ ထို ဓမ္မဆိုတဲ့ စက်ကြီးကို စတင်၍ လှည့်လည်ရာ မောင်းရာ နှိုးရာဖြစ်တဲ့ ဒီနေရာမျိုးဟာ။ သဒ္ဓဿ၊ သဒ္ဓါတရား ကောင်းကြတဲ့၊ ကုလပုတ္တဿ၊ အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်း သူတော်ကောင်းတို့အတွက်။ ဒဿနီယံ မပြတ်မပြတ် ဖူးမြော်ထိုက်တဲ့၊ သံဝေဇနီယံ၊ ကုသိုလ် တရားတွေကို ဖြစ်ပွါးစေနိုင်တဲ့၊ ဌာနံ၊ ဌာနတစ်ခု ကူ၍။ ဒဋ္ဌပွဲ၊ ကောင်းစွာမသွေ မှတ်ထိုက်ပါပေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

# အိန္ဒိယမှာ သာသနာကွယ်ကြောင်း

တတိယ မမေ့ကောင်းတဲ့နေရာ။ ဘုရား ဖူးသလို သွားပြီးတော့ ဖူးရမယ့် တတိယနေရာကတော့ ဓမ္မစက္ကဌာနပဲ တဲ့။

ကာသိတိုင်းရဲ့မြို့တော် ဗာရာဏသီအနီးမှာရှိနေတဲ့ မိဂဒါယုံ သားပေါင်းစုံတဲ့ တောရဂုံ၊ ငါဘုရားရဲ့ ဓမ္မစက် လှည့်တဲ့နေရာ၊ သာသနာ ပြု လုပ်ငန်းကို စ, တင် ကြိုးပမ်းတဲ့နေရာပေါ့။

ဗုဒ္ဓမပွင့်မီ နှစ်သန်းပေါင်းများစွာကတည်းကိုက အိန္ဒိယပြေကြီးမှာ စွဲနေတဲ့ ''အတ္တ'' ဆိုတဲ့ ရေသောက်မြစ်ကြီးဟာ အဲဒီပြေကြီးကို ဖောက်ပြီးတော့ အဝိစိအထိ ဒီ အတ္တဆိုတဲ့ အမြစ်ကြီး တွယ်တယ်လို့ ပြောမယ် ဆိုရင် ပြောလို့ကို ရတယ်။

ဘာကြောင့်လဲ ဆိုတော့ ဗုဒ္ဓရှင်တော် (၄၅)နှစ်အတွင်းမှာ ဒီ အတ္တဆိုတဲ့ ရေသောက်မြစ်ကြီးကို တူးတာ၊ ဖြိုတာ၊ ဖျက်တာ၊ မကုန်တော့ (ဘာဖြစ်လဲဆိုတော့) ဗုဒ္ဓကွယ်ပြီးနောက် မကြာခင် ဒီ အတ္တ အပင်ကြီးက အိန္ဒိယတစ်ပြည်လုံး ပြန့်ပြီး လွှမ်းမိုးသွားတာ၊ ဒီလိုနဲ့ ဘုရားသာသနာ ကွယ်သွားရတာ။

ဒါကြောင့်မို့ ဘုန်းကြီးတို့ ပြောတာ။ အတ္တဆိုတဲ့ ရေသောက်မြစ် ကြီးဟာ အိန္ဒိယပြည်သူပြည်သားတွေရဲ့ နှလုံးသားထဲမှာသာလျှင် စွဲတာ မဟုတ်ဘဲနဲ့ မဟာပထဝီ မြေကြီးကိုပါ ဖောက်ပြီးတော့ ဒီ အတ္တဆိုတဲ့ ရေသောက်မြစ်ကြီးက ယူဇနာနှစ်သိန်းလေးသောင်း ဖောက်ပြီးတော့ အဝိစိတောင် ရောက်သွားတယ်။

အဲဒီ အတ္တဆိုတဲ့ အမြစ်ကြီး ခိုင်လွန်းလို့ ဘုရားသာသနာ အိန္ဒိယမှာ ကြာကြာ မတည်တာပဲ ဆိုပြီးတော့ ဒီအချက်ကို ဘုန်းကြီးတို့ ဒီကနေ့ ပရိသတ်က သိထားဖို့ကောင်းတာ။

## အိန္ဒိယမှာဆင်နွှဲ ဆွေးနွေးပွဲ

မကြာခင်လေးက ဘုန်းကြီးတို့ အိန္ဒိယသွားတော့ ဟို ဓမ္မဂီရိမှာ လူ (၇)ယောက်နဲ့ စားပွဲဝိုင်းလေးမှာ ထိုင်ပြီးတော့ ဆွေးနွေးတဲ့ ဆွေးနွေးပွဲ၊

တရားဟောဖို့က အချိန်က ဘယ်လိုမှ မပေးနိုင်တာနဲ့ လူ(၇)ယောက် လာပြီးတော့ ဒီ ဆွေးနွေးပွဲလေး လုပ်ချင်ပါတယ်တဲ့။ ကဲ လုပ်တာပေါ့ဆိုတော့ အင်္ဂလန်က နှစ်ယောက်၊ အမေရိက က နှစ်ယောက်၊ ကနေဒါက တစ်ယောက်၊ အီတလီက တစ်ယောက်၊ ပြီးတော့ အဲဒီ အိန္ဒိယက (ဟုတ်လား) (ဘရားမင်း) လူမျိုးကနေ ဗုဒ္ဓဘာသာ ပြောင်းလာတဲ့ ဒေါက်တာဘွဲ့ရ "ဒေါက်တာအာဘန်း" လို့ ခေါ်တယ်။ သုတေသနဌာနတစ်ခုမှာ ဒါရိုက်တာ လုပ်နေတာ။

သူနဲ့ဘုန်းကြီးက နှစ်ပေါင်းများစွာကတည်းက ရင်းနှီးနေပြီး သားပါ။ သူ စီမံပေးလို့ ဆွေးနွေးပွဲလေး လုပ်ဖြစ်ကြတယ်။ သူတို့ ပြောပုံလေးကတော့ အိန္ဒိယမှာ ဘုရားသာသနာ ဘာကြောင့် ကြာကြာ မတည်ဘဲနဲ့ တရားတော်ရဲ့ မွေးရာမြေမှာ ဒီဓမ္မ ကြာကြာမတည်ဘဲနဲ့ ကွယ်သွားပြီးတော့ သူ့မွေးရပ်မြေ မဟုတ်တဲ့ ဗမာပြည်မှာ ဘာပြုလို့ ကြာကြာကြီး ပွားတည်သလဲ? ဆိုတဲ့ အဲဒီ မေးခွန်းက စမေးတယ်။

အဲဒီတော့ ဘုန်းကြီး ပြောတဲ့အချက်ကတော့ ဒါပဲ။

``အတ္တ ဆိုတဲ့ ရေသောက်မြစ်ကြီးက နှစ်သန်းပေါင်းများစွာ ဘုရား မပွင့်မီကတည်းကိုက အိန္ဒိယမြေကြီးမှာ အမြစ်တွယ်ပြီးတော့ ထားတာ၊ ဒီ အမြစ်ကြီး ဒီ အတ္တ ရေသောက်မြစ်ကြီး၊ နောက်တစ်ခု ရှိသေးတယ်။ ဇာတ်ဝါဒ၊ လူကို အမျိုးဇာတ်ခွဲတဲ့ ရေသောက်မြစ်ကြီး အဲဒီလို အတ္တဝါဒနဲ့ ဇာတ်ဝါဒ'' ဆိုတဲ့ ဒီ အမြစ်ကြီး နှစ်မြစ်က တွယ်နေတာ၊ အစိစိအထိ တွယ်ထားတာကွ။

အဲဒါကြောင့်မို့လို့ ဘုရားသာသနာ အိန္ဒိယမှာ ကြာကြာမတည်တာ လို့ ဆိုတော့ ဒေါက်တာဘန်း ဆိုတဲ့ လူကြီးက

``ဟာ ဆရာတော် အစိစိအထိ တွယ်တယ်ဆိုတာတော့ လွန်များသွားပလား``တဲ့။ သူက ရယ်ပြီးတော့ ပြောရှာတယ်။

``ဒကာကြီး မလွန်ဘူးကွ''

ဘာဖြစ်လို့လဲ?

``အတ္တဆိုတဲ့ ဒိဋ္ဌိ မကုန်သမျှ ကျန်သော မိစ္ဆာဒိဋ္ဌိ အကုန်လုံး ဒီအပေါ်မှာ မှီဖြစ်တာ။ အဲဒီတော့ မိစ္ဆာဒိဋ္ဌိသမားတွေရဲ့ သွားရာပြေဟာ အဲဒါ အဆုံးစွန် ပြောရင် အစိစိပဲ။ အဲဒါကြောင့် အတ္တအယူ သိပ်သန်တဲ့ လူ့သန္တာန်မှာ ဘာဖြစ်လဲ? ကျန်သော မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး အကုန်လုံး ဖြစ်ခွင့်ရှိတယ်။

မိစ္ဆာဒိဋ္ဌိ အယူအဆသမားရဲ့ သွားရာပြေက အစိစိမို့လို့ ရေသောက်မြစ်ကြီး အစိစိအထိ တွယ်နေတယ်လို့ ငါ ပြောတာပါကွာ'' မင်းမှာ အဲဒီ အမြစ်များ ကျန်နေသေးရင်တော့ ငါ မင်းကို တောင်းပန် ပါတယ်။''

ကိုယ်ကလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ် ပြောရတယ်၊ သူ့ကို လည်း စမ်းကြည့်ရသေးတာကိုး။ သူကလည်း ဘရားမင်းကိုးဗျ။ ''ဆရာတော်တဲ့ အတ္တဆိုတဲ့ အမြစ်ဆိုတာ ကျွန်ုပ်သန္တာန်မှာ လုံး၀ မရှိတော့ပါဘူး''တဲ့၊ သူက ဒီလို ပြောတယ်။ သူကဒီလိုဆိုတော့ ကိုယ် မမေးပဲနဲ့ လိုချင်တာလေးက အလိုလိုရသွားတယ်၊ ဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ ဓမ္မစက်ကို လှည့်တယ်လို့ ဆိုတော့ ဓမ္မစက်ထဲမှာ (ဘာပါလဲဆိုတော့) သစ္စာလေးပါး၊ အဲဒီ ဓမ္မ စက်ဟောပြီး (၅)ရက်လွန် တော့ (၆)ရက်မြောက်ထဲမှာ (ဘာဟောလဲ။?)

အနတ္တလက္ခဏာသုတ္တန်ကို ဟောတာ၊

ဘယ်နေရာလဲ? ဆိုရင် မိဂဒါယုံ၊

ဒါကြောင့် ဒီနေရာကို သွားပြီးတော့ ဖူးကြတဲ့။

ဗုဒ္ဓမပေါ်မီ နှစ်သန်းပေါင်းများစွာကတည်းက အိန္ဒိယ မြေကြီးမှာ စွဲပြီးတော့နေသော အတ္တရေသောက်မြစ်ကို အနတ္တလက္ခဏာ သုတ်ဖြင့် ပုဒ္ဓရှင်တော်က တူးဖြိုတော်မူတာ၊ ဒီနေရာ။ အဲဒီနေရာဟာ မွန်မြတ်လွန်း လို့၊ ဒီနေရာ သွားဖူးရရင် (ဘာ ဖြစ်လဲ။?) ဘုရားဖူးရတဲ့အတိုင်းပဲ အကျိုးရှိမယ်။ မမေ့ကောင်းသောနေရာ လေးခုထဲမှာ အခု တတိယ နေရာသည် မိဂဒါယုံ။

အာနန္ဒ၊ ငါဘုရားရဲ့ထံတော်ပါး ခစားလိမ့်မှာ အို ညီဖွား အာနန္ဒာ။ က္လမ၊ ဤကာသိတိုင်း ဗာရာဏသီမြို့နားက မိဂဒါယုံ သားပေါင်းစုံတဲ့ တောရဂုံမှာ။ တထာဂတေန၊ ငါဘုရားရှင်ကိုယ်တော်မြတ် သည်။ **အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ၊** အတုမရှိတဲ့ ဓမ္မစက်ကို စ, တင်လို့

လှည့်လည်ခဲ့ပြီ။ ဘယ်တုန်းကလဲဆိုဟော့ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်ရဲ့ ဝါဆို လပြည့်နေ့တုန်းက။

အာနန္ဒ၊ ငါ့ညီအာနန္ဒာ။ တမ္ဘဉာန်၊ အဲဒီ ဓမ္မစက်လှည့်ခဲ့တဲ့ နေရာဟာလည်းပဲ၊ သဒ္ဓဿ၊ သဒ္ဓါတရားကောင်းကြတဲ့၊ ကုလပုတ္တဿ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းတို့ အတွက်။ ဒဿနီယံ၊ မပြတ်မပြတ် ဖူးမြင်ထိုက်သော။ သံဝေဇနီယံ၊ ကုသိုလ်တရားတွေကို များစွာ ဖြစ်ပွါးစေနိုင်တဲ့၊ ဌာနံ၊ တတိယဌာနတစ်ခု ...ရဲ့။ ဒဌဗ္ဗံ၊ ကောင်းစွာမသွေ မှတ်ထိုက်ပါပေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## နိဗ္ဗာန်ဝင်ရာ ဖူးမြော်ပါ

နောက်တစ်ခါ စတုတ္ထမမေ့အပ်တဲ့ နေရာကတော့...


ဣဓအာနန္ဒ တထာဂတော အနုပါဒိသေသာယ နိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗုတောတိ သဒ္ဓဿ ကုလပုတ္တဿ ဒဿနီယံ သံဝေဇနီယံ ဌာနံ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣဓ၊ ဤနေရာမှာ။ ဘယ်နေရာ တုန်းဆိုရင် မလ္လာတိုင်း ကုသိနာရုံ (ဒါ့မဟုတ်ရင်တော့) ကုသိနာရုံ ဆိုတဲ့ မြို့ရဲ့ (သို့မဟုတ်ရင်တော့) ကုသိနာရုံ ဆိုတဲ့ မြို့ရဲ့ မလ္လာန်

သာလဝနေ ဥပဝတ္တနေပေါ့၊ မလ္လမင်းတို့ရဲ့ အင်ကြင်းတော မြို့ရဲ့ အနောက်တောင် ထောင့် အကွေ့ကလေးနားမှာ။ တထာဂတော၊ တထာဂတခေါ်တွင် ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ အနုပါဒိသေသာယ၊ ခန္ဓာငါးပါး အကြွင်းအကျန်မရှိတဲ့။ နိဗ္ဗာနဓါတုယာ၊ နိဗ္ဗာနဓါတ်ဖြင့်။ ပရိနိဗ္ဗုတော၊ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းတော်မူခဲ့ပြီးပြီ။

အာနန္ဒ၊ ငါ့ညီ အာနန္ဒာ။ တမ္ပိဌာနံ၊ ငါဘုရားမြတ်စွာ နိဗ္ဗာန်ရွှေဘုံ ခိုလှုံတဲ့ ထိုနေရာဟာလည်းပဲ။ သဒ္ဓဿ၊ သဒ္ဓါတရား ကောင်းကြတဲ့။ ကုလပုတ္တဿ၊ အမျိုးကောင်း အမျိုးကောင်းသမီးအပေါင်းသူတော်ကောင်းတို့အတွက်။ ဒဿနီယံ၊ မပြတ်မပြတ် ဖူးထိုက်သော။ သံဝေဇနီယံ၊ ကုသိုလ်တရားတွေကို ဖြစ်ပွါးစေနိုင်သော။ ဌာနံ၊ စေတီဌာနတစ်ခုဟူ၍။ ဒဋ္ဌဗ္ဗံ၊ ကောင်းစွာမသေ့ မှတ်ထိုက်ပါပေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား



## ဥပဝတ္တနဆိုတဲ့ အကွေ့လေး

စေတီ မမေ့ကောင်းသောနေရာ၊ သွားရောက် သွားရောက်ပြီးတော့ ဘုရားဖူးသလို ဖူးရမယ့် စေတီနေရာကတော့ ကုသိနာရုံ အင်ကြင်းရဂုံ နိဗ္ဗာန်ရွှေဘုံ ခိုလှုံတဲ့နေရာပဲ တဲ့။ ရှေးတုန်းက ခေါ်ဖူးတာကတော့ မလ္လာတိုင်း ကုသိနာရုံဆိုတဲ့ မြို့ကို ဒီကနေ့ ခေါ်ကြတာက

ကာယိန္ဒြိယမြေ၊ အဲဒီအနောက်တောင်ထောင့် အကွေ့နားက တောင်ဖက် တံခါးက ထွက်ရင် အနောက်ဖက်ကို ကွေ့ရမယ်၊ အနောက်တံခါးက ထွက်ရင် တောင်ဖက်ကို ကွေ့ရမယ်။ အဲဒီလို ဟိုဖက် ဒီဖက် ကွေ့လို့ရတဲ့ အကွေ့ကလေးကို ခေါ်တာ၊ ဥပဝတ္တန တဲ့။

အင်ကြင်းရဂုံတော၊ အဲဒီ ကာယိနာရုံ အင်ကြင်းရဂုံမှာ ဗုဒ္ဓ ရှင်တော်သည် မဟာသက္ကရာဇ် (၁၄၈)ခုနှစ်ရဲ့ ကဆုန်လပြည့်နေ့တုန်းက ခန္ဓာ(၅)ပါးစလုံး အကြွင်းအကျန်မရှိတဲ့ နိဗ္ဗာန်တဲ့၊ ခန္ဓာငါးမျိုးစလုံး အကြွင်းအကျန်မရှိတဲ့ နိဗ္ဗာန်မို့လို့ အနုပါဒိသေသ နိဗ္ဗာန် ခေါ်တယ်။

ကိလေသာတွေတော့ အကြွင်းအကျန်မရှိ ငြိမ်းသွားပါပြီ၊ ခန္ဓာကတော့ ကြွင်းသေးတယ် ဆိုရင် ''သဉပါဒိသေသ နိဗ္ဗာန်''၊ ကိလေသာတော့ အကြွင်းမရှိ ငြိမ်းပြီ၊ ခန္ဓာတော့ (ဘာဖြစ်လဲ။?) ကြွင်းကျန် သေးတယ်၊ အဲဒါဆိုရင် ''သ ဉပါဒိသေသနိဗ္ဗာန်''။

ကိလေသာ မကြွင်းရုံမကပဲနဲ့ ခန္ဓာငါးမျိုးစလုံးပါ မကြွင်းတော့ပဲ ငြိမ်းသွားပြီဆိုရင်တော့ ''အနုပါဒိသေသနိဗ္ဗာန်'' မဟာသက္ကရာဇ် (၁၄၈) ခုနှစ်ရဲ့ ကဆုန်လပြည့်နေ့တုန်းက ကာသိနာရုံမြို့ အနောက်တောင်ထောင့် က အင်ကြင်းတောမှာ နိဗ္ဗာန်ရွှေဘုံ ခိုလှုံခဲ့ပြီးပြီ။

## ဥနှစ်ကြိမ်ခေါင်းချ မြတ်ဌာန

အဲဒီနေရာမှာ ဗုဒ္ဓရှင်တော်သည် ဗုဒ္ဓမဖြစ်မီ ပါရမီတွေကို ဖြည့်ကျင့်တော်မူနေတဲ့ ရှေးရှေးဘဝတွေတုန်းက လေးကျွန်းသနင်း စကြာမင်းဖြစ်ပြီးတော့မှ ဒီနေရာမှာ ဦးခေါင်းချတော်မူခဲ့ဖူးတာ (၆)ကြိမ်တဲ့၊

လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်း ဖြစ်ပြီးတော့မှ ဒီနေရာ ဦးခေါင်းချတော်မူခဲ့တာဟာ (၆)ကြိမ်။

သတ္တလောကတစ်ခုလုံးရဲ့ ကိုးကွယ်ရာ ဖြစ်ပြီးတော့မှ ဦးခေါင်း တစ်ခါ ချပြန်တော့ ဒီနေရာမှာ ဘုရားရှင် ဦးခေါင်းချတော်မူတာ (၇) ကြိမ်မြောက်ပဲ။

အဲဒါကြောင့်...

ဒီနေရာဟာလည်းပဲ ထူးမြတ်လွန်းလို့ အနုပါဒိသေသ နိဗ္ဗာန်ရွှေဘုံ ခိုလှုံတဲ့နေရာ ဘုရားရှင်ကိုယ်တော်မြတ် ဦးခေါင်း(၇)ကြိမ် ချတော်မူတဲ့ နေရာမို့လို့ ထူးမြတ်တဲ့ နေရာဟာလည်း။ သဒ္ဓဿ၊ သဒ္ဓါကောင်းတယ် ဆိုရင်။ ကုလပုတ္တဿ၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ဘယ်သူ့ အတွက်ပဲဆို။ ဒဿနီယံ၊ သွား သွား ပြီးတော့ ဖူးကြမယ်ဆိုရင်လေ။ သံဝေဇနီယံ၊ ဘုရားကိုယ်တော်မြတ် ကိုယ်တိုင်ကို ဖူးရသလိုပဲ။

အဲဒီနေရာရောက်ရင် ကုသိုလ်တရားတွေ များစွာ တိုးပွါးနိုင်တဲ့ အတွက်ကြောင့်။ ဌာနံ၊ စတုတ္ထသံဝေဇနီယဌာနတစ်ခုဟူ၍။ ဒဋ္ဌဗ္ဗံ၊ ကောင်းစွာမသေွ မှတ်ထိုက်ပေကုန်၏လို့။ ဘဂဝါ၊ ဘုရားရှင်သည်။ အာယသ္မန္တံ၊ အာနန္ဒံ၊ အရှင်အာနန္ဒာ မထေရ်သူမြတ်ကို။ အဝေါစ၊ ...ဘာရှေ့ထား၊ မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား

## မြေကြီးမပျက် သဒ္ဓါပျက်

(၁) ဇာတဌာန ရယ်

(၂) ဗောဓိဌာန ရယ်

(၃) ဓမ္မစက္ကဌာန ရယ်

(၄) ပရိနိဗ္ဗာနဌာန ရယ် လို့ ဌာန(၄)ခု၊ အဲဒီဌာန(၄)ခုကို သံဝေဇနီယ (၄)ဌာန လို့ ခေါ်တယ်တဲ့။ ဒီ(၄)နေရာ ရောက်လို့ရှိရင် ဘုရားကိုယ်တော်မြတ်ကို ဖူးရတဲ့ အတိုင်းလို့ သဘောထား။ ငါ့ညီအာနန္ဒာ ငါဘုရားကွယ်ပေမယ့် ဘုရားဖူးစရာ မရှိတော့ဘူးလို့ မမှတ်နဲ့၊ အဲဒီ (၄)နေရာ သွားပြီးတော့ဖူး တဲ့၊ ဖူးရမယ့် နေရာဟာ (၄)ခု ရှိရစ်ခဲ့တယ်။ ကမ္ဘာမြေကြီးရှိသမျှ ကာလပတ်လုံး ဒီ(၄)နေရာဟာ ရှိနေမှာပဲ၊ ကမ္ဘာမပျက်မခြင်း အဲဒီ (၄)နေရာလည်း မပျက်မစီးရှိနေဦးမှာ။ အရေးကြီးတာကတော့ သဒ္ဓါ တရားမပျက်ဖို့ပဲ အရေးကြီးတယ်။

ကမ္ဘာမြေကြီး တည်ရှိနေသမျှ ဒီ(၄)နေရာ တည်ရှိမယ်ဆိုရင် အဲဒီတော့ (၄)နေရာကို ကြည်ညိုတတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ သဒ္ဓါတရားက လည်း ကမ္ဘာမြေကြီးနဲ့အမျှများ တည်လိုက်မယ်ဆိုရင် ဘယ်လောက် ကောင်းမလဲ၊ ဟာ...သဒ္ဓါတရား ပျက်သွားပြီ ဆိုလို့ရှိရင်တော့ (၄)နေရာ ရှိနေလည်း အချည်းနှီးပဲ တဲ့၊ ဘာကုသိုလ်မှ ရမှာမဟုတ်တော့ဘူး။

အဲဒါကြောင့် နိဂုံးချုပ်ကတော့ ဘုန်းကြီးတို့ ပရိသတ်ကြီး ဒီ လေးနေရာဟာ ကမ္ဘာမြေကြီးနှင့်အမျှ ရှိနေမှာပဲလို့ ကို (၄)လေးနေရာကို ကြည်ညိုတတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ သဒ္ဓါတရားကလည်း ကိုယ့်အသက်နှင့် အမျှ ရှိရင်ပဲ တော်တော်ကောင်းပါပြီ၊ တော်တော် လုံလောက်ပါပြီ။

## ဆရာတော်ကြီး နည်းတူမှီး

ဒီကနေ့... မိမိတို့ရဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို အမှတ်တရ တရိုတသေ နှလုံးသားထဲမှာ သိမ်းပိုက်ထားကြတဲ့ သူတော်ကောင်းအားလုံးတို့ကို ဘုန်းကြီးတို့ နိဂုံးချုပ် ပြောရမှာက...

(၁) ကျေးဇူးရှင် ဆရာတော်ကြီးရဲ့ မွေးရပ်မြေကို မမေ့ရဘူး။ အဲဒီနေရာကို မပြတ် ပူဇော်ရမယ်၊ မှတ်တိုင် စိုက်ထူရမယ်။

(၂) ဆရာတော်ဘုရား ရဟန်းဖြစ်တော်မူတဲ့ နေရာကို မမေ့ရဘူး။

(၃) ဆရာတော်ဘုရား သာသနာပြုတော်မူတဲ့နေရာ၊ ဘုရား ဓမ္မစက်ကို လည့်သလို သာသနာပြုရာဖြစ်တဲ့ ဒီ ရွှေဟင်္သာကျောင်းတိုက်ကြီးကို မမေ့ရဘူး။

(၄) နံပါတ်(၄)ကျတော့ ဘုရားပရိနိဗ္ဗာန်စံတဲ့ နေရာလိုပဲ ဆရာတော်ဘုရားကြီး ဦးခေါင်းချတော်မူသွားတဲ့ နေရာကို ဒီ ကပည့်ဒကာဒကာမတွေ မမေ့ကြရဘူး။

သီတင်းကျွတ် ဖူးစရာမရှိတော့ဘူး၊ ဆရာတော်ကြီးမှ အခမ္ရှိမှ မရှိတော့ပဲ။ သီတင်းကျွတ် ကန်တော့သွားစရာ မလိုတော့ဘူးလို့ တွက်ရင် အဲဒါ မှားသွားပြီတဲ့၊ ဒီ (၄)နေရာ ရှိနေသမျှကာလပတ်လုံး ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို မှန်းပြီးတော့ ဝါကျွတ်ရော ဝါဦးရော ဘာဖြစ်ဖြစ် (ပရိသတ်ကြီး ဘာလုပ်ရမလဲ။?)

မပြတ်မပြတ် ဖူးမြော် ပူဇော်ရမှာ နော်။

အဲဒီ (၄)နေရာကို ဖူးမြော်ပူဇော်လို့ နေသမျှကာလပတ်လုံး မိမိတို့မှာလည်း ကုသိုလ်တရား များစွာတိုးပွါး၊ ဆရာတော်ဘုရားကြီး တည်ဆောက်တော်မူသွားတဲ့ သာသနာကော်လည်းပဲ အရှည်ခံ၍ တည်တံ့ ဒီလိုဖြစ်မှာ။

ဒီလိုမှမဟုတ်ရင်တော့ ဟို အရှင်အာနန္ဒာ ပူသလို ပူစရာချည်းပဲ။ မနောဘာဝနီယ ပုဂ္ဂိုလ်ကြီးတွေ မရှိတော့ပါဘူး၊ ဟိုလည်းပဲ မသွားတော့ ဘူး ဆိုရင်တော့ တပြည်းပြည်းနဲ့ ဒီ ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ သာသနာဟာ (ဘာဖြစ်မှာလဲ။?)

## မမေ့အပ်သော လေးနေရာ

တိမ်ပြီးတော့ ပျောက်ကွယ်သွားစရာ အကြောင်းရှိတယ်၊ ဒီကနေ့ အားလုံးသော သူတော်ကောင်းတွေကို ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်အပေါင်းကို အာရုံပြုပြီးတော့ ဂုဏပူဇာပွဲ ဝိဇာယနပူဇာပွဲမှာ ဘုန်းကြီးတို့က ''မမေ့အပ်သော လေးနေရာ'' ဆိုတဲ့ စကားရပ်ဖြင့် မမေ့ကြဖို့ မပြတ်မပြတ် သွားရောက် ဖူးမြော်ပူဇော်ကြဖို့ အရှင်အာနန္ဒာကို မြတ်စွာဘုရား တိုက်တွန်းတော်မူသလို ဒီကနေ့ ဆရာတော်ဘုရားကြီးရဲ့ တပည့်ဒကာ ဒကာမအားလုံးတို့ကို ဘုန်းကြီးတို့က အလေးအမှတ် တိုက်တွန်း နှိုးဆော်ပါတယ်။

မွေးသောနေရာ မမေ့တန်း ပူဇော်ရမယ်။ ဘုရားဖြစ်တဲ့နေရာ မမေ့ရဘူး ဆိုတာလို ဆရာတော်ဘုရား ရဟန်းဖြစ်တဲ့နေရာ မမေ့ရဘူး။

မြတ်စွာဘုရား သာသနာပြုတဲ့နေရာ မမေ့ရဘူး ဆိုတာလို ဆရာတော်ကြီး သာသနာပြုတဲ့ ရွှေဟင်္သာတိုက်ကြီးကို မမေ့ရဘူး။

မြတ်စွာဘုရား ဦးခေါင်းချတဲ့နေရာ မမေ့ရဘူးဆိုတာလို ဆရာတော်ကြီး ဦးခေါင်းချသွားတဲ့နေရာ မမေ့သင့်ဘူး၊ မမေ့ကြနဲ့ ဆိုတဲ့ အကြောင်းကို တိုက်တွန်းပြီးတော့ **သံဝေဇနီယလေးပါး၊ မမေ့အပ်သော လေးနေရာတရားတော်ဖြင့်** ဆရာတော်ဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ ဒီကနေ့ ဘုန်းကြီးတို့ ကျေးဇူးဆပ်ပြီးတော့ ပူဇော်ပါတယ်။

အားလုံးသော သူတော်ကောင်းတွေ မမေ့အပ်သော(၄)နေရာကို မမေ့ကြပါနဲ့။ ဒါ နိဂုံးချုပ် တိုက်တွန်းပါတယ်။ ကိုင်း အားလုံး မေတ္တာ နိဂုံးပါဗျာ၊ မေတ္တာပို့ဝေလိုက်ကြ။

- ကိုယ်စိတ်နှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
- မေတ္တာနှလုံး၊ ကိုယ်စီသုံး၊ ရွှင်ပြုံးကြပါစေ။
- တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ၊



**သီတဂူဆရာတော် ဟောကြားတော်မူသော**
**မမေ့အပ်သောလေးနေရာ တရားတော် ပြီးပါပြီ။**

## ရွှေဟင်္သာဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ရေးသားတော်မူသော သံဝေဇနီယဌာနဘုရားရှိခိုး ဂါထာ ပါဠိတော်နှင့် အနက်များ

### ဖွားမြင်တော်မူရာ၌ ရှိခိုးဂါထာ

ပုဗ္ဗေ ဇာတောသိ ဣလမှိ၊
သာလရုက္ခဝနေ ရမေ။
တသ္မိံ ဂုဏာဝိသေသေ၊
သရိတွာ တံ နမာမဟံ။

ပုဗ္ဗေ၊ သစ္စာလေးအင် ကိုယ်တိုင်မြင်သည့် တို့ရှင်ထွက်ထား မြတ်ဘုရားသည်။ ရမေ၊ သာယာဆန်းကြယ် လွန်တင့်တယ်၍ မွေ့လျော် ဖွယ်ရှိသော။ ဣလမှိ သာလရုက္ခဝနေ၊ ဤအင်ကြင်းပင် တောအုပ်၌။ ဇာတောသိ၊ လူတွင်ထင်ရှား ရှေ့ဆောင်သွားရန် ခန့်ညားကြည်လင် ဖွားမြင်တော်မူလေပြီ။ တသ္မိံ ပုဗ္ဗသာ၊ ထိုသို့သော မြတ်စွာဘုရား၏ သာလျှင်။ ဂုဏာဝိသေသေ၊ နတ်. လူ. ဗြဟ္မာ. သတ္တဝါထက် ကဲသာ သကတ် ဂုဏ်ထူးမြတ်တို့ကို။

သရိတွာ၊ အာရုံရှေးရှု ဆင်ခြင်အောက်မေ့ခြင်းကိုပြု၍။ အဟံ၊ ငါသည်။ နမာမိ၊ ရိုသေညွတ်ကျိုး ဦးထိပ်မိုး၍ ရှိခိုးပါ၏ ဘုရား။

## ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗောဓိပင်၌ ရှိခိုးဂါထာ

ဗုဒ္ဓေါ ဗုဇ္ဈတိ ဋ္ဌမမှိ၊ ရက္ခမှိ ဓမ္မ မုတ္တမံ။
သုဗုဒ္ဓံ တံ နမဿာမိ၊ သဗ္ဗညုံ လောကနာယကံ။

ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသည်။ ဋ္ဌမမှိ ရက္ခမှိ၊ ဘုရားရှင်တို့ မချို့ပွင့်ရာ ရတနာမြေမင်း ဤမဟာဗောဓိပင်ရင်း၌။ ဥတ္တမံ၊ သိဉ္ဇည်း ကဿပ အစေလတရား အစားစားတို့ထက် လွန်းတက် ကျော်လတ် ထူးမွန်မြတ်သော။

ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ ဗုဇ္ဈတိ၊ ဆရာမရှိ ကိုယ်တိုင်ကြည့်၍ သိရှိတွေ့မြင်တော်မူ၏။ သဗ္ဗညုံ၊ ဉေယျဥဿုံ သိအပ်သမျှသော တရားစုကို အကုန်အစင် သိမြင်တော်မူသော။ သုဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ကောင်းစွာ သိမြင်တော် မူသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ နမဿာမိ၊ ရှိသေမြတ်နိုး သဒ္ဓါမိုးကို ရွာဖြိုးလျက်သာ ရှိခိုးပါ၏ အရှင်ဘုရား။

## ဓမ္မစကြာတရားတော်ကို ဟောတော်မူရာ မိဂဒါဝုန်တော၌ ရှိခိုးဂါထာ

ဗုဒ္ဓေါ ဋ္ဌမမှိ ဒါယမှိ၊ ဓမ္မစက္က မဒေသယိ။
နိဗ္ဗာန ပါပကံ ဓမ္မံ၊ တံ နမဿာမိ သာဒရံ။

ဗုဒ္ဓေါ၊ သစ္စာလေးခွင် တရားအင်ကို ကောင်းစွာသိမြင်တော်

မူသော မြတ်စွာဘုရားသည်။ ဣမမိ ဒါယမို၊ သားသမင်တို့ မြူးရွှင်သဘာဝ တောကင်းကြ၍ ချမ်းမြအတွေ့ မွေ့လျော်ရာဖြစ်သော ဤမိဂဒါဝုန်တော၌။ နိဗ္ဗာန ပါပကံ၊ နိဗ္ဗာန်ရွှေမြို့သို့ ပို့ဆောင်ပေးတတ်သော။ ဓမ္မစက္ကံ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂလေးဖြာ ဓမ္မစကြာဟု ဆိုအပ်သော။ ဓမ္မံ၊ တရားတော်ကို။

အဒေသယိ၊ ပဉ္စဝဂ္ဂီ ဤငါးလီအား မနသိကာရ သနားလှ၍ ကျနသွန်သင် မြင်အောင်သဘော ဦးစွာစော၍ ဟောကြားတော်မူလေပြီ။ တံပုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ သာဒရံ၊ အာရုံရှေ့သွား ရိုသေလေးစားခြင်းနှင့်တကွ။ နမဿာမိ၊ ဦးညွှတ်ဝပ်လျှိုး လွန်မြတ်နိုးကာ ရှိခိုးပါ၏ဘုရား။

## ဇေတဝန် ကျောင်းတော်ရာစသည်တို့၌ ရှိခိုးဂါထာ

ဣဓ ပုဒ္ဓေါ နိဝါသောသိ၊ ဣဓေ ကဒါ၀ ဝါသကော။
ဇေတဝနာဒိ ဌာနေသု၊ ဌတွာ ပုဒ္ဓံ ဝန္ဒာမ ဟံ။

ပုဒ္ဓေါ၊ သစ္စာသိမြင် ဉာဏ်၌ထင်သည့် ဂေါတမမည်တွင် ဘုရားရှင်သည်။ ဣဓ၊ ဤသည့်မြို့ပြ ဤဌာန၌။ နိဝါသော၊ ဝါတော်ကာလ နှစ်ဆယ်ကျအောင် ထာဝရရွှင်ပြုံး နှလုံးမွေ့လျော် သီတင်းသုံးနေတော်မူ၏။ ကေဒါ၀ ကေဒါ၀ေ၊ ကာလမကြာ ရံခါ ရံခါ၌သာလျှင်။

ဝါသကော၊ အလည့်အလည့် ကြည့်ရှုကျိုးဖလ ခေတ္တမျှသာလျှင် ရွှင်ကြည်နှလုံး သီတင်းသုံးတော်မူ၏။ ဣတိ၊ ဤသို့လျှင်။ ဇေတဝနာဒိ ဌာနေသု၊ ဇေတဝန် ပုဗ္ဗာရုံ ဝေဠုဝန်အစရှိသော ဌာနတို့၌။ ဌတွာ၊ အခိုက်အတန့် မကြန့်မကြာ ရပ်ခါရပ်ခါ နားနေ၍။ အဟံ၊ ငါသည်။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ အတိတ်အာရုံ ပြန်ခြုံမျှော်ကိုး လွှန်မြတ်နိုးကာ ရှိခိုးကန်တော့ပါ၏ ဘုရား။

## ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံ ရှိခိုးဂါထာ

သမ္ဗုဒ္ဓေါ ဣဓ နိဗ္ဗုတော၊ ဇာတျာဒိ ဒုက္ခက္ခန္ဓကံ။
ဩဟာယ သန္တိ မာရဗ္ဘ၊ နိဗ္ဗုတံ တံ နမာမ ဟံ။

သမ္ဗုဒ္ဓေါ၊ သစ္စာလေးခွင် တရားအင်ကို ကောင်းစွာ သိမြင်တော်မူသော မြတ်စွာဘုရားသည်။ ဇာတျာဒိ ဒုက္ခက္ခန္ဓကံ၊ ဇာတိ အစရှိသော ဒုက္ခခန္ဓာအပေါင်းကို။ ဩဟာယ၊ ပယ်စွန့်တော်မူ၍။ သန္တိ၊ သန္တိသုခ နိဗ္ဗာနကို။ အာရဗ္ဘ၊ အာရုံပြု၍။ (ဝါ) အကြောင်းပြု၍။

ဣဓ၊ ကုသိနာရုံ အမည်သာစွ ဤမြို့ပြ၌။ နိဗ္ဗုတော၊ ခန္ဓာငါးဝ ကွယ်ပျောက်ကြ၍ ကာမတဏှာ ဝိတဏှာတို့ ရှင်းကွာချုပ်သိမ်း၍ ငြိမ်းအေးတော်မူလေပြီ။ နိဗ္ဗုတံ၊ အငြိမ်းကြီး ငြိမ်းတော်မူပြီးသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ နမာမိ၊ ရိုသေမြတ်နိုး ဦးညွတ်လျှိုးကာ ရှိခိုးပါ၏ဘုရား။

## သတ္တဝါတို့အား တရားအရသာကို တိုက်ကျွေးတော်မူပြီး၍ ပရိနိဗ္ဗာန်ပြုတော်မူသည်ကို အာရုံပြု၍ ရှိခိုးဂါထာ

ဇနဿ ဓမ္မမေဒဿ၊ ရသံ ဒတွာန အာယုကံ။
နိဗ္ဗုတော ယော တထာဂတော၊ နမာမိ တံ သုနိဗ္ဗုတံ။

ယော တထာဂတော၊ ရှေးရှေး ဘုရားရှင်တို့ကဲ့သို့ ကောင်းစွာ ကြွသွားခြင်းရှိတော်မူသော မြတ်စွာဘုရားသည်။ အော်ယုက်၊ ခေတ်ကာလတည် သက်တော်ရှည်သမျှ ကာလပတ်လုံး။ ဇနဿ၊ လူ. နတ်. ဗြဟ္မာ သတ္တဝါဟူ သုံးဘုံလူအပေါင်းအား။ ဓမ္မမေဒဿ၊ ဓမ္မအစစ် တရားတော် အဆီအနှစ်၏။ ရသံ၊ ဘောဇဉ်အရသာ အဖြာဖြာထက် ကဲသာထူးချွန် မွန်မြတ်သော ဓမ္မအရသာကို။

ဒတွာန၊ ထုတ်ဖော်ဟောကြား ပေးသနား တော်မူပြီး၍။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန် ဝင်စံချုပ်သိမ်း၍ ငြိမ်းတော်မူလေပြီ။ တံ တထာဂတံ၊ ထိုသို့သဘောရှိသော မြတ်စွာဘုရားကို၊ အဟံ၊ ငါသည်။ နမာမိ၊ ဝိဘတ်စဉ်အလိုက် အာရုံစိုက်၍ ဦးခိုက်ရှိကိုး လွန်မြတ်နိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

## နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူသော မြတ်စွာဘုရားကို ရည်မှန်း၍ ရှိခိုးဂါထာ

နိဗ္ဗာနသုခ ဝေဒိတော၊ သဗ္ဗဒုက္ခေဟိ ဝိမုတ္တော။
နာမရူပေဟိ နိဗ္ဗုတော၊ နမာမိ တံ သုသုခိတံ။

ယော ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး ဂုဏ်ကော်အားဖြင့် ထင်ရှား ပြည့်စုံတော်မူသော အကြင်မြတ်စွာဘုရားသည်။ နိဗ္ဗာန သုခဝေဒိတော၊ နိဗ္ဗာန်တည်းဟူသော သန္တိသုခကို ကောင်းစွာသိရှိ၍ ကိုယ်တော်တိုင် ခံစားတော်မူ၏။ သဗ္ဗဒုက္ခေဟိ၊ ချုပ်သိမ်းများလှ ဒုက္ခဟူသမျှတို့မှ။ ဝိမုတ္တော၊ အထူးအားဖြင့် လွတ်မြောက်တော်မူ၏။

နာမ ရူပေဟိ၊ နာမ်ရုပ်နှစ်ပါး သင်္ခါရသဘောတရားတို့မှ။ နိဗ္ဗုတော၊ အမြစ်ပြတ်၍ နောက်ထပ်မဖြစ် စင်စစ်ငြိမ်းအေးတော်မူ၏။ သုသုခိတံ၊ အငြိမ်းအေးကြီး ငြိမ်းအေးတော်မူခြင်းရှိသော။ တံ ဘဂဝန္တံ၊ ဘုန်းတော်ကြီးမား ထို ပြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ နမာမိ၊ သတိရှေ့သွား အာရုံထား၍ ညွတ်တွားမြတ်နိုး ဦးထိပ်မိုး၍ ရှိခိုးပါ၏ ဘုရား။

---

## ဗုဒ္ဓဂယာသို့ ဘုရားဖူး ခရီးသွားမှတ်တမ်း

## ၁၃၄၆–ခုနှစ်၌ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော် ဘုရားကြီးသည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူး ကြွရောက်တော် မူခဲ့ရာ ယင်းဘုရားဖူးခရီးအား ကိုယ်တော်တိုင် ရေးသားမှတ်တမ်းတင်တော်မူခဲ့သော အိန္ဒိယသို့ ဘုရားဖူးသွားသော မှတ်တမ်း

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အရဟတော၊ ကိလေသာရန်သူတို့ကို မဂ်လေးပါးတို့ဖြင့် အကြွင်းမဲ့ ပယ်သတ်တော်မူပြီးသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ကောင်းမွန်စွာ ကိုယ်တော်တိုင် သိမြင်တော်မူထသော။ တဿ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားအား။ နမော၊ ရှိသေမြတ်နိုး ဦးညွတ်လျှိုး၍ ရှိခိုးပါ၏ဘုရား။

အခါတစ်ပါး မြတ်စွာဘုရားသည် ကုသိနာရုံမြို့တွင် သီတင်းသုံး နေတော်မူစဉ် အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်ထား ဖူးသည်မှာ ဤသို့တည်း။ အဘယ်ကဲ့သို့နည်း·ဟူမူ...

''မြတ်စွာဘုရား၊ ရှေးအခါကာလက ထိုထို မြို့ရွာဒေသအရပ် မျက်နှာတို့မှ သီတင်းဝါလကျွတ်၍ ဝါမှ ထပြီးကြကုန်သော ရဟန်းတော် တို့သည် မြတ်စွာဘုရားအား ဖူးမြော်ကန်တော့ကြရန် ကြွရောက်လာကြ ပါသည်။ တပည့်တော်တို့သည် သီလသိက္ခာ ရှိကြကုန်သော၊ တရား တော်နှင့် ပြည့်စုံကြကုန်သော၊ ကြည်ညို စိတ်နှလုံးကို ပွါးစေတော်မူကြ ကုန်သော ရဟန်းတော်မြတ်တို့ကို ဖူးမြင်ခြင်းငှါလည်း ရကြပါသည်။ ဆည်းကပ်ခြင်းငှါလည်း ရကြပါသည် မြတ်စွာဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသောအခါသို့ ရောက်လျှင် ကား ထိုကဲ့သို့သော ရဟန်းတော်မြတ်တို့ကို ဖူးမြင်ခြင်းငှါလည်းကောင်း၊ ဆည်းကပ်ခြင်းငှါ လည်းကောင်း၊ ရတော့မည် မဟုတ်ပါ မြတ်စွာဘုရား'' ဟု အရှင်အာနန္ဒာက လျှောက်ထားခဲ့လေသည်။

ထိုအခါ မြတ်စွာဘုရားက ပြဆိုလတ့်သော လေးမျိုးကို မိန့်ကြား တော်မူသည်။ အဘယ်လေးမျိုးတို့နည်းဟူမူ-

## ဒဿနီယ သံဝေဇနီယဋ္ဌာန

အာနန္ဒာ... ရတနာသုံးပါး၌ ယုံကြည်မြတ်နိုးသော အမျိုးကောင်း သား အမျိုးကောင်းသမီးတို့အား ဖူးမြော်ကြရန် သံဝေဂဖြစ်ရန် ဌာနတို့ သည် လေးမျိုးလေးဌာနရှိသည် အာနန္ဒာ။

အာနန္ဒာ...သဒ္ဓါတရားဟူသော ယုံကြည်ခြင်း မြတ်နိုးခြင်းရှိသော အမျိုးကောင်းသား၊ အမျိုးကောင်း သမီးတို့အား ဖူးမြော်ကြရန် သံဝေဂ ဖြစ်ရန် ဌာနလေးမျိုးတို့ ဟူသည်မှာ...

၁။ ဤ လုမ္ဗိနီအင်ကြင်းတောဖြင့် သုံးလောကထွတ်ထား မြတ်စွာဘုရား သည် ဖွားမြင်တော်မူခဲ့ပါတကား။

၂။ ဤ ဗောဓိပင်အနီး၌ သုံးလောကထွတ်ထား မြတ်စွာဘုရားသည် အတုမရှိ မြတ်သော သစ္စာလေးပါး ထူးမြတ်သော တရားကို သိမြင်တော် မူသည်ဖြစ်၍ ဘုရားမြတ်အဖြစ်သို့ ရောက်တော်မူခဲ့ပါတကား။

၃။ ဤ မိဂဒါဝုန်တော၌ သုံးလောကထွတ်ထား မြတ်စွာဘုရားသည် အတုမရှိ မြတ်သော ဓမ္မစကြာ တရားတော်ကို ဟောတော်မူခဲ့ပါတကား။

၄။ ဤကုသိနာရုံမြို့အနီး အင်ကြင်းပင်ပျိုတို့၏ အကြား၌ သုံးလောက ထွတ်ထား မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော နိဗ္ဗာနဓါတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပါတကားဟူ၍ ရတနာသုံးပါး တို့၌ ယုံကြည်ခြင်း ကြည်ညိုခြင်းဟူသော သဒ္ဓါတရားရှိကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အား ဖူးမြင်ရန် သံဝေဂဖြစ်ရန် ဌာနတို့သည် လေးမျိုးလေးဌာန ရှိကုန်သည် အာနန္ဒာဟု မြတ်စွာဘုရား မိန့်ကြားတော် မူခဲ့သည်။

ထို့နောက် မြတ်စွာဘုရားက ဆက်လက်၍ မိန့်ကြားတော် မူပြန် သည်မှာ... အာနန္ဒာ...ရတနာသုံးပါးတို့၌ ယုံကြည်ခြင်း ကြည်ညိုခြင်း ဟူသော သဒ္ဓါတရား ရှိကြကုန်သော ရဟန်း, ယောကျ်ား, ရဟန်းမ, ဥပါသကာ ယောကျ်ား, ဥပါသိကာ အမျိုးသမီးတို့သည်-

၁။ ဤ လုမ္ဗိနီအင်ကြင်းတော၌ မြတ်စွာဘုရား အလောင်းတော် သည် ဖွားမြင်တော် မူခဲ့ပါသည် ဟူ၍လည်းကောင်း။

၂။ ဤ ဗောဓိပင်အနီး၌ မြတ်စွာဘုရားသည် အတုမရှိသော သစ္စာလေးပါး ထူးမြတ်သောတရားတော်ကို သိမြင်သည်ဖြစ်၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည် ဟူ၍လည်းကောင်း။

၃။ ဤ မိဂဒါဝုန်တော၌ မြတ်စွာဘုရားသည် အတုမရှိ မြတ်သော ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူခဲ့ပါသည် ဟူ၍လည်းကောင်း။

၄။ ဤ ကုသိနာရုံပြည်အနီး အင်ကြင်းပင်ပျိုကြီး၏ အကြား၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော နိဗ္ဗာနဓါတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပါသည် ဟူ၍လည်းကောင်း။

ဤ ဖူးမြင်ရာဌာန သံဝေဂ ဖြစ်ရာဌာနတို့သို့ လာရောက် ဖူးမြော် ကြပေလိမ့်မည်။ သံဝေဂယူကြလိမ့်မည် ဟူ၍ ဟောတော်မူသည်။

အာနန္ဒာ... ငါဘုရား ပရိနိဗ္ဗာန်ပြုပြီး နောက်ကာလ၌ ဘိက္ခုတို့သည် လည်းကောင်း၊ ဘိက္ခုနီတို့သည်လည်းကောင်း၊ ဥပါသကာတို့သည် လည်းကောင်း၊ ဥပါသိကာတို့သည် လည်းကောင်း ငါဘုရား ပြဆိုခဲ့သော ဒဿနီယဌာန သံဝေဇနီယဌာနတို့သို့ လာရောက်၍ ဖူးမြော်ကြသည် ဖြစ်၍ ကုသိုလ်ပွါးများကြပေလိမ့်မည်။ သံဝေဂဉာဏ် ဖြစ်ပေါ်ကြပေလိမ့်မည်ဟု ဟောတော်မူခြင်းဖြစ်သည်။

ဒဿနီယဌာန သံဝေဇနီယဌာနတို့နှင့်တကွ ထိုထို မြို့ရွာဒေသ၊ ထိုထို ဌာနတို့၌ တည်ရှိသော စေတီတော် ရုပ်ပွါးဆင်းတုတော် ဓါတ်တော် မွေတော်တို့ကို သွားရောက်ဖူးမြော်ကြကုန်သော ရှင်လူအပေါင်းတို့၌

ရှို့အပ်သော အကျိုးကျေးဇူးကို ဆက်လက် ဟောကြားတော်မူသည်မှာ...

အာနန္ဒာ... သဒ္ဓါတရား ရှိကြကုန်သော ရတနာသုံးပါးတို့၌ ကြည်ညိုကြကုန်သော ခပ်သိမ်းသော ရှင်လူအပေါင်းတို့သည် ဖူးမြော် ပူဇော်အပ်သော စေတီတော် ရုပ်ပွါးဆင်းတုတော် ဓါတ်တော် မွေတော် တို့ကို လှည့်လည် ဖူးမြင်ကြကုန်သည်ဖြစ်အံ့၊ ထိုရှင်လူတို့သည် ထို ကြည်ညိုစိတ်ဖြင့် သေလွန်သောအခါ နတ်ပြည်သို့ ရောက်ကြလိမ့်မည် ဟူ၍လည်း ဟောတော်မူခဲ့သည်။

မြတ်စွာဘုရားကိုယ်တော်တိုင် သက်တော်ထင်ရှား ရှိတော်မူစဉ် အခါ၌ မြတ်စွာဘုရားအား ဖူးမြော်ကြရသကဲ့သို့ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော အခါ၌လည်း ရတနာသုံးပါးတို့၌ ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်သော ရှင်လူအပေါင်းတို့သည် မြတ်စွာ ဘုရား၏ကိုယ်တော်စားဖြစ်သော ရုပ်ပွါးဆင်းတုတော် ဓါတ်တော် မွေတော် ထို ဓါက်တော် မွေတော်တို့ကို ထည့်သွင်းဌာပနာအပ်သော ဘုရားရှင် ကျောင်းတော်တည်းဟူသော စေတီတော်ကို၌ မြတ်စွာဘုရား၏ အရဟံ အစရှိသော ဂုဏ်တော်တို့ကို အာရုံပြု၍ ရှိခိုးပူဇော်ကြလျှင် ``ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ'' ဟူသော မင်္ဂလာတရားတော် အတိုင်း ကောင်းမှု မင်္ဂလာကို ရကြမည် ဖြစ်သည်။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံ ဖလံ။
စေတော ပဏိဓိ ဟေတု ဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိ။

သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားအား ဖူးမြော်ပူဇော်ခြင်း၌ဖြစ်စေ၊ ပရိနိဗ္ဗာန်ပြုတော်မူပြီး၍ မြတ်စွာဘုရား၏ ကိုယ်စားတော်ရုပ်ပွါး၊ ဆင်းတုတော်၌ ဖြစ်စေ၊ ဓါတ်တော် မွေတော်တို့ကို ဌာပနာရာ စေတီတော်၌ဖြစ်စေ ကြည်ညိုမြတ်နိုးသော စိတ်စေတနာ သဒ္ဓါတရား တူညီလျှင် တူသော အကျိုးကျေးဇူးကိုရမည်။ ယင်းကုသိုလ်မင်္ဂလာ စေတနာတို့ကြောင့် နတ်ပြည် နတ်ရွာသို့ ရောက်မည်ဟု ဆိုလိုသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် သီဟိုဠ်ကျွန်း (သီရိလင်္ကာ၌) မြတ်စွာဘုရား လက်ထက်က ကဲ့သို့ တစ်နှစ်လျှင် (၂)ကြိမ် သံဃာတော်များ စည်းဝေးတော်မူကြသည်ဟု ဆိုသည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက သံဃာတော်တို့သည် ဝါဆိုရန် နီးသောအခါ၌ မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတရား နည်းခံတောင်းယူရန် ကြွလာကြသည် တစ်ကြိမ်၊ သီတင်းဝါလကျွတ်၍ ပဝါရဏာပြုပြီးသောအခါ၌ မိမိတို့ အသီး အသီး ရရှိတော်မူကြသော တရားထူးကို မြတ်စွာဘုရားအား လျှောက်ကြားရန်တစ်ကြိမ် ကြွလာတော်မူကြသည်။ ဤကဲ့သို့သော မထေရ်မြတ်တို့ကို ဖူးမြော်ရခြင်း ဆည်းကပ်ရခြင်းကို ရည်ရွယ်၍ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်ထားခဲ့ခြင်း ဖြစ်သည်။

မြတ်စွာဘုရား လက်ထက်တော်အခါက ယင်းကဲ့သို့ မထေရ်မြတ်များ စည်းဝေးရောက်လာကြသည်ကဲ့သို့ပင် ယခင်အခါက သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ဂင်္ဂါမြစ်၏ ဤဘက်ကမ်းမှ ရဟန်းတို့သည် လောဟ

ပါသာဒ၌ ကြွရောက် စည်းဝေးကြကုန်၏။ ဂင်္ဂါမြစ်၏ တစ်ဘက်မှ ရဟန်း တော်တို့သည်ကား တိဿ မဟာဝိဟာရ ကျောင်းတော်ကြီး၌ စည်းဝေး လာရောက်ကြသည်ဟု ဆိုသည်။ ဤသို့သော သံဃာတော် မထေရ်မြတ်တို့ကို ဖူးမြော်ရခြင်း၊ ပူဇော်ရခြင်းသည်လည်း နတ်ရွာ ရောက်ကြောင်း ကောင်းမှုမင်္ဂလာဖြစ်သည်ဟု ဆိုလိုသည်။

## မြန်မာနိုင်ငံမှ ဘုရားပွဲများ

မြန်မာနိုင်ငံတော် ပုဂံပြည် အနော်ရထာမင်း လက်ထက်မှ စ၍ သံဃာမကွဲမပြား တညီတညွတ်တည်း စည်းလုံးညီညွတ်လျက်ရှိခဲ့ရာ မင်းစဉ်အားဖြင့် နရပတိစည်သူမင်း၊ ဆရာစဉ်အားဖြင့် အရှင်ဥတ္တရာဇီဝ လက်ထက်တိုင်အောင် ဖြစ်သည်။

အလောင်းစည်သူမင်း လက်ထက်၌ မင်းသည် တိုင်းခန်း လှည့်လည်ဖန်များ၍ သာသနာရေးဘက်၌ လစ်ဟင်းလျက်ရှိလာ လေသည်၊ သည့်နောက် နောက်ဖြစ်သော မင်းတို့သည်လည်း သာသနာ ဘက်၌ လျစ်လျူရှုကြသည်သာဖြစ်သောကြောင့် အလဇ္ဇီရဟန်းတို့သည် ထကြွရန် အခွင့်အလမ်း သာ၍ လာကြကုန်၏။

နရပတိစည်သူမင်းလက်ထက်၌ ရှေးက အကြွင်းအကျန်ဖြစ်သော ရှင်ယောင်အရည်းကြီး ဂိုဏ်းသားတို့သည် ဒုဿီလရဟန်းတို့နှင့် ပေါင်းကာ ဆိုးသွမ်းသောင်းကျန်း ကြလေသည်။ ပြည့်ရှင်မင်းတို့က အာဏာစက်ဖြင့် ကူညီမှု မရကြသောကြောင့် အရှင်ဥတ္တရာဇီဝတို့သည် တားမြစ်မနိုင်အောင် ဖြစ်ရပေသည်။

အကျိုးကျေးဇူးဟို့ကို ရကြမည်ဟု ဟောတော်မူခဲ့သည်။ တစ်ရပ်။ ဒဿနိယဋ္ဌာန သံဝေဇနိယဋ္ဌာနတို့သို့ လှည့်လည်သွားရောက် ရှိခိုး ပူဇော် ကြကုန်သော ရဟန်း ရှင်လူအပေါင်းတို့သည် နတ်ပြည် နတ်ရွာသို့ ရောက်ခြင်း၊ နတ်ချမ်းသာကို ရခြင်း ဟူသော ကောင်းကျိုးချမ်းသာတို့ကို ရရှိပေလိမ့်မည်ဟု ဟောတော်မူခဲ့သည် တစ်ရပ်။

ဤနှစ်ရပ်သော မြတ်စွာဘုရား၏ စကားတော်တို့ကို ဦးထိပ်ထား တော်မူသည်တစ်ကြောင်း၊ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ပကတိက ပင်လျှင် မြတ်စွာဘုရားကို အလွန် ကြည်ညိုမြတ်နိုးသော သဒ္ဓါစိတ် လွန်ကဲတော်မူသော အဇ္ဈာသယ ရှိတော်မူပါသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် နေ့စဉ် မြတ်စွာဘုရားနှင့် စပ်၍ ဗောဓိယင်္ဂဏဝတ်၊ စေတိယင်္ဂဏဝတ်တို့ကိုလည်းကောင်း၊ သောက်တော်ရေဝတ် ပန်းဝတ်တို့ကိုလည်းကောင်း ပြု၍ ရှိခိုးပူဇော်ရုံသာ မက လျှောင်းတော်မူသော ရုပ်ပွါးတော်ကြီး၏ ပေါင်ကော် ခြေသလုံးတော် တို့ကို ကိုယ်တော်တိုင် လက်ဖြင့်ဖိုပ်၍ ဝတ်ပြုတော်မူသည်။

တစ်ခါတစ်ရံ၌ ဤသို့ ဝတ်ပြုရင်း ရွှေကျင်ဆရာတော်ကြီးသည် မျက်ရည်များပင် ကျသည်ကို တွေ့မြင်ရသည်ဟု ရွှေကျင်ဆရာတော်ကြီး ၏ သဒ္ဓိဝိဟာရိက တပည့်ရင်း ဤစာရေးသော ဘုန်းကြီး၏ ဥပဇ္ဈာယ် ဆရာဖြစ်တော်မူသော ရန်ကုန်မြို့ ပဟန်းကျောင်းတော်ရာ ဆရာတော် ဘုရားကြီး ထံမှ နာယူ မှတ်သားခဲ့ရဖူးလေသည်။ ရွှေကျင်ဆရာတော် ဘုရားကြီးသည် ဤမျှ လောက် မြတ်စွာဘုရားအား ကြည်ညိုမြတ်နိုး တော်မူပါသည်။

သို့ကြောင့် စွယ်တော်ဓါတ်မြတ် အစစ် ကိန်းဝပ်စံပယ်တော်မူရာ သီဟိုဠ်(သီရိလင်္ကာ)သို့ သွားရောက် ဖူးမြော်ခြင်း ဖြစ်ပါသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး သီဟိုဠ်(သီရိလင်္ကာ)သို့ ကြွရောက်စဉ်အခါက ယခုခေတ်ကာလကဲ့သို့ ချမ်းသာလွယ်ကူစွာ ကြွရောက်ရသည်မဟုတ်၊ ကိုယ်စိတ် ဆင်းရဲခြင်းကို သည်းခံကာ ကြွတော်မူရပါသည်။

အနည်းငယ်ပြပါအံ့၊ ရွှေကျင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ပါဠိဘာသာဖြင့် ရေးသားတော်မူသော လင်္ကာသာသနသုဒ္ဓိကထာမှ အချို့ကို ထုတ်ဆောင်ပြခြင်း ဖြစ်သည်။

## စွယ်တော်ဓါတ်မြတ်ကို ဖူးမြော်ရန် ကြိုးစားခြင်း

''သီဟိုဠ်(သီရိလင်္ကာ)သို့ သွား၍ စွယ်တော်ဓါတ်မြတ်ကို ဖူးမြော်ရန် ထက်သန်အားကြီးသော လုံ့လ၊ မယုတ်သောဆန္ဒ၊ ပြင်းပြသော စိတ်ဓါတ်ဖြင့် ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီးထံ အကြိမ်ကြိမ်အကြောင်းကြား မေတ္တာရပ်ခံခဲ့၏။ ထိုသို့ မေတ္တာရပ်ခံသော်လည်း ပင်လယ်ရပ်ခြား သွားရမည့်ခရီးဖြစ်၍ အန္တရာယ်ဖြစ်မည်။

ကိုယ်စိတ်ဆင်းရဲမည်ကို စိုးရိမ်ကြောင့်ကြလှသဖြင့် မင်းတရားကြီးကလည်း မကြွစေလို၍ အတန်တန် လျှောက်ထား တားမြစ်နေသည်။ သို့ဖြစ်၍ အလွန် စိုးရိမ်ကြောင့်ကြကာ တားမြစ်နေသော မင်းဘုရားကိုလည်းကောင်း၊ ဝိုင်းဝန်း ငိုကြွေး တားမြစ်ကြသော ဆွေးမျိုးဉာတိဒကာ၊ ဒကာမများကို လည်းကောင်း များစွာသော အနီးနေ တပည့်ရဟန်းသာမဏေတို့ကို လည်းကောင်း အသိမပေး မပြောကြားတော့ဘဲ

လူသူ ကင်းဆိတ်သော ညဉ့်အခါ၌ တောရကျောင်းမှ ထွက်ခဲ့လေသည်။ ဟံသာဝတီ(ရန်ကုန်မြို့)သို့ ရောက်သောအခါ လခွဲ တစ်ပက္ခခန့် ဆိုင်းငံ့သီတင်းသုံး၍ သီဟိုဠ်ကျွန်းသို့ သွားရောက်ရေးအတွက် လိုအပ်သော ပစ္စည်းများ ပြည့်စုံစေရန် ဉာတိပဝါရိတဒကာများ၊ ကပ္ပိယ များကို ပြည့်စုံအောင် စီမံဆောင်ရွက်စေပြီးသကာလ မိမိ၏ ကိုယ်နှင့် အသက်ကို ပင့်မကွက် စွဲကပ်လျက်ရှိသော ရောဂါကိုလည်း ရေတွက်ခြင်း ပပြုမူ၍ သာသနာတော်နှစ် (၂၄၂၁) ကောဇာသက္ကရာဇ် (၁၂၃၉)ခုနှစ်၌ သီဟိုဠ်ကျွန်းသို့ ပို့ဆောင်မည့် မီးသင်္ဘောပေါ်သို့ တက်၍ ထွက်ခဲ့ပေသည်။

တပည့် ရဟန်း(၄)ပါးနှင့် ကပ္ပိယဒကာ(၅)ယောက် ပါရှိသည်။ ပင်လယ်တွင်း၌ ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်ဟူသမျှတို့ကို စိုးရိမ်ခြင်း ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိဘဲ စွယ်တော်ဓါတ်ပြတ်ကို သာလျှင် အာရုံပြုကာ မြတ်စွာဘုရား၏ ဂုဏ်တော်အထူးထူးတို့ကို ဆင်ခြင် အောက်မေ့ ပွါးများလျက် သမုဒ္ဒရာအတွင်း၌ (၂၅)ရက်ကိုင်တိုင် ဆင်းရဲဒုက္ခပေါင်း များစွာတို့ကို သည်းခံ၍ လာခဲ့ရပါသည်။

သင်္ဘောပေါ်၌ မိစ္ဆာအယူဝါဒရှိကြသော ရိုင်းပြကြမ်းတမ်းသော ဘာသာခြား သင်္ဘောသား တို့၏ မပြတ် ထိပါး နှောင့်ယှက်သဖြင့် ကိုယ်စိတ်ဆင်းရဲမှု များကိုလည်း သည်းခံ၍ လာခဲ့ရပါသည်ဟု သီဟိုဠ် သံဃာတော်များထံ ပေးပို့သော လက်ာသာသနသုဒ္ဓိကထာ၌ ရွှေကျင် ဆရာတော်ကြီး ကိုယ်တော်တိုင် ရေးသားတော်မူခဲ့ပါသည်။

ထိုအခါက မီးသင်္ဘောဆိုသော်လည်း ရွက်သင်္ဘော သာသာ စက်သင်္ဘောဖြစ်၍ လူစီးသင်္ဘောလည်း မဟုတ်၊ ကုန်သင်္ဘော ဖြစ်ဟန်

ရှိသည်။ ယခုခေတ် သင်္ဘောတို့ကဲ့သို့ လျင်မြန်ခြင်း၊ ကောင်းမွန်သန့် ရှင်းခြင်း၊ ယဉ်ကျေးခြင်း စသည်တို့ မရှိသဖြင့် (၂၅)ရက်တိုင်တိုင် ဆင်းရဲပင်ပန်းစွာ ကြွတော်မူရခြင်း ဖြစ်ပေလိမ့်မည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ သီဟိုဠ်သို့ စွယ်တော်ဓါတ်မြတ် ဖူးမြော်တော်မူရန် ကြွသွားတော်မူသော ခရီးစဉ်မှတ်တမ်းသည် ကောင်းမွန်သော်လည်း ရှည်လျားသည်ဖြစ်၍ ဤမှတ်တမ်း၌ ထုတ်ဆောင် ပြခြင်း မပြုတော့ပေ။ ကြည့်ရှုလိုသူပုဂ္ဂိုလ်တို့သည် ရွှေကျင်နိကာယ သာသနာဝင်၌ ကြည့်ရှုကြစေလိုကြောင်း။

ရွှေကျင်ဆရာတော်ကြီးသည် မြတ်စွာဘုရား ညွှန်ကြားတော် မူသော ဒဿနီယဌာန သံဝေဇနီယဌာန လေးဌာနတို့တွင် အပါအဝင် မဟုတ်သော်လည်း ဒဿိတဗ္ဗ၊ ပူဇိတဗ္ဗဖြစ်သော ဖူးမြင်အပ် ပူဇော် အပ်သော စွယ်တော်ဓါတ်မြတ်ကို ကြည်ညိုဖူးမြော်လို၍ မြတ်စွာဘုရား ကိုယ်တော်စား ပူဇော်တော်မူရန် သီဟိုဠ်ကျွန်းသို့ ကြွတော်မူခဲ့ပါပေသည်။

## မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ဗုဒ္ဓဂယာ မဟာဗောဓိသို့ အဖူးအမြော် ကြွတော်မူခြင်း

ရခိုင်ပြည်နယ် ပန်းဝါမြို့သား ဇာတိ၊ အိန္ဒိယနိုင်ငံ ကာလကတ္တား မြို့ ချန်ဒါတိုလာလမ်း သူဌေးပွဲစားကြီး "ချစ်စရှည်" အမည်ရှိ ဥပါသကာသည် ဆရာတော်ဘုရားကြီးအား ဖူးမြော်လိုခြင်း၊ တရား ဒေသနာတော်ကို ကြားနာလိုခြင်း၊ ပစ္စယဒါယကာ ခံယူ၍ သာမဏေ တစ်ပါးကို ရဟန်းဘောင်သို့ တင်မြှောက်လိုခြင်းတို့ကြောင့် ဆရာတော်

ဘုရားကြီးအား နောက်ပါသံဃာများနှင့်တကွ ပင့်လျှောက်သည်ဖြစ်၍ သက္ကရာဇ် (၁၂၆၅) ခုနှစ်၊ ပြာသိုလဆုတ်(၂)ရက်နေ့၌ မန္တလေးမြို့မှ ကြွတော်မူသည်။

ပန်းဝါမြို့သို့ ရောက်လျှင် စစ်တွေမြို့ဇာတိဖြစ်သော သိရီစန္ဒြမုနိ အမည်ရှိသော သာမဏေကို ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်စေရန် ဥပသမ္ပဒကံ ဆောင်တော်မူသည်။ ရဟန်းသစ်ဖြစ်သော သိရီစန္ဒြမုနိသည် နောင်သော အခါ၌ ဟိန္ဒီဘာသာ သက္ကတဘာသာတို့၌ ပါရဂူရောက် တတ်မြောက် တော်မူသည်။ သိရီစန္ဒြမုနိသည် အိန္ဒိယနိုင်ငံ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူရာဌာန ကုသိနာရုံမြို့၌ သီတင်းသုံးနေခဲ့ရာ သက်တော်(၉၀) ကျော်ကာလမှ ပျံလွန်တော်မူသည်ဟု သိရသည်။

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် ဥပသမ္ပဒကံဆောင် ပြီးသောအခါ ရဟန်းတော်များနှင့်တကွ ပန်းဝါမြို့မှ သင်္ဘောဖြင့် ကာလကတ္တားမြို့သို့ ကြွတော်မူသည်။ သမုဒ္ဒရာကြီးကို ဖြတ်ကျော်၍ ကြွတော်မူစဉ် သမုဒ္ဒရာကြီးကို ရှုတော်မူ၍...

ကီဠာပိ ဂမ္ဘီရာဒီဟိ၊
သာဂရော ဟောတျယံ မဟာ။
တထာပိ သံသာရောယေဝ၊
သာဂရော ဟိ တတော မဟာ။

ဟူ၍ ဆရာတော်ဘုရားကြီး ကျူးရင့်တော်မူသည်။ သူတော်ကောင်း ပညာရှိကြီးဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် မြင်ရာ ကြားရာ စသည့် အာရုံတို့၌ ဉာဏ်ဖြင့်ဆင်ခြင်၍ သံဝေဂယူလေ့ရှိကြသည်။

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည်လည်း တစ်ဘက်ကမ်း မမြင်သော သမုဒ္ဒရာရေပြင်ကြီးကို ရှုတော်မူ၍ ''နက်ခြင်း ကျယ်ခြင်းစသည်တို့ဖြင့် ဤ သမုဒ္ဒရာကြီးသည် ကြီးမားကျယ်ဝန်းသည်ဟု ဆိုရသော်လည်း စင်စစ်မူကား သံသရာကြီးသည်သာလျှင် အစမမြင်အောင်ကြီးမား ကျယ်ဝန်းသည်''ဟု ကျူးရင့်တော်မူခြင်း ဖြစ်သည်။

သံယုတ်ပါဠိတော်၌ ''ရဟန်းတို့ အရိယာတရား၌ အကြားအမြင်နည်းပါးကြသော ပုထုဇဉ်တို့သည် ဤရေပြင်ကြီးကို သမုဒ္ဒရာဟူ၍ ပြောဆိုကြကုန်၏။ စင်စစ်ကား သမုဒ္ဒရာမဟုတ်ချေ။''ရေပြင် ရေအစုသာလျှင် ဖြစ်သည်။ သမုဒ္ဒရာအစစ်သည်ကား စက္ခုပသာဒရုပ်သာလျှင် သမုဒ္ဒရာအစစ်ဖြစ်လေသည်ဟု ဟောတော်မူသော ဒေသနာအကျယ်ကို ဆရာတော်ဘုရားကြီးက အကျဉ်းချုံး သီကုံးကျူးရင့်တော်မူသည်မှာ...

နာယံ ဝုတ္တော သမုဒ္ဒေါတိ၊
အယဉ္စ ဝါရိရာသိကော။
စက္ခုဝ သမုဒ္ဒေါ နာမ၊
ရူပဥမိဟိ ဝဠကော။

ဤ ရေပြင်ကြီးသည် သမုဒ္ဒရာမဟုတ်ပေ၊ ရေအစုကြီးမျှသာဖြစ်သည်။ ရူပါရုံတည်းဟူသော လှိုင်းတံပိုးတို့နှင့် တကွရှိသော စက္ခုပသာဒ ရုပ်သည်သာလျှင် စင်စစ် သမုဒ္ဒရာဖြစ်ပေသည်ဟု ဆိုလိုတော်မူသည်။

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် သံဃာတော်များနှင့် အတူတကွ မဟာသမုဒ္ဒရာကို ကူးမြောက်၍ ကာလကတ္တားမြို့သို့

ရောက်တော်မူလျှင် မြတ်စွာဘုရားအလောင်းတော်သည် သစ္စာလေးပါးကို ကိုယ်တော်တိုင် သိမြင်တော်မူ၍ ဘုရားမြတ်အဖြစ်သို့ ရောက်တော်မူရာ ပရိဘောဂစေတီဖြစ်သော မဟာဗောဓိပင်နှင့်တကွ မဟာဗောဓိ စေတီတော်တို့ကို လေးလေးမြတ်မြတ် ဖူးမြော်ပူဇော်တော်မူသည်။

ဤ မဇ္ဈိမအရပ်ဒေသသည် သဗ္ဗညုဘုရားရှင်နှင့်တကွ ပစ္စေက ဗုဒ္ဓါအရှင်များ၊ အဂ္ဂသာဝက မဟာသာဝကအရှင်များ၊ လေးကျွန်းသနင်း စကြာမင်းများ ဖြစ်ထွန်းရာ စည်ပင်သာယာခဲ့သော ဒေသဖြစ်သော်လည်း ယခုအခါ၌မူကား ဗုဒ္ဓ၏ ဘာသာတရားတော်လည်း ကွယ်ပျောက်၊ စေတီ ပုထိုး အစရှိသော အဆောက်အအုံတို့သည်လည်း ပျက်စီးကြကုန် ပြီးလျှင် ယုတ်ညံ့သောအဂါနှင့် ယောနိအစုံတို့ကို ပုံတူလုပ်၍ ဘုရားတစ်ဆူ အဖြစ်ဖြင့် လွဲမှားသော မိစ္ဆာအမြင်ဖြင့် ဖျင်းဖျင်းသိပ်သိပ် ကိုးကွယ် နေကြသည်မှာလည်း အရှက်အကြောက် ကင်းမဲ့လှချေတကားဟု ငြီးငွေ့ စက်ဆုပ်တော်မူ၍ ဥဒါန်း ကျူးတော်မူပါသည်။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးနှင့်တကွ သံဃာတော် တို့သည် ဒဿနီယဌာန သံဝေဇနီဌာနတို့ကို ဖူးမြော်ကာ ကုသိုလ်တရား ပွါးများခြင်း၊ သံဝေဂယူခြင်းတို့ကို ပြုတော်မူကြပြီးသကာလ မြန်မာပြည် သို့ ပြန်လည်ကြွတော်မူခဲ့ကြရာ သက္ကရာဇ် (၁၂၆၆)ခုနှစ် နယုန်လဆန်း (၁၄)ရက်၌ ပြန်ရောက်တော်မူကြသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ရန်ကုန်မြို့ ဇဟန်းကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး အစရှိ ကုန်သော ထိုထို ဆရာတော် သံဃာတော်များနှင့်တကွ ဥပါသကာ

ဒကာ-ဒကာမတို့သည်လည်း စွယ်တော်ဓါတ်မြတ်ကို ဖူးမြော်ရန် သီဟိုဠ် (သီရိလင်္ကာ) သို့လည်းကောင်း၊ ဒဿနီယ သံဝေဇနီယဋ္ဌာနတို့ကို ဖူးမြော်ရန် အိန္ဒိယ မဇ္ဈိမဒေသတို့သို့လည်းကောင်း သွားရောက် ပူဇော် လေ့ရှိကြကုန်သည်ကို အာရုံပြု၍ သာဓုခေါ်သော ကုသိုလ်စေတနာ ပွါးများ ရရှိကြစေရန် အကျဉ်းအားဖြင့် ရေးသား ထုတ်ဝေလိုက်ရပေ သည်။

ဗြိတိသျှခေတ် ကိုလိုနီအခါက မြန်မာနိုင်ငံသည် အိန္ဒိယ၏ အပါအဝင် ပြည်နယ်တစ်ခု ဖြစ်ခဲ့သည်။ သို့ဖြစ်၍ မဇ္ဈိမဒေသသို့ ဘုရားဖူး သွားရောက်ကြသော ပုဂ္ဂိုလ်တို့သည် နိုင်ငံကူးလက်မှတ်ယူရခြင်း မရှိ၊ ငွေကြေး လဲလှယ်ရခြင်းမရှိ၊ အလွယ်တကူ သွားနိုင်ကြသည်။ ငွေကြေး တန်ဖိုးရှိသောအခါဖြစ်၍ ငွေ(၁၀၀/-)ရှိလျှင် အပိုအမို မသုံးက အိန္ဒိယသို့ ဘုရားဖူး သွားနိုင်ကြသည်။ ရန်ကုန်နှင့် ကာလကတ္တားသင်္ဘောခ (၁၆)မျှသာ ပေးရသည်။ အိန္ဒိယ ရူပီးငွေကိုပင် မြန်မာပြည်၌ သုံးကြရသည်။ ဤသို့သောအခါကလည်း အိန္ဒိယသို့ ဘုရားဖူး သွားကြသည်။

သက္ကရာဇ် (၁၂၇၅)ခုနှစ် တန်ဆောင်မုန်းလ၌ ဤစာရေးသော ဘုန်းကြီး၏ ရဟန်းဒကာများ အိန္ဒိယသို့ ဘုရားဖူး သွားကြသည်။ ရဟန်းသိက္ခာ (၁)ဝါသာ ရသေးသော မိမိကို ပင့်သော်လည်း မလိုက် ဖြစ်ခဲ့ပေ။ အလိုရှိသောအခါ ကြွရန် စရိတ် စသည်တို့အတွက် တာဝန်ယူ၍ လျှောက်ထားသော်လည်း မသွားဖြစ်ခဲ့ပေ။ အိန္ဒိယ၌ သက္ကဋဘာသာ လေ့လာယင်း ဘုရားဖူးရန် ဆန္ဒရှိသော်လည်း အိန္ဒိယ၌ နေရေး စားရေးကို မနစ်သက်၍ မသွားဖြစ်ခဲ့ပေ။

ဖဆပလခေတ်၌ ကျောင်းဒကာမများ ဘုရားဖူးသွားစဉ်က ဘုန်းကြီးကိုပါ ကြိုတင် လျှောက်ထားပြီး ပင့်သည်။ ဘုန်းကြီးအတွက် ပတ်စ်ပို့ကိုပင် ယူထားပြီးပြီ သို့သော်လည်း မ လိုက် ဖြစ်ခဲ့ပေ။ ယခုခေတ် (၁၃၄၅)ခုနှစ်၌ မန္တလေးမှ ရင်းနှီးသော ဒကာများ ဦးပေါင်ကြီး ဦးစိန်တင်၊ ဦးလှမြင့်တို့က အားလုံးကိစ္စ တာဝန်ယူ၍ အတန်တန် ပင့်သည်။ မလိုက်ဖြစ်ခဲ့ပေ။

မလိုက်ဖြစ်ခြင်းမှာ (၃၅)ယောက်တစ်ဖွဲ့လုံး ကားကြီးဖြင့် ခရီး ရှည်ကို အချိန်မရွေး သွားကြရမည်ဖြစ်၍ ဗိုင်းရုံကျုန်းမာရေးကို သတိ သောကြောင့် မလိုက်ဖြစ်ခြင်းဖြစ်သည်။ ဒဿနီယဌာန ပူဇနီယဌာန သံဝေဇနီယဌာနတို့ကို သွားရောက် ဖူးမြော်လိုသော ဆန္ဒကား ရှိပါ၏။ သို့ရာတွင် သွားပုံအခြေအနေအရာအကာပလည်း ဆန္ဒအတိုင်း မပြည့်ဖုံ သေးခြင်းသည် အကြောင်းတစ်ရပ် ဖြစ်၏။

သွားလိုသော သွားပုံအခြေအနေအရာသည်ကား အလုပ်အကျွေး နောက်ပါ ရဟန်း(၁)ပါး၊ ကပ္ပိယဒကာ (၁)ယောက်၊ ဗိုဟိုတို့ (၃)ယောက်၊ ဤ သုံးယောက်မျှဖြင့် နားလိုရာ၌ နား အေးအေးဆေးဆေး သွားရောက် ဖူးမြော်လိုခြင်း ဖြစ်၏။ ယင်းကဲ့သို့ သွားနိုင်ရန်မှာ နိုင်ငံခြားမှ တစ်ဦး တစ်ယောက်က အသွားအပြန် လေယာဉ်စရိတ်ခံ၍ ပင့်ရမည်။

နိုင်ငံခြား၌ နေသမျှ စားရေးနေရေးတို့ကို ထိုပုဂ္ဂိုလ်က တာဝန် ယူရမည် ဖြစ်၏။ ဤသို့မှသာ သွားခွင့်ရနိုင်မည် ဖြစ်၏။ ယင်းသို့ ပင့်မည့်ပုဂ္ဂိုလ်ကိုလည်း မမြင်သောကြောင့် ဆန္ဒအတိုင်း ဒဿနီယ သံဝေဇနီယဌာနများသို့ မသွားခဲ့ရခြင်း ဖြစ်၏။

အာနန္ဒာ...သဒ္ဓါတရားဟူသော ယုံကြည်ခြင်း မြတ်နိုးခြင်းရှိသော အမျိုးကောင်းသား၊ အမျိုးကောင်း သမီးတို့အား ဖူးမြော်ကြရန် သံဝေဂ ဖြစ်ရန် ဌာနလေးမျိုးတို့ ဟူသည်မှာ...

၁။ ဤ လုမ္ဗိနီအင်ကြင်းတော၌ သုံးလောကထွတ်ထား မြတ်စွာဘုရား သည် ဖွားမြင်တော်မူခဲ့ပါတကား။

၂။ ဤ ဗောဓိပင်အနီး၌ သုံးလောကထွတ်ထား မြတ်စွာဘုရားသည် အတုမရှိ မြတ်သော သစ္စာလေးပါး ထူးမြတ်သော တရားကို သိမြင်တော် မူသည်ဖြစ်၍ ဘုရားမြတ်အဖြစ်သို့ ရောက်တော်မူခဲ့ပါတကား။

၃။ ဤ မိဂဒါဝုန်တော၌ သုံးလောကထွတ်ထား မြတ်စွာဘုရားသည် အတုမရှိ မြတ်သော ဓမ္မစကြာ တရားတော်ကို ဟောတော်မူခဲ့ပါတကား။

၄။ ဤကုသိနာရုံမြို့အနီး အင်ကြင်းပင်ပျိုတို့၏ အကြား၌ သုံးလောက ထွတ်ထား မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော နိဗ္ဗာနဓါတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပါတကားဟူ၍ ရတနာသုံးပါး တို့၌ ယုံကြည်ခြင်း ကြည်ညိုခြင်းဟူသော သဒ္ဓါတရားရှိကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အား ဖူးမြင်ရန် သံဝေဂဖြစ်ရန် ဌာနတို့သည် လေးမျိုးလေးဌာန ရှိကုန်သည် အာနန္ဒာဟု မြတ်စွာဘုရား မိန့်ကြားတော် မူခဲ့သည်။

ထို့နောက် မြတ်စွာဘုရားက ဆက်လက်၍ မိန့်ကြားတော် မူပြန် သည်မှာ... အာနန္ဒာ...ရတနာသုံးပါးတို့၌ ယုံကြည်ခြင်း ကြည်ညိုခြင်း ဟူသော သဒ္ဓါတရား ရှိကြကုန်သော ရဟန်း, ယောကျ်ား, ရဟန်းမ, ဥပါသကာ ယောကျ်ား, ဥပါသိကာ အမျိုးသမီးတို့သည်–

(၁၃၄၅)ခုနှစ်၊ တပေါင်းလ၊ ရန်ကုန်မြို့ ဗဟန်းရေတာရှည် လမ်းသစ် တောင်စွန်း ဓမ္မိကာရုံကျောင်း၌ ကာလကတ္တား ပြာရိယား သူဌေးကြီးသည် ဦးကြည်ညွှန့်နှင့်အတူ ရောက်လာ၍ ကိုယ်တိုင် တာဝန်ယူကာ ပင့်လျှောက်ပါသည်။ ``နောက်ပါ ရဟန်းတစ်ပါးနှင့် ကြွပါ။ ကာလကတ္တားသို့ ရောက်လျှင် မြန်မာစကား၊ မြန်မာစာတတ်သော ဟိန္ဒူလူမျိုး ကပ္ပိယတစ်ယောက် ထည့်ပေးပါမည်''ဟု လျှောက်သည်။

ထို့နောက် ဦးကြည်ညွှန့်ထံမှ အိန္ဒိယနှင့် နီပေါသို့ ကြွရန် (၂)ပါးတွက် ပတ်စ်ပို့ ရပါပြီ။ (၃)လအတွင်း ကြွလိုသောအခါ ကြွနိုင် ကြောင်း အကြောင်းကြားစာ ရောက်လာသည်။ ထိုအချိန်မှာ နေရင့်သော တပေါင်း တန်ခူးလအခါ ဖြစ်သောကြောင့် ဥပဒ္ဒရာသီ အပူပြင်းထန်သော အိန္ဒိယသို့ သည်အချိန်၌ မသွားသင့်ကြောင်းကို စောစောကပင် သိရှိ ထားသည်ဖြစ်၍ ပတ်စ်ပို့ ရက် ကုန်သွားလေသည်။

ထို့နောက် မကြာမီ (၂)ပါးအတွက် အသွားအပြန်လေယာဉ် လက်မှတ် (၂)စောင် ဦးကြည်ညွှန့် ထံမှ တဖန် ရောက်လာပါသည်။ ပတ်စ်ပို့ အသစ်(၂)စောင်လည်း ရရှိပြီးဖြစ်၍ ဥတုရာသီ ကောင်းစဉ် ကြွရန်သင့်ကြောင်း ဦးကြည်ညွှန့်ထံမှ ပင့်၍ သွားကြရသည်။

ပင့်စာ၌ ရက်ကြိုတင်ကြွရန် ပင့်သောကြောင့် (၁၀)ရက်ခန့် ရန်ကုန်သို့ ကြိုတင်သွားကြသည်။ ရက်ကြိုတင်သွားရ သည့်မှာ ဘုန်းကြီးတို့က ဘာမျှ မပြုလုပ်ရသော်လည်း ဆောင်ရွက်ဖွယ် ကလေးများကို ဆောင်ရွက်နိုင်ရန် ကြိုတင် ပင့်ခြင်းဖြစ်သည်။

## စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်မှ ခရီး စ၍ထွက်ခြင်း

သက္ကရာဇ် (၁၃၄၆)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၁)ရက်နေ့၌ လေယာဉ်ဖြင့် ရန်ကုန်သို့ သွားရန် ပြင်ဆင်ကြရသည်။ ရန်ကုန်မှ အားလုံးကိစ္စကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်က အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားပြီးသကာလ ကြွရောက်ရန် အချိန်သင့်ကြောင်း ပင့်စာပို့သည်။

သီတင်းကျွတ်လပြည့်ကျော် (၁၁)ရက်နေ့ နေ့(၁၂)နာရီ (၃၀)၌ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်မှ စတင်၍ ခရီးထွက်ခဲ့ကြသည်။ စစ်ကိုင်းနှင့် မန္တလေးမှ ဒကာဒကာမများက ကား(၃-၄)စီးဖြင့် မန္တလေး လေဆိပ်သို့ လိုက်ပို့ကြသည်။ နေ့(၁)နာရီခန့် မန္တလေးလေဆိပ်သို့ ရောက်သည်။ ရန်ကုန်မှလာသော လေယာဉ်သည် မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်မြို့များသို့ သွားနေသောကြောင့် ညနေ(၄)နာရီ (၁၅)မိနစ်မှ မန္တလေးမှ ရန်ကုန်သို့ လေယာဉ်ထွက်ရသည်။

စစ်ကိုင်း-မန္တလေးမှ လိုက်ပို့သော သံဃာနှင့် ဒကာ-ဒကာမ များလည်း လေယာဉ်ထွက်မှပင် ပြန်ကြသည်။ ကျန်းမာရေးထောက်ခံစာ ကိစ္စကို သမားတော် **ဆရာဝန်ကြီး ဦးထွန်းသင်တို့**က အပြည့်အစုံ ဆောင်ရွက်ပေးကြသည်။ နောက်ပါရဟန်း နှင့် ကပ္ပိယကျောင်းအတွက်ပါ လေယာဉ်လက်မှတ်(၃)စောင်ရအောင် မန္တလေးမှ ဒု-မိုလ်မှူးကြီး ဦးကြည်မောင်တို့က ဆောင်ရွက်ပေးသည်။ မန္တလေးမှ ညနေ(၄)နာရီ (၁၅)ခန့်၌ ထွက်သောလေယာဉ်သည် ရန်ကုန်သို့ ည(၆)နာရီ (၃၀)ခန့်မှ ချောမောစွာ ရောက်သည်။

ရန်ကုန်လေဆိပ်မှ ဘုန်းကြီးဦးနာဂိယနှင့် ကျောင်းဒကာ ဦးခင်မောင်စသော ဒကာများက ကြိုကြသည်။ သာသနာရေးဦးစီးဌာနမှ ဒကာများကလည်း မာစီဒီး ကားတစ်စီးဖြင့် လာရောက်ကြိုကြသည်။ တည်းခိုမြဲဖြစ်သော ဗဟန်း ရေတာရှည်လမ်းသစ် တောင်စွန်း ဓမ္မိကာရုံ ကျောင်းသို့ ကောင်းစွာ ရောက်ကြသည်။ နှုတ်ဆက် ကန်တော့ရန်နှင့် ဆွမ်းစားပင့်ရန် ဒကာ၊ ဒကာမများ တောင်စွန်းကျောင်း၌ ရောက်ရှိ ကြိုဆိုနေကြသည်။

သီတင်းကျွတ်လဆုတ်(၁၂)ရက်နေ့၌ ညောင်တုန်းမြို့ ရွှေဟသ်ာ တောကျောင်းတိုက်ဆရာတော် နိုင်ငံတော်သံဃမဟာနာယက ဒုတိယ ဥက္ကဋ္ဌဘဒ္ဒန္တဝိမလ အဂ္ဂမဟာပဏ္ဍိတထေရ်သည် ကမ္ဘာအေးမှ စစ်ကိုင်း ရွှေဟသ်ာဆရာတော်ထံ ကြွရောက် ကန်တော့သည်။ ညောင်တုန်း မြို့ ရွှေဟသ်ာတောရကျောင်းတိုက် ကျောင်းဒကာမကြီး ဒေါ်မေက မွေးနေ့ကို ရည်မှန်း၍ ကပ္ပိယမှတဆင့် စစ်ကိုင်းရွှေဟသ်ာဆရာတော်အား လှူဒါန်းသော ဝတ္ထုတစ်ထောင်ကို ကပ္ပိယ လွှဲအပ်သည်။

သီတင်းကျွတ်လဆုတ် (၁၃)ရက်နေ့၌ ဦးကြည်ညွန့်သည် ရွှေဟသ်ာဆရာတော်ထံသို့ ရောက်လာသည်။ ''နတ်တော်လဆန်း(၇)ရက် ၌ အိန္ဒိယသို့ ကြွရမည့်အကြောင်း၊ လေဆိပ်သို့ကြွသောအခါ ဒကာ၊ ဒကာမများ လိုက်ပို့ရန် မလိုကြောင်း နံနက်(၆)နာရီခန့်၌ ကမ္ဘာအေးမှ မာစီဒီးကားဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်တို့ လာရောက်ပင့်လိမ့်မည်။ တပည့်တော်ပါ လေယာဉ်ပေါ် အရောက် ပို့ပါမည်''ဟု လျှောက်သွားသည်။

သီတင်းကျွတ်လဆုတ်(၁၂)ရက်၌ ဝင်ဒါမီယာ မဏ္ဍိုင်ကျောင်းကထိန်က ပင့်၍ သီလပေး အနည်းငယ် ဩဝါဒတရားဟော၍ ဆွမ်းကပ်သည်ကို ဘုဉ်းပေးခဲ့သည်။ (၁၃)ရက်နေ့ နေ့ဆွမ်းကို စစ်ကိုင်းမြို့နယ်လွှတ်တော်အမတ် ကောင်စီဝင် ဦးခင်အေးတို့က ကပ်လှူသည်။ (၁၄)ရက် နေ့၌ ဦးအောင်မျိုး ဒေါ်မေသန်းတို့က ကပ်သည်။ နံနက်အရုဏ်ဆွမ်းကို ကားဒကာများက ကျောင်းသို့ ပို့လှူကြသည်။ ရေကျော်ဦးသန်းနှင့် ဒေါ်လွင်လွင်အေး၊ အနောက်ရွှေဂုံတိုင် ဦးသီတို့က နံနက်အရုဏ်အတွက် နေ့စဉ် ပို့လှူကြသည်။

(၁၄)ရက်နေ့ နံနက်၌ ကျောင်းဒကာ ဦးသန်းထွဋ်က ကားဖြင့်ပို့ပေး၍ ဘုန်းကြီးဦးနာဂိယ ဦးပညာသီရိတို့နှင့်တကွ ရွှေတိဂုံစေတီတော်သို့ သွားရောက် ဖူးမြော်ရသည်။ ဦးသန်းထွဋ်က "ရွှေဟင်္သာဆရာတော် အလိုရှိသောအခါ အသုံးပြုရန် ကားတစ်စီး ကျောင်းသို့ ပို့ထားပါမည်"ဟု လျှောက်ထားသည်။ မောင်သန်းဌေးကလည်း "ကြွလိုရာ ပို့ပေးမည်"ဟု လျှောက်၍ ကားကုသိုလ် ပြုကြသည်။

(၁၄)ရက်နေ့နံနက်၌ပင် ကျောင်းဒကာ ဦးခင်မောင်လာ၍ (၁၂)လမ်းတိုက် ရောင်းရန်ကိစ္စ အရပ်ရပ်ကို လျှောက်ထား၍ ရွှေဟင်္သာဆရာတော်၏ သဘောတူညီမှုကို တောင်းယူသည်။

(၁၄)ရက်နေ့နံနက်၌ပင် ဦးသန်းထွဋ် တစ်ကြိမ်ပြန်လာ၍ "ဆရာတော် အိန္ဒိယ၌ နေစဉ်အခါ အသုံးပြုနိုင်စေရန် ဂျပန်ပြည်၌ရှိသော သမီး ခင်စိုးပိုင်ထံမှ အိန္ဒိယလေယာဉ်မန်နေဂျာ ဦးစံထွန်းလုထံသို့ ဝတ္ထု အမြန်ပို့ပေးရန် တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်ပါသည်"ဟု

လျှောက်သည်။ ၄င်းဝတ္ထုများ ဦးစံထွန်းလှထံ ရောက်နေသည်ကို ကာလကတ္တားသို့ ရောက်သောအခါ သိရသည်။

ရန်ကုန် မဟာဗန္ဓုလလမ်း(၈၃၈) ဒကာအောင်မျိုး ဒကာမ မေသန်းတို့က အိန္ဒိယ၌ အသုံးပြုရန် ငါးကျည်းခြောက်ကြော်နှင့် ခေါက်ဆွဲ တုတ်များကိုလည်းကောင်း၊ ခရီးဆောင်ရေဗူးစသည်တို့ကို လည်းကောင်း ဂရုပြု၍ လှူဒါန်းကြသည်။

ရန်ကုန် အင်းယားမြိုင်လမ်း ဒေါ်တင်အုံးနှင့် သမီးတို့ကလည်း ငါးပိကြော်၊ ကြက်သား အရိုးလွတ်ကြော် စသည်တို့ကို ပြည့်ပြည့်စုံစုံ စေတနာ သဒ္ဓါအလျောက် လှူဒါန်းကြသည်။ (အိန္ဒိယ၌သုံးရန် ဖြစ်သည်)

တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့ အရုဏ်ဆွမ်းကို မောင်ဖေသန်း အဖွဲ့က မုန့်ဟင်းခါး ကပ်လှူကြသည်။ ၄င်းနေ့ နေ့ဆွမ်းကို ဒေါ်ခင်ယဉ်ပြု တို့က ကပ်လှူကြသည်။ (၂)ရက်နေ့ အရုဏ်ဆွမ်းကို အများ ကပ်လှူ ကြသည်။ နေ့ဆွမ်းကို ဝင်ဒါမီယာလမ်း ဦးပေါင်ကို ဒေါ်ခင်ဝင်း တို့က ကပ်လှူကြသည်။ (၃)ရက်နေ့ အရုဏ်ဆွမ်းကို အများ ကပ်လှူ ကြသည်။ နေ့ဆွမ်းကို အငြိမ်းစားသံအမတ်ကြီးဦးကြင် ဒေါ်မြမေ တို့က ကပ်လှူကြသည်။ (၂)ရက်နေ့၌ ပိဋကအတွက် ဓါတ်ပုံနှင့် ဝတ္ထုကို ယူ၍ ဦးခင်ဇော်က ဆောင်ရွက်သည်။

ရန်ကုန်မြို့ ဗိုလ်တထောင်ဈေးလမ်း ဦးသန်းတင်အောင်တို့က ဘိလပ်၌ရှိသော ညီမတော်စပ်သူ ဒေါက်တာ... အကြောင်းကြား၍ ဆရာတော် အိန္ဒိယ၌ သုံးစွဲလှူဒါန်းနိုင်ရန် ဝတ္ထုပို့ပေးရန် အကြောင်းကြား လိုက်သည်''ဟု လျှောက်သည်။ ကလကတ္တာမြို့ တောရကျောင်းဆရာတော်

ဦးဝေပုလ္လနှင့် ဒကာ ဒကာမ(၂၀)ကျော်တို့ကလည်း အိန္ဒိယသို့ လေယာဉ် တစ်စင်းတည်းအတူလိုက်မည်ဖြစ်၍ အရာရာ ပြုစုစောင့်ရှောက်မည့် အကြောင်း လာရောက် လျှောက်ကြသည်။

ဆရာတော် ဦးဝေပုလ္လကပင် ငါးပိကြော် ငါးခြောက်ကြော် တော်တော်များများ လှူပါသေးသည်။ အချို့ ဒကာဒကာမတို့က ခရီးစရိတ် ဝတ္ထုလှူကြပါသေးသည်။ မြန်မာနိုင်ငံက ဝတ္ထုကို အိန္ဒိယ၌ အသုံးမပြုနိုင်ကြောင်း ပြောရသည်။

တန်ဆောင်မုန်းလဆန်း(၄)ရက်နေ့ အရုဏ်ဆွမ်းကို ရန်ကုန် ဦးသက်ထွန်းက ကပ်လှူသည်။ သက်န်းစသည့် ဝတ္ထုများကိုလည်း ကပ်လှူသည်။ နေ့ဆွမ်းကို တောင်ဥက္ကလာပဦးခင်ဇော် ဒေါ်ကြည်ကြည်မာ တို့က ကပ်လှူကြသည်။ (၄)ရက်နေ့၌ပင် ဦးသန်းထွန်းက ဆရာတော် ရန်ကုန်၌ ဦးနေ ကြို့ကြိုက်ခိုက်တွင် တောင်းပန်၍ ဒုလ္လဘရဟန်းပြုသည်။ အိန္ဒိယမှအပြန် ဆွမ်းတစ်ရက် ကပ်ခွင့်ပြုရန်လည်း ကြိုတင်လျှောက်သည်။ အိန္ဒိယ၌ မှတ်တမ်းတင်ဓါတ်ပုံရိုက်ရန် ဦးသန်းထွန်းက ကင်မရာ တစ်ခုနှင့် ဖလင် နှစ်လိပ် လှူသည်။ ဒကာအောင်မျိုး ဒကာမမေသန်းတို့က ဖလင်နှစ်လိပ်၊ ဘေဘီက ဖလင်တစ်လိပ် လှူကြသည်။

တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့၌ အငြိမ်းစားသံအမတ်ကြီး ကထိန်မှ ပင့်သော အလှူဝတ္ထုများကို အိန္ဒိယမှ အပြန်တွင် လှူမည့် အကြောင်း လျှောက်သည်။ အိန္ဒိယသို့ သွားမည့်ရက်နှင့် ကထိန်ရက် ဆုံနေသောကြောင့် ဖြစ်သည်။ အိန္ဒိယသို့ မသွားမီ ဆွမ်းကပ်လှူလိုသော ဒကာနှင့် ရက်ပြည့်နေသည်ဖြစ်၍ အိန္ဒိယမှ အပြန် ဆွမ်းကပ်ရန်

ကြိုတင် စောင်းကြသည့်မှာလည်း ပြည့်နေသည်။ မန္တလေးမြို့ (၂၈)လမ်း ဦးခင်မောင် ဒေါ်ခင်ခင်လေးတို့က အိန္ဒိယရှိ ဘုန်းကြီးများကို လှူနိုင်ရန် ထန်းလျက်(၂)ပုံး လှူကြသည်။

မန္တလေးမြို့ ဆိုင်းတန်း ဆန်စက်ပိုင် ဦးဘသန်းနှင့်သမီးများက အိန္ဒိယ၌ လှူရန် ငါးရံ့ခြောက် ပုစွန်ခြောက် များကို လှူကြသည်။ သကၤန်းစသည်ကို လှူလိုသော ဒကာတို့ကလည်း လျှောက်ကြသည်။ ``အိန္ဒိယဘုရားဖူး ဒကာဒကာမတို့က လှူကြ၍ အိန္ဒိယ ဘုန်းကြီးများ၌ သကၤန်းပေါများနေသည်''ဟု သိရကြောင်း ပြောရသည်။

အိန္ဒိယမှခေတ္တလာသော ဘုန်းကြီးတစ်ပါးသည် စစ်ကိုင်းမှ ဟသာ ရောက်လာစဉ်ကလည်း ဤသို့ပင် ပြောဖူးသည်။ ``ဆရာတော်တို့ကြွလျှင် ဝန်ပေါ့ပေါ့သာ ကြွပါ''ဟု လျှောက်သွားသည်။ အကောက်ခွန်ဌာနက ကုလားများနှင့် စကားမပြောရအောင် အသုံးအဆောင်ပစ္စည်း မျှလောက် ကိုသာ ယူရန် ဦးကြည်ညွန့်ကလည်း လျှောက်သည်။

ဆရာတော်က ဝက်သားရှောင်သည်ဟု သိရ၍ ဒေါ်တင်အုံးတို့ သားအမိက ကြက်သားကို အရိုးလွတ် ဝက်သနိကြော်ကဲ့သို့ ကြော်၍ လှူသည်။ (ဤကြက်သားကြော်ကို အိန္ဒိယက ဘုန်းကြီးများ နှစ်သက် ကြသည်။)

အိန္ဒိယသို့ သွားရေးနှင့်စပ်၍ ပြည်ထဲရေးနှင့် သာသနာရေးဆိုင်ရာ ကိစ္စအရပ်ရပ်တို့ကို ဦးကြည်ညွန့်နှင့် ဦးခင်ဇော်တို့က ဆောင်ရွက်ကြသည်။ ဆောင်ရွက်ကြရသော ကိစ္စတို့သည် မနည်းလှပေ။ အချို့အချို့ အိန္ဒိယသို့ သွားလိုသောပုဂ္ဂိုလ်တို့သည် ဆောင်ရွက်ရသော တာဝန်တွေ များလွန်း၍

စိတ်ပျက်ပြီး မသွားတော့ဟု သိရသည်၊ ဒေါ်တင်အုံးတို့လှူသော အကြော်စသည်ကိုလည်းကောင်း၊ ဒကာအောင်မျိုး ဒကာမမေသန်းတို့ လှူသော ပစ္စည်းတို့ကိုလည်းကောင်း၊ လယ်ပွတ္တာဆရာတော်လှူသော ငါးပိကြော်တို့ကို လည်းကောင်း၊

အခြားဒကာ၊ ဒကာမတို့ လှူကြသော အိန္ဒိယလမ်းခရီး တစ်လျှောက်၌ အသုံးပြုရန် စားသောက်ဖွယ်တို့ကို ရွှေဟင်္သာဆရာတော် ဘို့နှင့် လေယာဉ်တစ်စင်းတည်း အတူလိုက်ပါကြမည်ဖြစ်သော ရန်ကုန် (၆)မိုင်ခွဲမှ ဘုရားဖူးအဖွဲ့သို့ အပ်လိုက်သည်။ ထိုအဖွဲ့ပါ ဒကာဒကာမ တို့က တာဝန်ခံ၍ သယ်ဆောင် လာကြသဖြင့် ရွှေဟင်္သာဆရာတော် တို့သည် တာဝန်ပေါ့ပါးစွာဖြင့် ချမ်းသာ ကြရသည်။

ဦးကြည်ညွန့်၊ ဦးခင်ဇော်တို့ ဆောင်ရွက်နေဆဲ၌ပင် အမြတ်တော် ခွန်ဌာနမှ အမြတ်ခွန်နှင့်စပ်၍ အကြောင်းကြားသည်ကို ဦးကြည်ညွန့်၊ ဦးခင်ဇော်တို့သည် ဆောင်ရွက်ကြရသေးသည်။ တန်ဆောင်မုန်းလဆန်း (၅)ရက်နေ့ နံနက်အရုဏ်၌ ဘုန်းကြီးလမ်း ဒေါ်နုနုမေက ကြာဆံဆွမ်း လာရောက်လှူသည်။ ဗဟန်းရပ် ဒေါ်ကျင်စိုး၏ ညီမများက ခေါက်ဆွဲဆွမ်း ပို့လှူကြသည်။

(၅)ရက်နေ့ နေ့ဆွမ်းကို ရေကျော်ဦးသန်း၊ ဒေါ်လွင်လွင်အေး တို့က အိမ်သို့ ပင့်ကပ်သည်။ ၄င်းနေ့ ရန်ကုန် ဦးပွင့်ကောင်း ဒေါ်ခင်နွဲ့ငြိတို့က ကိတ်မုန့်မျိုးစုံ လာရောက် လှူဒါန်းသည်၊ မဇ္ဈိမပဋိပဒါ ကျမ်းစာအုပ် (၃၀၀၀)ကို မိမိတို့ အဖွဲ့က ရိုက်၍ လှူဒါန်း မည်ဟုလည်း လျှောက်သည်။

၄င်းနေ့ညပိုင်း ရန်ကုန်ယောက်လမ်း ဒေါ်သန်းညွန့်က လိမ္မော်သီးနှင့် ဝတ္ထု (၁၀၀၀/-)လာလှူသည်။ ရေကျော် ဒေါ်အေးကြည်မိသားစုက အိန္ဒိယမှအပြန် ဆွမ်းကျွေးရန် ရက်တောင်းသည်။ အပြန်၌လည်း ရက်မရ၍ တပို့တွဲလ ပြောင်းလိုက်ရသည်။ ခရစ်လမ်း ဦးမြတ်သူ၊ ဒေါ်အေးအေးတို့က နေ့စဉ် နွားနို့ကပ်လှူကြသည်။ ဒဂုံမြို့နယ် ဒေါက်တာမျိုးသန့်၊ ပြုံးသန့်ဇင်တို့က ခေါက်ဆွဲထုပ်(၂၀)နှင့် မုန့်မျိုးစုံ လှူကြသည်။ လိုအပ်သမျှ တာဝန်ယူကြောင်း လျှောက်ကြသည်။

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓမြတ်စွာဘုရား ဖွါးတော်မူရာဌာန၊ ဘုရား အဖြစ်သို့ ရောက်တော်မူရာဌာန၊ ဓမ္မစကြာတရားတော်ကို ဟောတော် မူရာဌာန၊ သက်တော်ရှည်သမျှကာလ သီတင်းသုံးတော်မူရာဌာနများ၊ ပရိနိဗ္ဗာန်ပြုတော်မူရာဌာနတို့ကို နေရာဌာန အားလျော်စွာ ရှိခိုးပူဇော်ရန် ရွှေဟင်္သာဆရာတော်ကိုယ်တိုင် ရေးသားသော (၇)ဂါထာ ပါဠိအနက်တို့ကို လပွတ္တာဆရာတော် ဦးဝေပုလ္လက ရွက်ရေ(၅၀၀)ရိုက်နှိပ်၍ ဘုရားဖူးအဖွဲ့ တို့အား လှူဒါန်းသည်။

ကျောင်းဒကာ၊ ဒကာမဦးခင်မောင် ဒေါ်မြမေက သပ်ယပ်စွာ စာအုပ်ကလေးရိုက်၍ အုပ်ရေတစ်ထောင် လှူဒါန်းကြသည် တန်ဆောင် မုန်းလဆန်း(၅)ရက်နေ့ သစ်တောဝန်ကြီးဌာန ဒေါ်သန်းသန်းက အိန္ဒိယသို့ ယူဆောင်အသုံးပြုရန် ငါးခြောက်ကြော်၊ ငါးပိကြော်တို့ကို လာရောက်လှူဒါန်းသည်။

(၅)ရက်နေ့ နေ့(၁၂)နာရီ (၃၀)၌ ရန်ကုန်မြို့ လှိုင်မြို့နယ် တပ်တွင်း ပရိယတ္တိစာသင်တိုက်မှ ကထိန်သင်္ကန်းကပ်လှူခြင်းနှင့်တွဲ၍

ပူဇော်ပွဲ ပြုလုပ်လိုသည်ဖြစ်၍ အခမ်းအနားဖြင့် လာရောက်ပင့်ဆောင်သောကြောင့် ကြွရောက်၍ ချီးမြှင့်ရသည်။

ယိုနေ့၌ပင် တောင်ဥက္ကလာပ မြင်သာဝိပဿနာကျောင်း ဘုန်းကြီးဦးဂါဝကထံသို့ အစောင့်အရှောက်အဖြစ် ဦးဒေဝဿျဝမ္မကို ပို့မည့်အကြောင်း အကြောင်းကြားလိုက်သည်။

(၅)ရက်နေ့ ညနေ(၃)နာရီအချိန်၌ သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင် ရောက်လာပြီး (၇)ရက်နေ့ လေယာဉ်သို့ကြွရန် အစီအစဉ်ကို (၆)ရက်နေ့၌ လာရောက် လျှောက်ပါမည်ဟု လျှောက်ကြားသည်။ (၆)ရက်နေ့၌ ဒေါ်သိန်းတင်နှင့် သမီးအမာတို့လာ၍ ငွေ(၃၀၀/-) လှူသွားကြသည်၊ ရန်ကုန် ရွှေတောင်ကြား ဦးလှကြိုင် ဒေါ်တင်တင်တို့ကလည်း အိန္ဒိယမှ အပြန်ကွင် ဆွမ်းကပ်ရန် ရက်တောင်းသွားကြသည်။

(၅)ရက်နေ့ ညနေ၌ ရွှေတိဂုံစေတီတော် ဂေါပကလူကြီး ဦးညွှန့်ရီ မိသားစုတို့ လာရောက်ကန်တော့ကြသည်။ ဗိုလ်ကြီးတင်နှင့် ဇနီးတို့ကလည်း လာရောက်၍ ခြင်ထောင်တစ်လုံး လှူပြီးလျှင် ကိုယ်တိုင်ခုတင်၌ တပ်ဆင်သွားကြသည်။ အမည်မမှတ်မိသော ကျောင်းအုပ်ဆရာမကြီး ကစ်ယောက်ကလည်း ကိတ်မုန့်များ လာရောက် လှူဒါန်းသည်။

တန်ဆောင်မုန်းလဆန်း(၇)ရက် အင်္ဂါနေ့နံနက်၌ (၄)နာရီအချိန်မှာ အိပ်ရာထကြ၍ ဘုရားရှိခိုး မေတ္တာဘာဝနာ ပွါးကြပြီးလျှင် ပြင်ဆင်၍ အသင့်စောင့်နေကြသည်။

(၄)နာရီ(၁၅)မိနစ်ခန့်၌ ကားဖြင့် ရောက်လာကြသည်။ ဒကာခင်ဇော်သည်လည်း ကားတစ်စီးဖြင့် ရောက်လာသည်။ လေဆိပ်သို့ ဒကာဒကာမများ လိုက်မပို့ကြရန် ဦးကြည်ညွှန့် လျှောက်ထား သည်ဖြစ်၍ (၆)ရက်နေ့ ညဦးဘက်၌ လာရောက် ကန်တော့ကြသည်။ (၇)ရက်နေ့၌ လေဆိပ်၌ ပြုလုပ်ဖွယ်ကိစ္စ အားလုံးတို့ကို ဦးသိန်းမောင်၊ ဦးခင်ဇော်၊ ညွှန်ကြားရေးမှူး ဦးတင်ဦးတို့ ဆောင်ရွက်ကြသည်။

ဘုန်းကြီးတို့ကား ပြည်ပခရီးသည် သီးသန့် တည်းခိုခန်း၌ နေကြသည်။ မကြာမီ ဦးကြည်ညွှန့် ရောက်လာ၍ ပြည်ပခရီးသည် အထက်တန်း တည်းခိုရာ အခန်းသို့ပင့်၍ ထိုအခန်း၌ ချမ်းသာစွာ နေရသည်။ လေယာဉ်ရုံး အကြီးအမှူးဖြစ်သော ဦးခင်မောင်ကလည်း အထူးလေးစားစွာ မနေရာကောင်းသို့ ထပ်မံ ပင့်၍ အလေး ဂရုပြုသည်။

## လေယာဉ်သို့ သွားခြင်း

အချိန်သင့်သောအခါ ပင့်ကြ၍ လေယာဉ်ကြီးရှိရာသို့ သွားကြသည်၊ လေယာဉ်မန်နေဂျာ ဦးခင်မောင်၊ ဦးကြည်ညွှန့်၊ ဦးခင်ဇော်၊ ဦးသိန်းအောင်၊ ဦးတင်ဦးတို့သည် ရွှေဟသာ်ဆရာတော်အား လေယာဉ်ပေါ်သို့ ရောက်သည့်တိုင်အောင် လိုက်ပို့ကြသည်။

ဦးကြည်ညွှန့်သည် ရွှေဟသာ်ဆရာတော်အနီးမှ ဖေးမ၍ လိုက်သည်။ ဦးကြည်ညွှန့်က ကာလကတ္တားသူဌေးကြီး ပြာရိယားနှင့် လေယာဉ်မန်နေဂျာ ဦးစံထွန်းလှထံသို့ ရွှေဟသာ်ဆရာတော် ယနေ့ ကြွလာမည့်အကြောင်းကို အကြောင်း ကြားထားပြီဟု လျှောက်သည်။

လေယာဉ်သည် ပြည်တွင်း၌ သွားလာပို့ဆောင်နေသော ဂျက်လေယာဉ်ထက် ကြီးသည်။ ခရီးသည် (၈၅)ယောက်ပါရှိကြောင်း သိရသည်။ ဂျက်လေယာဉ်ကြီး ဖြစ်သည်။ ရန်ကုန်လေဆိပ်မှ နံနက် (၇)နာရီ မိနစ်(၃၀)၌ လေယာဉ်ထွက်သည်။ အမြင့်ပေပေါင်း(၂)သောင်း (၉)ထောင် အထိတက်၍ ပျံသန်းမည်ဟု လေယာဉ်မောင်က ကြေငြာသည်။ အိန္ဒိယ ဘုရားဖူးအဖွဲ့ (၃၅)ယောက်တို့သည်လည်း ဤလေယာဉ်၌ အတူပါလာကြသည်။ ထိုအဖွဲ့၌ ဘုန်းကြီး(၆)ပါး ပါသည်။

လေယာဉ်ထွက်စ၌ သံပုရာအဖျော် တစ်ခွက်စီ ကပ်သည်။ ထို့နောက် နံနက်စာအဖြစ်ဖြင့် ကော်ဖီ၊ ပေါင်မုန့်၊ ထောပတ်၊ ကြက်ဥကြော်၊ ငှက်ပျောသီးတို့ကို ကပ်သည်။ ခရီးသည်အားလုံးကို ကျွေးသည်။ ခရီးသည်အားလုံး ချမ်းသာရွှင်လန်းစွာ ရှိကြသည်။ လေယာဉ်ကြီးသည်လည်း ကောင်းစွာ ပျံသန်းလျက် ရှိသည်။ ငြိမ်သက်သည်။ လေယာဉ်မောင်မယ်တို့ကလည်း ယဉ်ကျေးစွာ တာဝန်ဝတ္တရားကို ကျေပွန်စွာ ဆောင်ရွက်ကြသည်။ ခရီးသည်တို့သည် အချင်းချင်း ရင်းနှီးကြ၍ ပျော်ရွှင်သော လက္ခဏာ ရှိကြသည်။

ရွှေဟင်္သာဆရာတော်သည် စာရေးသည့်အခါ ရေး၊ စာကြည့်သည့်အခါ ကြည့်သည်။ တစ်ခါတစ်ရံ ဟင်းလင်းပြင်ကြီးဖြစ်သော ကောင်းကင်ကြီးကို ရှုမျှော်၍ တစ်နည်းအားဖြင့် သံဝေဂဖြစ်ရသည်။ ယင်းသို့ သံဝေဂဖြစ်သည်ကို ဂါထာစီ၍ စိတ်ဖြင့် ကျူးရင့်မိသည်။

ကိဥ္စာပိ ဒဗ္ဗသာရေဟိ၊ သုညကော အာကာသော မဟာ။
တထာပိ ပဥ္စက္ခန္ဓောဝ၊ အသာရော တုစ္ဆ အာကာသော။

မဟာ၊ ကြီးကျယ်သော။ အာကာသော၊ ပကတိသော ဤ ကောင်းကင်ပြင်ကြီးသည်။ ဒဗ္ဗသာရေဟိ၊ အထည်ဒြပ်အနှစ်အသားတို့မှ။ သုညကော၊ ကင်းဆိတ်သော။ အာကာသော၊ ကောင်းကင်သည်။ ကိဥ္စာပိ ဟောတိ၊ အကယ်မူကား ဖြစ်ပေ၏။ တထာပိ၊ ထိုသို့ပင် ဖြစ်သော်လည်း။ ပန၊ စင်စစ်သော်ကား။ ပဥ္စက္ခန္ဓာ၊ ရုပ်နာမ်ပေါင်းထား ခန္ဓာငါးပါးသည်သာလျှင်။ အသာရော၊ အတ္တတည်းဟူသော အနှစ်သာရ မရှိသော။ တုစ္ဆအာကာသော၊ လိုချင်တပ်မက် နှစ်သက်ဖွယ်ရာ တစ်စုံတစ်ရာမရှိ အချည်းနှီးသော ကောင်းကင်သာလျှင် ဖြစ်ပါပေသည် တကား ဟူ၍ ကျူးရင့်မိပေသည်။

လေယာဉ်ပေါ်၌ လပွတ္တာတောရကျောင်း ဆရာတော်တို့အဖွဲ့ သည် ဘုန်းကြီး(၃)ပါးနှင့်လူ(၃၀)ကျော် ဖြစ်သည်။ ရင်းနှီးသောပုဂ္ဂိုလ် ချင်းဖြစ်၍ ဝမ်းမြောက်ကြရသည်။

တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့ နံနက်(၇)နာရီ (၄၀)မိနစ်ခန့်၌ ရန်ကုန်လေဆိပ်မှ ထွက်လာခဲ့သော လေယာဉ်သည် ကာလကတ္တား လေဆိပ်သို့ နံနက်(၉)နာရီ မိနစ်(၃၀)၌ ရောက်သည်။ ကာလကတ္တား နာရီသည် ဟစ်နာရီနောက်ကျသည်ဟု သိရသည်။ နာရီများ အချိန် ပြင်ကြရသည်။

ကာလကတ္တားသို့ ရောက်၍ လေယာဉ်မှဆင်းကြရာ လေယာဉ် မန်နေဂျာ ဦးစံထွန်းလှကို လေယာဉ်လေှကားအဆင်း၌ အဆင်သင့် တွေ့သည်။ ဦးစံထွန်းလှသည် ဝမ်းမြောက်ဝမ်းသာဖြင့် ရွှေဟင်္သာ ဆရာတော်ကို သူ၏ ရုံးခန်းသို့ ပင့်ဆောင်သွားသည်။

``ဆရာတော် ယနေ့ ကြွလာမည့်အကြောင်းကို တပည့်တော်တို့ထံသို့လည်း အကြောင်းကြားစာ မရောက်သေး။ ပြာရိယားသူဌေးကြီးထံသို့လည်း မရောက်သေး၍ ယခု လေယာဉ်ဖြင့် ကြွလာလိမ့်မည် မထင်ကြပါ။ သို့ကြောင့် သူဌေးကြီးလည်း ကြိုရန် ကားမလွှတ်သေးပါ။ တပည့်တော် ယခု ဖုန်းနှင့် ပြောကြားလိုက်ပါမည်`` ဟု လျှောက်၍ ဦးစံထွန်းလှ၏ ရုံးခန်း၌ ခေတ္တ နားနေရသည်။

မကြာမီ သူဌေးကြီးထံက အကြိုကား ရောက်လာသည်။ ဦးစံထွန်းလှသည် ကားပေါ်သို့ အရောက်လိုက်ပို့၍ ``ညနေမှ တပည့်တော် လာပါဦးမည်``ဟု လျှောက်သည်။ ပြာရိယားသူဌေးကြီးအိမ်သို့ ရောက်သောအခါ သူဌေးကြီးကိုယ်တိုင် အိမ်ပေါက်ဝမှ စောင့်ကြို၍ ဧည့်ခန်းသို့ ပင့်သည်။

``ကြွရောက်လာသည်ကို ဝမ်းသာလှပါသည်။ ဦးကြည်ညွန့်ထံက ဆရာတော် ယနေ့ကြွလာမည့်အကြောင်းကို အကြောင်းကြားစာ မရောက်သောကြောင့် အကြိုနောက်ကျရပါသည်။ အလိုရှိသမျှ နေတော်မူပါ။ နေရေးသွားရေးမှစ၍ တပည့်တော်တို့က အားလုံး တာဝန်ယူပါသည်``ဟု လျှောက်၍ မွန်းလတ်လက်ဖက်ရည် ကော်ဖီ ကပ်ကြသည်။ သူဌေးကတော်ကြီးနှင့်တကွ သားသမီးတို့ကလည်း ရွှင်လန်းဝမ်းသာကြသော အမူအရာတို့ဖြင့် ပျူပျူငှါငှါ ရှိကြသည်။ ကြည်ညိုသဒ္ဓါရှိသော လက္ခဏာကို တွေ့မြင်ရသည်။

ဦးကြည်ညွန့်က ပြာရိယားသူဌေးကြီးထံသို့လည်းကောင်း၊ ဦးစံထွန်းလှထံသို့လည်းကောင်း တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့

လေယာဉ်ဖြင့် ရွှေဟင်္သာဆရာတော် ကြွလာမည့်အကြောင်းကို ကြိုတင် အကြောင်းကြားစာမှာ နောက်တစ်နေ့မှသာ ရောက်လာသည်ဟု သိရသည်။ ကာလကတ္တား၌ စာ ကြေးနန်းတို့သည် မြန်မာနိုင်ငံထက်ပို၍ ကြန့်ကြာတတ်သည်။ တယ်လီဖုန်းများသည်လည်း မကြာခဏ ပျက်တတ်သည်ဟု သိရသည်။

ပြာရိယားသူဌေးကြီးတိုက် ညှို့သည်ဆောင်၌ နေရာချထား ပေးပြီးနောက် နံနက်(၁၀)နာရီ၌ တိုက်အထပ်လေးထပ်သို့ပင့်၍ ဆွမ်း ကပ်လှူသည်။ ဆွမ်းမှာ ဆွမ်း ဆွပ်းဟင်း(၃-၄)မျိုး၊ ပူတီ၊ နွားနို့ချဉ်၊ ကော်ဖီ၊ မုန့်၊ ပန်းသီးတို့ကို ကပ်သည်။

အားလုံး သက်သတ်လွတ် ဟိန္ဒူအစားအစာပင် ဖြစ်သည်။ စားပွဲ ကုလားထိုင်တို့ဖြင့် သန့်ရှင်း သပ်ရပ်သည်။ ဆွမ်းတို့ကို ကိုယ်တိုင် ကပ်ကြသည်။ သားသမီးများကလည်း မြန်မာစကား မပြောတတ်ကြ သော်လည်း ရင်းနှီးသော မိသားစုကဲ့သို့ ဖော်ဖော်ရွေရွေနှင့် ကြည်ညို လေးစားသော လက္ခဏာရှိကြသည်။

ဆွမ်းစားပြီးသောအခါ သူဌေးကတော်ကြီးက သစ်ကြံပိုး၊ စမုန်စပါး၊ ဂမုန်း၊ ကွမ်းသီးတို့ကိုပေါင်း၍ အမှုန့်ပြုထားသောအမှုန့်ကို ကိုယ်တိုင် ကပ်သည်။ ထို့နောက် ရွှေဟင်္သာဆရာတော်ကို့သည် တည်းခို သော အဆောင်သို့ ဆင်းခဲ့ကြသည်။

ရွှေဟင်္သာဆရာတော်တို့ သီတင်းသုံးကြရသော အဆောင်မှာ အဖိုးရဝန်ကြီးများ၊ ကုန်သည်သူဌေးများသာ တည်းခိုကြရသော ညှို့ခန်း ဆောင်ဖြစ်သည်။ ရန်ကုန်မြို့ အင်းယားလိပ်ဟော်တယ်ကဲ့သို့ ဖြစ်သည်။

အိပ်ခန်း၊ ရေချိုးခန်း၊ အိမ်သာခန်းတို့သည် ခေတ်မီသည်။ သန့်ရှင်းကျယ်ဝန်းခမ်းနားသည်။ အလယ်၌ ဧည့်ခန်းနှင့်တွဲလျက် ရှိသည်။ ပန်ကာရှိသည့်အပြင် လေအေးစက်လည်း ရှိသည်။ အခန်းတွင်း၌ ထူသော ကော်ဇောနီကြီး ခင်းထားသည်။ ရွှေဟင်္သာဆရာတော် တစ်ပါးတည်း တစ်ခန်း၊ နောက်ပါ ဦးပညာသီရိ တစ်ပါးတည်း တစ်ခန်းစီ ဖြစ်သည်။

''အင်းယားလိပ်ဟော်တယ်ခန်းကဲ့သို့ ဖြစ်သည်''ဟု ပြောခြင်းမှာ (၁၃၄၆)ခုနှစ် နယုန်လ ရန်ကုန်သို့ ရောက်စဉ်က ဓမ္မဃောသက ဦးမောင်မောင်ကို အကြောင်းပြု၍ အင်းယားလိပ်ဟော်တယ် မန်နေဂျာနှင့်တကွ ဗုဒ္ဓဘာသာအဖွဲ့က ဘုန်းကြီးတို့ကို ဆွမ်းစားပင့်ပြီး ပတ္တမြားခန်းမ၌ ဆွမ်းကပ်သည်။ ဆွမ်းစားပြီးလျှင် ဟော်တယ်တစ်ခုလုံး အထက်အောက် အစုံလိုက်ပြ၍ ကြည့်ခဲ့ရဖူးသည်။ သို့ကြောင့် ကာလကတ္တားသူဌေးကြီးတိုက်၌ ဧည့်ခန်းဆောင်သည် အင်းယားလိပ်ဟော်တယ်ကဲ့သို့ ဟု ဆိုရခြင်းဖြစ်သည်။

ရွှေဟင်္သာဆရာတော်တို့သည် ဆွမ်းစားပြီးကာလ ခေတ္တ အပန်းဖြေကြသည်။ နေ့ (၁)နာရီ၌ ရေချိုးသည်။ ရေချိုးခန်း၌ အီတလီကျောက်ပြားကြီး အပြည့်ခင်းထားသည်။ ရေပန်းနှင့် ချိုးရသည်။ ပျက်နှာသစ်ခွက်မှစ၍ ကောင်းပွန် ခမ်းနားသည်။ ရေနွေး ရေအေး လိုရာရသည်။

ရေချိုးပြီးနောက် စာကြည့် စာရေးနေစဉ် ပြာရိယားသူဌေးကြီးသည် ရွှေဟင်္သာဆရာတော်ထံ လာရောက်ရှိခိုး၍ ရေနွေးကပ်ပြီးလျှင်

ဝမ်းသာအားရ အာလွှာပ သလ္လာပစကားပြောသည်၊ ဘုံဘေ၊ နယူးဒေလီ နီပေါသို့ ပို့လိုပါသည်။ လေယာဉ်ဖြင့် ပို့ပါမည်ဟု လျှောက်သည်။ ``ဗုဒ္ဓဂယာသို့ ကားနှင့်ကြွလိုလျှင် ကိုယ်တိုင် လိုက်ပို့ပါမည်``ဟု လျှောက်သည်။

``ကားနှင့်သွားက ပင်ပန်းမည်ထင်လျှင် မီးရထားအထက် တန်းနှင့် ပို့ပါမည်``ဟု လျှောက်သည်။ ``အိန္ဒိယက မီးရထားများမှာ ကြီးသည် ကျယ်သည် ငြိမ်သက်ပါသည်``ဟု ပြောသည်၊ ဗုဒ္ဓဂယာရောက် လျှင် တန်းခိုရန်အခန်း သီးခြားငှါးပေးမည်။ အစားအသောက်အတွက် စီမံပေးမည်ဟုလည်း လျှောက်သည်။ ဗုဒ္ဓဂယာစသည်တို့မှ ပြန်ကြွ လာသောအခါ သည်မှာ ရက်များများ နေစေလိုပါသည်ဟု လျှောက်သည်။

သူဌေးကြီးသည် မြန်မာနိုင်ငံ၌ နှစ်ပေါင်း(၂၀)ခန့် နေခဲ့ဖူးသည် ဖြစ်၍ မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ စိတ်စေတနာကောင်းခြင်း၊ မေတ္တာကရုဏာ ရှိခြင်း၊ ကျွေးမွေးပေးကမ်းတတ်ခြင်း သဘောတို့ကို သိရှိသည်ဖြစ်၍ မြန်မာပြည်ကို နှစ်သက်မြတ်နိုးသော စိတ်ဓါတ်ရှိသူ ဖြစ်သည်။

တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့ညနေ၌ ဦးစံထွန်းလှ ဒေါ်အေးသာနု (ဦးစံထွန်းလှ၏ဇနီး) ဦးစံညိမ်းတို့ ရောက်လာကြသည်။ ဦးစံထွန်းလှသည် ကာလကတ္တား မြန်မာလေယာဉ် မန်နေဂျာဖြစ်သည်။ ဦးစံညိမ်းသည် မြန်မာလေယာဉ် ငွေစာရင်းထိန်း ဖြစ်သည်။ ဦးစံထွန်းလှ ဦးစံညိမ်း ဒေါ်စောသာနု ပြာရီယား သူဌေးကြီးတို့နှင့် ဘုရားဖူးသွားရန် ခရီးစဉ်အတွက် တိုင်ပင်ကြသည်။

(၈)ရက်နေ့ ည(၉)နာရီ (၃၅)မိနစ်ထွက်သော မီးရထားဖြင့် ဗုဒ္ဓဂယာသို့ သွားရန် ဦးစံထွန်းလှကိုယ်တိုင် လိုက်ပို့မည်။ ထို့ပြင် သူဌေးကြီးက ကပ္ပိယအဖြစ် မြန်မာပြည်ဖွါး မြန်မာ စကား မြန်မာစာတတ်သော ဟိန္ဒူအမျိုးသားတစ်ယောက်လည်း ထည့်လိုက်မည် ပြောသည်။ ထို ကပ္ပိယအမည်မှာ မောင်မောင်ကြီး ဖြစ်သည်။ ဇာတိ ဘိုကလေးသားဟု သိရသည်။

ကာလကတ္တား မြန်မာဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးကောဝိဒကလည်း ``ဦးပဥ္စင်းတစ်ပါး ထည့်ပေးမည်''ဟု ဦးစံထွန်းလှ အား မှာလိုက်ကြောင်း ပြောသည်။ ``ဦးစံထွန်းလှ လိုက်မည်ဖြစ်၍ ပြည့်စုံပါပြီ''ဟု အကြောင်းပြန်ကြသည်။

ရွှေဟသာဆရာတော်နှင့် လေယာဉ်တစ်စင်းတည်း လိုက်ပါ လာကြသော (၃၅)ယောက် ဘုရားဖူးအဖွဲ့သည်ကား တန်ဆောင်မုန်း လဆန်း(၈)ရက်နေ့ နံနက်(၄)နာရီကပင် ကားကြီးဖြင့် ဗုဒ္ဓဂယာသို့ သွားကြပြီ။ ဒေါ်စောသာနုသည် ထို ဘုရားဖူးအဖွဲ့နှင့်အတူ ဗုဒ္ဓဂယာသို့ လိုက်ပါသွားသည်။ ဦးစံထွန်းလှက ရွှေဟသာဆရာတော်နှင့်အတူ (၈)ရက်နေ့ ညရထားနှင့် ဗုဒ္ဓဂယာသို့ လိုက်ပို့ရန် ဒေါ်စောသာနုက ဂယာဘူတာမှ ကားဖြင့်ကြိုရန် အစီအစဉ် ပြုကြသည်။

တန်ဆောင်မုန်းလဆန်း(၈)ရက်နေ့ နံနက်အရုဏ်၌ သူဌေးကြီး ကိုယ်တိုင်သက်သတ်လွတ် ခေါက်ဆွဲထွမ်း ကပ်လှူသည်။ (၈)နာရီအချိန်၌ ကော်ဖီနှင့် မုန့်၊ ပန်းသီးများ ကပ်သည်။ ကာလကတ္တားသို့ ကောင်းစွာ ရောက်ကြောင်း ရန်ကုန်သို့ တယ်လီဖုန်း ပြောလိုက ပြောနိုင်ပါသည်ဟု

လျှောက်သည်။ မပြောလိုကြောင်း ပြန်ပြောရသည်။ သူဌေးကြီးအိမ်၌နေစဉ် အခက်အခဲတစ်ခု ရှိနေသည်မှာ မြန်မာစကား ပြောတတ်သူ မရှိခြင်း ဖြစ်၏။

သူဌေးကြီးတစ်ယောက်သာလျှင် အထိုက်အလျောက် ပြောတတ်သည်။ မောင်မောင်ကြီးကလည်း သူဌေးကြီးအိမ်၌ အမြဲနေသူ မဟုတ်၊ သူဌေးကြီး၏ အလုပ်သမားပင်ဖြစ်သော်လည်း လုပ်ငန်းရှိရာ၌သာလျှင် အနေများသည်။ ဦးစံထွန်းလှကလည်း အလုပ်ကိစ္စများသူဖြစ်၏။ သို့ကြောင့် စကားပြောရခြင်း အခက်အခဲ ဖြစ်နေ၏။ ဆွမ်းကပ်သည့်အခါ ကော်ဖီကပ်သည့်အခါတို့၌ သူဌေးကတော်ကြီးသည် ကိုယ်တိုင်ကပ်၍ အနီးအနားမှ ထိုင်၍ ကြည့်ညိုနေ၏။ ဟိန္ဒူစကားဖြင့် ပြော၏။ နားမလည်ကြ၍ ခက်ရ၏။

ကာလကတ္တားသို့ (၇)ရက်နေ့ရောက်၊ (၈)ရက်နေ့နံနက်အထိ ဘယ်သို့မှ မသွားနိုင်သေး။ မြန်မာဘုန်းကြီးကျောင်းနှင့် မဟာဗောဓိ အသင်းတိုက်သို့ ခေတ္တသွားလိုသော်လည်း လမ်းသိသူ မရှိ၍ ယခုအချိန် အထိ မသွားရသေးပေ။ နံနက်(၉)နာရီကျော်ခန့်၌ ဦးစံထွန်းလှ ရောက်လာ၏။ မောင်မောင်ကြီးပါ ရောက်လာ၏။ ဦးစံထွန်းလှနှင့် သူဌေး ကြီးက ညနေ(၄)နာရီလောက်မှ သွားရန် လျှောက်ကြ၏။

သူဌေးကြီးပြာရိယား (ပြာရိယားအမည်မှာ ဘုန်းကြီး ရေးတတ် သလိုရေးသော အမည်ဖြစ်၏။ ဟိန္ဒူလို ပီသပည် မထင်) နေသော ရပ်ကွက်မှာ ကာလကတ္တား မြို့လယ်ပင် ဖြစ်၏။ ကားအသွားအလာ များ၏။ ကာလကတ္တား၌ လူဆွဲသော လန်ချားရှိ၏။

အမိုးနှင့် သုံးဘီး တစ်မျိုးလည်း ရှိ၏။ ဗာရာဏသီစသည့်တို့၌လည်း တွေ့မြင်၏။ ကာလ ကတ္တားမြို့၌ လူဦးရေ (၁၁)သန်းရှိသည်ဟု သိရ၏။ မြန်မာကောင်စစ်ဝန်ရုံး မရှိ၊ ယခင်က ရှိသည်ဟု သိရ၏။ ကောင်စစ်ဝန်ရုံး မရှိသောကြောင့် ကာလကတ္တားသို့ ရောက်လာသော မြန်မာများ၌ အကူအညီလိုလျှင် အများအကျိုးကို လက်မနေးဘဲ ဆောင်ရွက်တတ်သော ဦးစံထွန်းလုသည် တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင့်ခဲ့ရ၏။

## မြန်မာအစားအစာနှင့် နိုင်ငံခြားအစားအစာ ခြားနားခြင်း

မြန်မာနိုင်ငံ ဗြိတိသျှခေတ်က မိုးကုတ်မြို့သား တိုင်းပညာဝန် ဦးဘအုန်းသည် ပညာရေးဌာန အရာရှိဖြစ်သော အင်္ဂလိပ်လူမျိုးတစ်ယောက် ဖိတ်ခေါ်၍ ထမင်းကျွေးဖူး၏။

ဦးဘအုန်းနှင့် ဒေါ်ပြုမေတို့က မြန်မာတို့ ထုံးစံအတိုင်း ဟင်းအမည်မျိုးစုံ များများနှင့် ဖွယ်ဖွယ်ရာရာ ပြင်ဆင်၍ ကျွေးရာ အင်္ဂလိပ်လူသည် ထမင်းပွဲကို ကြည့်ပြီးလျှင် တအံ့တဩ ရင်ဘတ်ကို လက်ဖြင့်တီး၍ ``ဦးဘအုန်း . သည်ဟင်းတွေကို ဘယ်လိုလုပ်ပြီး စားရမလဲ'' ဟု မေးသတဲ့။ ဦးဘအုန်းက စစ်ကိုင်းမြို့၌ နေစဉ် စကား အလျဉ်းသင့်၍ ဘုန်းကြီးအား လျှောက်ဖူးသည်။

အိန္ဒိယမှစ၍ အနောက်တိုင်းသားတို့သည် အပိုအမို မသွန်ရ၊ မသွန်ကြရအောင် စည်းကမ်းပြု၍ မျှတရုံ စားကြ ကျွေးမွေးကြသော လက္ခဏာရှိသည်။

ရွှေဟင်္သာဆရာတော်တို့သည် ကာလကတ္တားမြို့ ပြာရိယားသဒ္ဒေး တိုက်၌ တည်းခိုစဉ်၌ ဆွမ်းကပ်လှူသည်မှာလည်း မိမိတို့ ဒေသလူမျိုး ထုံးစံအတိုင်းသာလျှင် သက်သတ်လွတ်ဆွမ်း၊ ဂျပါတီ၊ ပလာတာ၊ ပူတိ ဆွမ်းဟင်းတို့ကို တစ်ပါးစာ မျှတရုံသာလျှင် ကပ်လှူ ကြသည်။

လက်ဖက်ရည်ပွဲ ကပ်သောအခါလည်း ကော်ဖီ၊ မုန့်၊ သစ်သီး၊ ပန်းသီး၊ ငှက်ပျောသီး တစ်လုံးစီ ကပ်လှူကြသည်။ ပစ်ရ သွန်ရအောင် အကြွင်းအကျန် မဖြစ်ပေ။ တစ်မျိုးအားဖြင့် ကောင်းမွန်သည့် နည်းပင် ဖြစ်သည်။ ဘုန်းကြီးတို့သည်ကား မျှတ၍ စား၍ သပ္ပါယဖြစ်ကြပါသည်။ စေတနာ သဒ္ဓါမှုကား ထက်သန်သော လက္ခဏာ ရှိကြသည်။

တန်ဆောင်မုန်းလဆန်း(၈)ရက် ညနေ(၄)နာရီခန့်၌ သူဌေးကြီး ကိုယ်တိုင် လိမ္မော်အဖျော်ရည် လာကပ်သည်။ သတင်းထူးတစ်ရပ် လျှောက်သည်မှာ ``ယနေ့နံနက်(၁၀)နာရီအချိန်က ဝန်ကြီးချုပ် အင်ဒီရာ ဂန္ဒီ လုပ်ကြံခံရကြောင်း၊ ဒဏ်ရာမှာ ပြင်းထန်သည်ဟု ကြားရကြောင်း'' လျှောက်သည်၊ နောက် မကြာမီပင် ``ဝန်ကြီးချုပ်သည် ဒဏ်ရာပြင်းထန်၍ သေဆုံးသွားကြောင်း သိရသည့်''ဟု လျှောက်သည်။

ထိုအချိန်ကစ၍ ကာလကတ္တားတစ်မြို့လုံး ကား မီးရထား စသည်တို့ အသွားအလာမရှိ ရပ်ဆိုင်းထားကြသည်။ ``ည မထွက်ရ'' အမိန့် ထုတ်သည်၊ စစ်တပ်က အုပ်ထိန်းသည်ဟု သိရသည်၊ ရုံးအားလုံး ဈေးအားလုံး ပိတ်သည်ဟု သိရသည်၊ လူအလွန်စည်ကား၍ များလှသော ကာလကတ္တားမြို့သည် ဆိတ်ငြိမ်၍ ကြိုးတိုးကျဲတဲ ရှိနေသည်ဟု ပြောကြ သည်။

ကား ရထား တို့ မသွားမထွက်ကြ၍ မလွဲသာ ခရီးသွားများ ခြေကျင် သွားကြရသည်။

နတ်တော်လဆန်း(၈)ရက်နေ့ ည(၉)နာရီ (၃၅)မိနစ်ထွက်သော မီးရထားဖြင့် ဗုဒ္ဓဂယာသို့သွားရန် မီးရထား အထက်တန်းလက်မှတ် (၄)စောင် ယူထားပြီးဖြစ်သည်။ သူဌေးကြီးက မီးရထားလက်မှတ် ယူထားသော်လည်း ရထားလက်မှတ် ဆုံးချင် ဆုံးပါစေ၊ အခြေအနေ ကောင်းမှကြွရန် လျှောက်သည်။

မီးရထားလက်မှတ် သွားယူသော ဦးစံထွန်းသည်ပင်လျှင် ယခု ည(၇)နာရီအချိန်အထိ မလာနိုင်ဘဲ ဖြစ်နေသည်။ သို့ကြောင့် မီးရထား ထွက်လျှင် (၉)ရက်နေ့မှသွားရန် ဆုံးဖြတ်ကြသည်။

(၉)ရက်နေ့ နံနက်အရုဏ်၌ သူဌေးကြီးတို့ ကိုယ်တိုင် သက်သတ်လွတ် ခေါက်ဆွဲ ကပ်ကြသည်။ ယနေ့ ရုံးများပိတ်သည်ဟု ပြောသည်။ ဈေးများလည်း ပိတ်ကြသည်။ ကာလကတ္တားမှ ဂယာသို့သွားသော ကားကြီး (၈)စီးကို မီးရှို့ကြသည်ဟု ကြားသိရသည်။ အချို့ကားများလည်း မီးရှို့ခံရသည်ဟု ပြောသည်။

အခြေအနေကောင်းလျှင် ယနေ့ည (၉ရက်နေ့ည) (၉)နာရီ (၂၅)မိနစ်ထွက်သော ရထားဖြင့် ဗုဒ္ဓဂယာသို့ ပို့မည်ဟု လျှောက်သည်။ နံနက်(၈)နာရီ၌ သူဌေးကြီးတို့ကိုယ်တိုင် ကော်ဖီ၊ မုန့်၊ ပန်းသီးများ ကပ်သည်။ ယနေ့ ရုံးများ ဈေးများ ပိတ်သည်ဟု လျှောက်သည်။ အခြား ဆူပူခြင်းကား မရှိ၊ အေးချမ်းလျက်ရှိသည်ဟု လျှောက်သည်။

နံနက်(၁၁)နာရီ၌ ဒကာကြီး ဒကာမကြီး(၂)ယောက်ကိုယ်တိုင်

ဆွမ်းကပ်ကြသည်။ ဆွမ်းကပ်နေသည်ကို ဓာတ်ပုံရိုက်သည်။ ဆွမ်းစား နေစဉ် အနားမှ ရှိသေစွာ ထိုင်၍ ကြည်ညိုနေကြသည်။ ဖော်ဖော်ရွေရွေ စကားပြောကြသည်။ ယနေ့ သားသမီးတွေအားလုံး အစုံရှိသည်ဖြစ်၍ အားလုံး မိသားစု ဓာတ်ပုံရိုက်သည်။

''ယနေ့ အခြေအနေကြည့်၍ ညနေ(၄)နာရီ၌ မြန်မာဘုန်းကြီး ဦးကောဝိဒကျောင်းနှင့် မဟာဗောဓိ အသင်းတိုက်သို့ ပို့ပါမည်''ဟု လျှောက်သည်။ တယ်လီဗီးရှင်း ရှိသည်။ အချိန်မရွေး ကြည့်နိုင်ပါသည်။ အထက်ထပ်သို့ ကြည့်ရန်ပင့်သည်။ (သတင်းမှအပ အခြားမကြည့်ပါ)

ဆွမ်းကပ်တိုင်း ပန်းသီးများ ကပ်သည်။ ''ပန်းသီးတွေ အလုံး ကြီးသည် ချိုသည်''ဟု ပြောသဖြင့် ဒကာမကြီးက ရန်ကုန်ပြန်လျှင် ပန်းသီး လှူလိုက်ဦးမည်ဟု ပြောသည်။

(၉)ရက်နေ့၌ ကာလကတ္တားတစ်မြို့လုံး အသွားအလာ မရှိကြ သေး၊ ရုံးများ ဈေးများ ပိတ်ဆဲပင် ရှိသေးသည်။ ကားရထား မထွက်ကြ၍ ဦးစံထွန်းလှနှင့် ဦးစံညိမ်းတို့သည် ဝေါဟာသာဆရာတော်ထံသို့ ခြေကျင် လာကြရသည်။ ဦးစံထွန်းလှ၊ ဦးစံညိမ်းတို့နှင့် သူဌေးကြီးတို့ ဗုဒ္ဓဂယာသို့ သွားရေးကို ဆွေးနွေးကြသည်။ အခြေအနေကို ကြည့်ကြ သည်။ သတင်းနားထောင်ကြသည်။

''ညမထွက်ရ အမိန့်ကို ထုတ်ထားဆဲ ရှိသည်ဟု သိရသည်။ ကာလကတ္တားတစ်မြို့လုံး စစ်ကပ်ချထားသည်''ဟု ပြောသည်။ သို့ကြောင့် အခြေအနေသင့်မြတ်မှသာ မဟာဗောဓိသို့ သွားရန် သဘောတူကြသည်။ ရန်ကုန်မှ နောက်ထပ်ဘုရားဖူးအဖွဲ့များ မလွှတ်ဘဲ ပိတ်လိုက်ကြောင်း

ကိုလည်း သိရသည်။ အိန္ဒိယသို့ရောက်နေဆဲ ဘုရားဖူးအဖွဲ့ သုံးဖွဲ့ကိုလည်း ဆိုင်ရာသံအမတ်ကြီးတို့က ရောက်ရှိရာမှ ရပ်တန့် စေ၍ ပြန်ပို့ရန် ရန်ကုန်မှ အကြောင်းကြားသည်ဟု သိရသည်။

ရွှေဟသာဆရာတော်ကလည်း အခြေအနေကို ကြည့်၍ ကာလကတ္တားမှ ပြန်သင့်လျှင် ပြန်၍ အကယ်၍ ဗုဒ္ဓဂယာ မဟာဗောဓိလောက်ကိုသာ သွားနိုင်ကလည်း တစ်ရက်မျှ သွားပြီးလျှင် ပြန်ရန် ပြောပါသည်။ ယခုရက်အတွင်း၌ ပြာရိယားသူဌေးကြီးတိုက်၌သာ သီတင်းသုံးနေရန် သဘောတူကြသည်။

ဒကာကြီးနှင့် ဒကာမကြီးတို့ကလည်း ရင်းရင်းနှီးနှီး မိမိတို့တိုက်မှာပင် အလိုရှိသလို ချမ်းသာစွာနေရန် လိုလိုလားလား အကြိမ်ကြိမ်လျှောက်ကြသည်။ ''ဗုဒ္ဓဂယာ မဟာဗောဓိသို့ကား တစ်နည်းနည်းဖြင့် ပို့ဖြစ်အောင် ပို့ပါမည်''ဟု ဒကာကြီးက လျှောက်သည်။

(၉)ရက်နေ့ည၌ ကွယ်လွန်သော ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၏ ရုပ်အလောင်းကို ပြင်ဆင်ထားပုံကိုလည်းကောင်း၊ လူပေါင်းများစွာ အဝတ်ဖြူများကို ဝတ်ဆင်ကြ၍ အလေးပြုနေကြပုံကိုလည်းကောင်း၊ ဘာသာအရ ဘုန်းကြီးများက ရွတ်ဆိုဆုတောင်းနေကြပုံကိုလည်းကောင်း၊

အင်ဒီရာဂန္ဒီ၏ ဂုဏ်ကျေးဇူးများကို တစ်ယောက်ပြီးတစ်ယောက် ပြောနေကြပုံကို လည်းကောင်း၊ နယူးဒေလီမြို့ပုံကိုလည်းကောင်း တယ်လီဗီးရှင်း၌ ပြသည်ကို ဒကာကြီးကပင့်၍ ပြသဖြင့် ကြည့်ရသည်။ ထိုသို့ တယ်လီဗီးရှင်းကြည့်ရာ တစ်အိမ်သားလုံးပါဝင်၍ ရွှေဟသာဆရာတော်တို့နှင့် ဆွေမျိုးဉာတိ အရင်းအချာကဲ့သို့ ရွှင်ရွှင်ပျပျ

ဆက်ဆံကြသည်။ ဓာတ်ပုံရိုက်ကြသည်။ ရွှေဟသ်ာဆရာတော်နှင့် ဦးပညာသိရိတို့ကို ဆိုဖာပေါ်၌ နေစေ၍ ဒကာကြီးဒကာမကြီးမှ စ၍ တစ်အိမ်သားလုံး သည် ကော်ဇောကြီးခင်းထားသော ကြမ်းပေါ်မှ ထိုင်၍ ကြည့်ကြသည်။

ကလေးအချို့သည် ရွှေဟသ်ာဆရာတော်အနားမှာပင် တစ်ခါ တစ်ခါ လာရောက် နေကြသည်။ ထိုညမှာပင် ဒကာကြီးက စန္ဒကူးရုပ်ပွါး တော် တစ်ဆူနှင့် စန္ဒကူးပုတီးတစ်ကုံးစီ လှူသည်။ ညပထွက်ရ အမိန့်ကြောင့် (၉)ရက်နေ့၌ ဦးစံထွန်းလှနှင့် ဦးစံညိမ်းတို့သည် သူဌေးကြီး တိုက်မှာပင် အိပ်ကြရသည်။

(၁၀)ရက်နေ့နံနက်အရုဏ်နှင့် မွန်းလတ် နေ့ဆွမ်းတို့ကို ယခင် နေ့များကဲ့သို့ပင် ကိုယ်တိုင်ကပ်လှူကြသည်။ (၉)ရက်နေ့ညက တိုက်နီးချင်း ဒကာကြီးများ၏ မိတ်ဆွေဖြစ်သော ဟိန္ဒူဒကာကြီးနှင့် ဒကာမကြီးများ ရွှေဟသ်ာဆရာတော်ထံ လာရောက်ရှိခိုး၍ တရားစကား ဆွေးနွေး လျှောက်ထားသည်။

(၁၀)ရက်နေ့၌ အသွားအလာ ဖွင့်ပေးသည်။ (၁၁)ရက်နေ့၌ကား ဝန်ကြီးချုပ်အင်ဒီရာဂန္ဒီကို သဂြိုဟ်မည်ဖြစ်၍ ပိတ်ထားဦးမည်ဟု သိရသည်။ အိန္ဒိယ၌ တိုယိုတာ ဒတ်ဆန်း မာဇဒါ စသော ဂျပန် ကားများကို မမြင်ရပေ။ အိန္ဒိယဖြစ် ကားများကိုသာ မြင်ရသည်။ အများအားဖြင့် ကိုယ်ပိုင်ကား အငှါးကားများသည် ပုံစံချင်း တူကြသည်။ ကောင်းပါသည်။

အိန္ဒိယ ကာလကတ္တားမြို့၌ ရွှေဟသာဆရာတော်နှင့် တွေ့သမျှ လူတို့၌ မြန်မာစစ်စစ်ဆို၍ ဦးစံထွန်းလှတို့ အိမ်သားနှင့် ဦးစံညိမ်းတို့ အိမ်သားလောက်သာလျှင် တွေ့ရသည်။ မောင်မောင်ကြီးတို့သည် မြန်မာပြည်ပေါက် ဟိန္ဒူများ ဖြစ်သည်။ ပုသိမ်သား အမည်မှာ ရာဇ် ဆိုသော သူသည် သူ့ဇနီးက ရန်ကုန်သူ ဟိန္ဒူပင် ဖြစ်သည်။

ကုလားကဲ့သို့ပင် ဝတ်ဆင်နေကြသည်။ မြန်မာပြည်၏ ဂုဏ်ကျေးဇူးကို ပြောကြသည်။ သို့သော် အမည်များမှာကား မြန်မာအမည်များ ဖြစ်ကြသည်။ မြန်မာစကား ပြောကြသည်။

(၁၀)ရက်နေ့၌ ယနေ့ ညရထားဖြင့် ဗုဒ္ဓဂယာသို့ သွားသင့်က သွားရန် အခြေအနေကို စုံစမ်းမည် ပြောသည်။ ပြာရိယားသူဌေးကြီးတို့ မိသားစုနေကြသည်မှာ မြင်ရသူတို့၌ အားကျဖွယ်၊ ကြည်နူးဖွယ် ရှိလှသည်။ သား(၃)ယောက်၊ သမီး(၇)ယောက်၊ ချွေးမနှင့် မြေးများလည်း ရှိသည်။ သားကြီးသည် မဒရပ်မြို့၌ ကုမ္ပဏီတစ်ခု ရှိသည်ဟု သိရသည်။

(၁၁)ရက်နေ့၌ နယူးဒေလီမြို့တွင် ဝန်ကြီးချုပ်ဟောင်း အင်ဒိရာဂန္ဒီကို သင်္ဂြိုဟ်မည်ဖြစ်၍ ကာလကတ္တားမြို့မှ အသုဘသို့ သွားရောက်လိုသူတို့ကို မီးရထားဖြင့် အခမဲ့ ပို့ပေးမည်ဟု သိရသည်။

## ဗုဒ္ဓဂယာသို့ ဘုရားဖူး ခရီးသွားမှတ်တမ်း

ပုသိမ်သား မိသားစုအကြောင်း ဆက်လက်ပြောရဦးမည်။ ပုသိမ်မြို့သား ရာဇ် သည် မြန်မာပြည် ပုသိမ်မြို့၌မွေး၍ (၄)နှစ်သားအရွယ်က ကာလကတ္တားသို့ ရောက်သည်။

အလုပ်မှာ ပြာရိယားသူဌေးကြီးထံမှာပင် လုပ်သည်။ (၁၀) ရက်နေ့က ရွှေဟသာဆရာတော်ထံသို့ ရောက်လာသည်။ သူ၏ ဇနီးနှင့် သားသမီးတို့၏အမည်မှာ မြန်မာအမည်များ ဖြစ်သည်။ ဇနီးက သင်းသင်းစိန်၊ သမီးက စန်းစန်းလွင်၊ သားက မောင်ပြင့်သိန်း တို့ဖြစ်သည်။ ကုလားလို ဝတ်ဆင်ကြသည်။

မြန်မာစကားကိုသာ ပြောကြသည်။ ရာဇ် သည်ကား မြန်မာ စကား မတတ်ပေ။ မိသားစုအားလုံး ဗုဒ္ဓဘာသာ ဖြစ်ကြသည်။ ရာဇ် မှာသာ၍ ရတနာသုံးပါးကို ယုံကြည်သည်။ သက်သတ်လွတ် စားသည်။ သင်းသင်းစိန်သည်လည်း မြန်မာဘုန်းကြီး ကျောင်း၌ မြန်မာဆွမ်း ဆွမ်းဟင်းချက်ခြင်း အစရှိသော ဝေယျာဝစ္စကောင်းမှုကို ပြုလေ့ ရှိသည်ဟု သိရသည်။ အားလုံး ရွှေဟသာဆရာတော်ထံ လာရောက် ဖူးမြော်ကန်တော့ကြသည်။ လေယာဉ်ဆိပ်သို့ လိုက်ပို့ ကြသည်။

အိန္ဒိယသို့ ရောက်နေသော ဘုရားဖူးအဖွဲ့သည် သုံးဖွဲ့ ရှိသည်။ ၎င်းဘုရားဖူးအဖွဲ့များ အန္တရာယ်ကင်း၍ ချမ်းသာစွာ မြန်မာနိုင်ငံသို့ ပြန်ရောက်နိုင်စေရန် ရန်ကုန်တိုးရစ်ဌာနမှ မန်နေဂျာတစ်ယောက် ယိုးဒယား(ထိုင်း)မှ တဆင့် ကာလကတ္တားသို့ ရောက်လာသည်။

ဘုရားဖူးအချို့ကို ဗုဒ္ဓဂယာမှလည်းကောင်း၊ အချို့ကို ဗာရာဏသီ မှလည်းကောင်း၊ အချို့ကို နီပေါမှလည်းကောင်း မြန်မာနိုင်ငံသို့ ဖြစ်နိုင် လျှင် ပို့ရန် ကြံရွယ်ကြောင်း သိရသည်။ ရွှေဟသာဆရာတော်တို့သည် ကား အခြေအနေအရ သင့်သလို သွားမည်ဖြစ်သည်။ ပြာရိယား သူဌေးကြီး တိုက်မှာပင် ရှိကြသည်။

ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ သေဆုံးသောနေ့၌ပင် ၄င်း၏သား ရာဂျစ်ဂန္ဒီကို အများသဘောတူ ဝန်ကြီးချုပ် တင်မြှောက်သည်ဟု သိရသည်။ ဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဒီ၏ အလောင်းကို သဂြိုဟ်သော (၁၁)ရက်နေ့၌ ပြာရိယားသူဌေးကြီးက ပင့်ဖိတ်ပြသသောကြောင့် အင်ဒီရာဂန္ဒီ၏ ဈာပနကိစ္စကို နေ့(၁၂)နာရီမှစ၍ ညနေ(၅)နာရီ မီးသဂြိုဟ်ပြီးသည်အထိ လမ်းတစ်လျှောက်လုံး ယူဆောင်သွားပုံမှစ၍ တိုက်ရိုက်ပြ၍ တယ်လီဗီးရှင်းမှ ကြည့်ရသည်။

မြို့တွင်းမှ မီးသဂြိုဟ်ရာဌာနသို့ ယူဆောင်သွားသည်မှာ (၄)နာရီ ခန့်ကြာသည်။ လူပရိသတ်မှာကား မိုင်နှင့်ချီ၍ ရှေ့နောက် ဝဲယာ ပြည့်လျှက်ရှိသည်။ ထိုထိုနိုင်ငံတို့မှ လာရောက်ကြသော အကြီးအကဲ တို့ကိုလည်း ပြသည်။ ရာဂျစ်ဂန္ဒီကို လည်း ပြသည်။

(၁၃)ရက်နေ့၌ ကာလကတ္တား မြန်မာဘုန်းကြီး ဦးကောဝိဒကျောင်း ၌ ဦးစံထွန်းလုက ကထိန်သင်္ကန်း ကပ်လှူမည်ဖြစ်၍ ကြွရောက် ချီးမြှောက်ရန် ပင့်သည်။ ဦးကောဝိဒကလည်း မြန်မာဆွမ်း ဆွမ်းဟင်း တို့ကို ကပ်လှူလို၍ တစ်ညအိပ် ကြွရန် ပင့်သည်။

ကထိန်သင်္ကန်း ကပ်သည်ကို ကြွရောက်၍ သီလပေး ရေစက်ချ ချီးမြှောက်လိုက်ပါသည်။ ညအိပ်နှင့် ဆွမ်းကျွေးကိုကား သည်းခံရန် မေတ္တာရပ်လိုက်ရသည်။ သက်သတ်လွတ် စားလိုက် အသားဟင်း စားလိုက်နှင့် ဝါတ်ပေါက်မည်ကို ကြောင့်ကြသောကြောင့် ဖြစ်သည်။

(၁၃)ရက် တနင်္လာနေ့၌ ဘုန်းကြီးဦးကောဝိဒသည် ဗာရာဏသီသို့ လေယာဉ်ဖြင့် သွား၍ ဗာရာဏသီသို့ ရောက်နေသော ဘုရားဖူးအဖွဲ့ကို

ကာလကတ္တားသို့ ခေါ်ခဲ့မည်ဟု သိရသည်။ မြန်မာဘုရားဖူးအဖွဲ့ (၃)ဖွဲ့လုံး အန္တရာယ်ကင်းရှင်း၍ ကျန်းမာစွာ ရှိကြသည်ဟုလည်း သိရှိရသည်။ ဘုရားဖူးအဖွဲ့သည်ကား ကံ ပိုပြီးကောင်းသည်ဟု ဆိုရမည်။

မမျှော်လင့်ဘဲ နီပေါသို့ ရောက်ခဲ့ရသည်ဟု ပြောသည်။ အခြေအနေ သင့်လျော်လျှင် (၁၄)ရက်နေ့၌ မီးရထား ဖြင့်ဖြစ်စေ၊ ကားဖြင့် ဖြစ်စေ ဗုဒ္ဓဂယာသို့ ပို့မည့်အကြောင်း လျှောက်သည်။

တန်ဆောင်မုန်းလဆန်း(၁၂)ရက် တနင်္ဂနွေနေ့၌ နေ့ဆွမ်းစားပြီးလျှင် မြန်မာဘုန်းကြီး ဦးကောဝိဒကျောင်းနှင့် မဟာဗောဓိ အသင်းတိုက်သို့ ပို့ရန် ဦးစံထွန်းလှက လျှောက်သည်။ ၄င်း(၁၂)ရက်နေ့၌ ကာလကတ္တားမြို့တွင် ငြိမ်သက်အေးချမ်းလျက်ရှိကြောင်း သိရသည်။

(၁၂)ရက်နေ့ နေ့(၁)နာရီ၌ ပုသိမ်မြို့သား ရာဇ် နှင့် သူ၏ဇနီး သင်းသင်းစိန်၊ သမီး စန်းစန်းလွင်တို့ ရောက်လာ၍ ဝမ်းမြောက်ဝမ်းသာ စကား ပြောကြရသည်။ သူတို့သည် စစ်ကိုင်းတောင်ရိုး တောင်ဖီလာ ဆရာတော်၏ တပည့်များ ဖြစ်ကြသည်။ ကုလားကဲ့သို့ ဝတ်ဆင်ကြသော်လည်း မြန်မာစကားကိုသာ ပြောကြသည်။

(၁၂)ရက်နေ့၌ပင် နေ့လယ်ဘက်၌ ရွှေဟင်္သာဆရာတော်သည် ဦးကောဝိဒကျောင်းသို့လည်းကောင်း၊ မဟာဗောဓိ အသင်းတိုက်သို့လည်းကောင်း သွားကြသည်။ ပြာရိယားသူဌေးကြီး၊ ဦးစံထွန်းလှ၊ ဦးစံညိမ်းတို့ လိုက်ပါကြသည်။ သားအလတ်က ကားမောင်းသည်။ ဦးကောဝိဒနှင့် ဝမ်းသာအားရ စကားပြောကြ၊ ဘုရားဖူးသွားရေးကိုလည်း ဆွေးနွေးကြသည်။

ဦးကောဝိဒက ဦးပဉ္ဇင်းတစ်ပါးကို ဘုရားဖူးသွားသော အခါ ထည့်ပေးမည်ဟု လျှောက်သည်။ ဦးကောဝိဒ၏ မြန်မာဘုန်းကြီးကျောင်းသည် ကာလကတ္တားမြို့လယ် လူစည်ကားသော လမ်းဆုံ၌ တည်ရှိသည်။

ထို့နောက် ရွှေဟင်္သာဆရာတော်တို့သည် မဟာဗောဓိပင်အသင်းတိုက်သို့ သွားကြသည်။ အသင်းတိုက်ကြီးသည် ခမ်းနားကြီးကျယ်သည်။ သန့်ရှင်းသည်။ အထပ်ပေါင်း အခန်းပေါင်း များစွာရှိသည်။ ဘုရားဆောင်မှာလည်း သန့်ရှင်း ကျယ်ဝန်းသည်။ အာဂန္တုက ဧည့်သည်များ တည်းခို နိုင်သည်။ တောင်ပုလုဆရာတော်၊ မဟာစည်ဆရာတော်တို့ တည်းခို သွားသည်ဟု သိရသည်။

မဟာဗောဓိအသင်းတိုက်၌ သီဟိုဠ်ဇာတိ ဘုန်းကြီးများ ရှိသည်။ ပဓာနနာယကဘုန်းကြီးသည် ဒေါက်တာဘွဲ့ရ ဖြစ်သည်။ အသင်း၏ အတွင်းရေးမှူးလည်း ဖြစ်သည်။ အသင်းတိုက် ဆောက်လုပ်စဉ်က မြန်မာနိုင်ငံမှ အလှူငွေများလည်း ပါဝင်လှူဒါန်း ခဲ့သည်ဟု သိရသည်။

ထိုအခါက အိန္ဒိယငွေနှင့် မြန်မာငွေ တစ်မျိုးတည်း ဖြစ်၍ မြန်မာငွေကို အိန္ဒိယ၌ သုံးနိုင်သည်။ ဒေါက်တာဘွဲ့ရ အတွင်းရေးမှူး သီဟိုဠ်ဘုန်းကြီး၏ဘွဲ့မှာ နန္ဒိသွာရနာယကေ ဖြစ်သည်၊ ကြည်ညိုဖွယ်ရာ ရုပ်လက္ခဏာရှိသည်။

နာယကဘုန်းကြီးနှင့်တကွ ရဟန်းတော်များ ရောက်လာသမျှသော ဗုဒ္ဓဘာသာဝင်များသည် မြန်မာလူမျိုးတို့ ရှိခိုးသကဲ့သို့ပင် ရွှေဟင်္သာဆရာတော်အား ရှိခိုးကြသည်။

ဒကာများသည် ခြေဖမိုးကို ဦးတိုက်၍ ရှိခိုးကြသည်။ ရွှေဟင်္သာ ဆရာတော်ကို ဘုရားဆောင်သို့ ပင့်၍ ဆီမီး ဖယောင်းတိုင် ကပ်လှူ၍ ပူဇော်ရသည်။ နာယကဘုန်းကြီးနှင့်တကွ အားလုံး တညီတညွတ်တည်း ကန်တော့ကြသည်။ အချို့က သစ်သီးများ လှူကြသည်။

ရွှေဟင်္သာ ဆရာတော်က ဆုပေး ချီးမြှောက်အပြီး၌ သာဓု ခေါ်ကြသည်။ ဤအသင်းတိုက်သည် သီဟိုဠ်သား အနာဂါရိကဓမ္မပါလ ရှေ့ဆောင်၍ တည်ထောင်ခဲ့သော အသင်းတိုက် ဖြစ်သည်။

မြန်မာပြည်သူပြည်သားတို့ အိန္ဒိယသို့ သွားရောက်ရသောအခါ သန့်ရှင်းကျယ်ဝန်းစွာ ချမ်းချမ်းသာသာ တည်းခိုနိုင်ကြစေရန် ဗုဒ္ဓဘာသာ နှင့်စပ်သော ဌာနတို့၌ ကောင်းမွန်ကျယ်ဝန်းသော အသင်းတိုက်၊ (သို့မဟုတ်) မြန်မာဘုန်းကြီးကျောင်းများ ရှိသင့်လှသည်။

မြန်မာတစ်နိုင်ငံလုံးနှင့် ဘာသာရေးအရ မကင်းသော အိန္ဒိယ ဖြစ်သောကြောင့် တစ်နိုင်ငံလုံးကပင် ရှင်ရောလူပါ ဝိုင်းဝန်းအားပေး ဆောင်ရွက်ကြလျှင် တစ်စတစ်စ ဖြစ်မြောက်နိုင်ရာ၏ဟု ယုံကြည်သည်။ အထူးအားဖြင့် ကာလကတ္တားနှင့် ဗုဒ္ဓဂယာတို့၌ သာ၍ ရှိသင့်လှပေသည်။

ကာလကတ္တား၌ရှိသော ဦးကောဝိဒ၏ မြန်မာဘုန်းကြီးကျောင်း သည် နေရာကောင်း၌ တည်ရှိသော်လည်း ညှပ်ပရိသတ်နှင့်စာလျှင် ကျဉ်းသည်ဟု ဆိုရပေမည်။ သို့သော် ဦးကောဝိဒ၏ ကျောင်းရှိသော ကြောင့်သာလျှင် မြန်မာဘုရားဖူးများ ချမ်းသာစွာ တည်းခိုကြရသည်။

အသင်းအဖွဲ့ အထောက်အပံ့ ဟူ၍လည်း မရှိသောကြောင့် စောင့်ရှောက်ကြရသော ဘုန်းကြီးများသည် သည်းခံ၍ စောင့်ရှောက်

ကြရသည်။ ထို့ကြောင့် ဖြစ်နိုင်သောနည်းဖြင့် နိုင်ငံခြားရောက် မြန်မာတို့နှင့် ညှိနှိုင်းဆွေးနွေးကြ၍ မြန်မာတို့၏ အသင်းအဖွဲ့ပိုင် ကျောင်းကြီးတစ်ကျောင်းစီ ကာလကတ္တား၊ ဗုဒ္ဓဂယာ စသည်တို့၌ ရှိအပ်လှပေသည်။

(၁၃)ရက်နေ့ ညနေ ဦးကောဝိဒကျောင်း ကထိန်ပင့်၍ ရွှေဟင်္သာ ဆရာတော် ကြွရောက်ကာ ကမ္မဝါဖတ်၊ ရေစက်ချ ချီးမြှောက်ရသည်။ ယနေ့ လေယာဉ်ဆိုက်သော အင်္ဂါနေ့ဖြစ်၍ ဦးစံထွန်းလှ ဦးစံညိမ်းတို့ အလုပ်ရှိကြသောကြောင့် နံနက်ပိုင်း၌ မလာနိုင်ကြ။ ညနေပိုင်းမှသာ ဦးကောဝိဒကျောင်း၌ ကထိန်သင်္ကန်း ကပ်လှူကြရသည်။

(၁၂)ရက်နေ့ ညက ပြာရိယားသူဌေးကြီးနှင့် ခမည်းခမက်ဖြစ်သော ဒကာကြီးတို့ လာ၍ ကန်တော့ကြ တရားစကား ဆွေးနွေးကြသည်။ အာသံပြည်၌ နေသည်။ စက်(၃) (၄)လုံး ရှိသည်ဟု သိရသည်။ အာသံနှင့် ကာလကတ္တား တို့၌ အလုပ်ရုံးရှိသည်။ သားတစ်ယောက် ကာလကတ္တား၌ နေသည်ဟု ပြောသည်။

(၁၂)ရက်နေ့က မြန်မာဥက္ကန်းကြီး ဦးကောဝိဒကျောင်းနှင့် မဟာ ဗောဓိအသင်းတိုက်သို့ သွားစဉ်က ကာလကတ္တားမြို့ကို တစ်စိတ်တစ်ဒေသ မြင်ခဲ့ရသည်။ မြန်မာနိုင်ငံ၌ တောမြို့က လူသည် ရန်ကုန်မြို့ကို တွေ့မြင် ရသည်နှင့် တူနေသည်။ လူစည်ကားသည်။ တိုက်ဆိုင်ကြီးတွေ ပေါသည်၊ အထပ်ပေါင်းများစွာရှိသော တိုက်ကြီးတွေပေါသည်၊ လမ်းကြီး လမ်းကျယ်နှင့် လမ်းသေး လမ်းကောက် တွေပေါသည်။ ကားတွေနှင့် လူတွေသည် သွားချင်သလို သွားနေကြသည်ဟု ထင်သည်။

ရန်ကုန်၌ကဲ့သို့ စည်းကမ်းရှိသည်မထင်။ ကားတွေ အပြည့်အကျပ် တစ်စီးနောက်တစ်စီး တက်ကျော်သွားနေကြစဉ် လူတွေကလည်း ဖြတ်ကျော် သွားနေကြသည်ကို မြင်ရသည်။

(၁၃)ရက်နေ့ မြန်မာဘုန်းကြီးဦးကောဝိဒ ကျောင်းကထိန်မှာ ဦးစံထွန်းလှ၏ ကထိန်ဖြစ်သော်လည်း ဗာရာဏသီမြို့မှ ပြန်လာသော ဘုရားဖူးအဖွဲ့မှ ဒကာဒကာမများလည်း ပါရှိကြသည်ဖြစ်၍ သိုက်မြိုက် စည်ကားပါသည်။

၄င်းကထိန်၌ သံဃာတော်များလည်း လူမျိုးစုံ ပါရှိသည်။ သက်လူမျိုးဘုန်းကြီး၊ ဘင်္ဂါလီဘုန်းကြီး၊ အာသံဘုန်းကြီး၊ ရခိုင် မြန်မာဘုန်းကြီးတို့ ပါရှိကြသည်။ ရွှေဟင်္သာဆရာတော်တို့သည် ကမ္ဘဝါ ဖတ်ခြင်း၊ သီလပေးရေစက်ချ ချီးမြှောက်ခဲ့၍ ထို ဘုန်းကြီးများနှင့် ဝမ်းမြောက်စွာ စကားပြောကြရသည်။

ဗာရာဏသီမှ ပြန်လာသော ဘုရားဖူးအဖွဲ့၌ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် ဝံသာနုတိုက် ကျောင်း၌ နေခဲ့ဖူးသော ဦးဇာနေယျ နှင့်လည်း တွေ့ခဲ့ရသည်။ သက်န်း ကပ်လှူစဉ် ဓာတ်ပုံရိုက်ကြသည်။

ဦးကောဝိဒကျောင်း ကထိန်မှ အပြန်တွင် ပြာရိယား သူဌေးကြီး ၏ အလုပ်ရုံးသို့ပင့်၍ ရောက်ခဲ့ရသည်။ ကြီးကျယ်သော ခြောက်ထပ်တိုက် ကြီးတွင် အထက်ဆုံးထပ်၌ ဖြစ်သည်။

ဓာတ်လှေကားဖြင့် တက်ရသည်။ ရုံးခန်းအတွင်း၌ အခန်း ကျယ်ကြီး သုံးခန်းရှိသည်။ တစ်ခန်း၌ စာရေး များနှင့် ရုံးအုပ်ဟု ထင်ရသော လူကြီးရှိသည်။

ဒုတိယအခန်း၌ ပြာရိယား သူဌေးကြီး အလုပ်ခန်းဖြစ်သည်။ တတိယခန်း၌ သား(၂) ယောက်၏ ရုံးခန်းဖြစ်သည်။ သူဌေးကြီး၏ စားပွဲပေါ်၌ တယ်လီဖုန်း (၄)လုံး တွေ့မြင်ခဲ့သည်။ ခမ်းနားသန့်ရှင်း သပ်ရပ်ပေသည်။ အမျိုးသမီး စာရေးများလည်း ရှိသည်။ ရုံးခန်း၌ ဘိလပ်ရည်ကပ်၍ အနားယူစေသည်။

ပြာရိယားသူဌေးကြီးသည် ကုမ္ပဏီ(၅)မျိုး၏ ဥက္ကဋ္ဌဖြစ်သည်။ ဦးစံထွန်းလှက ပြောသည်။ ကာလကတ္တားမြို့ ရုံးများ၊ ဈေးများဖွင့်၍ ကား ရထား ယာဉ်မျိုးစုံ သွားကြပြီဖြစ်၍ ကားရှုပ် လူရှုပ်၍ ရပ်ကာ ရပ်ကာ ရောင်ရသဖြင့် ဦးကောဝိဒကျောင်းသို့ မိနစ်(၃၀)ကျော် သွားရသည်။ အပြန်၌ တစ်နာရီ ကြာသည်။

ကားကြီး၊ ကားငယ်၊ ဓါတ်ရထား ဘတ်စ်ကား၊ တစ်ထပ်ကား၊ နှစ်ထပ်ကား၊ လန်ချား၊ ဆိုက်ကား ရှုပ်ယှက် ခတ်နေသည်။ ခြေကျင် သွားနေသော လူတွေကလည်း ဒုနှင့်ဒေး။ ရေစီး သကဲ့သို့ ပလက်ဖောင်း ပေါ်၌ သွားနေကြသည်။ အချို့နေရာ၌ လူများ အတွက် လမ်းထောင့် ပလက်ဖောင်း၌ မီးနီပြသည်ကို တွေ့ခဲ့ရသည်။

မီးနီပြလျှင် မသွားရဘဲ ရပ်နေရသည်။ မီးစိမ်းပြမှသာ သွားရသည်။ အချို့နေရာ၌ ကားတွေ (၄)ဝန်း (၅)တန်း ရာနှင့်ချီပြီး ရပ်နေကြရသည်။ ကုလားအမျိုးသမီးတွေလည်း အမျိုးသားများကဲ့သို့ပင် ယောကျ်ားများနှင့် တန်းတူ သုတ်သုတ်ပျာပျာ သွားနေကြသည်။ ရုံးအမျိုးမျိုးတို့မှ ဝန်ထမ်း တွေ ဖြစ်သည်ဟု သိရသည်။

ကားတွေ လူတွေကို စောင့်ရသည်က တစ်ကြောင်း၊ မြို့က

ကျယ်သည့်တစ်ကြောင်းကြောင့် တစ်နာရီကြာ (၇)နာရီမှ ပြန်ရောက်ကြသည်။ (၁၄)ရက်နေ့၌ သူဌေးကြီးက ဗာရာဏသီသို့ ကြွလိုက လေယာဉ်ဖြင့် ပို့ပေးပါမည်။

ဦးကောဝိဒထံမှ တဆင့် ကြားသိရသည်မှာ ယနေ့ ဗာရာဏသီ ဆရာတော် ဦးနန္ဒဝံသ၏ မြေးတော်သော ဦးဂမ္ဘီရဗုဒ္ဓိသည် ယိုးဒယားမှ ရောက်လာမည်။ ဗာရာဏသီသို့သွားမည်။ သို့ကြောင့် ဗာရာဏသီသို့ သွားလိုက ဦးဂမ္ဘီရနှင့်အတူ သွားနိုင်သည်ကို ရည်ရွယ်၍ လျှောက်သည်။

အခြေအနေကို ကြည့်၍ ယခုအချိန်အထိ မဆုံးနိုင်သေး ပေ။ ဗုဒ္ဓဂယာသို့လည်း သွားချင်သည်။ ဦးနန္ဒဝံသနှင့်လည်း တွေ့ချင် သည်။ နှလုံးနှစ်ခွဖြစ်နေသည်။ ကာလကတ္တားမြို့၌ ပြတိုက်တွေ၊ တပ်ချုပ်မဟာတွေ ကြည့်ရှုရန်ရှိကြောင်း ပြောပါသည်။ တရားနှင့် သက်ဆိုင်သမျှလောက်သာ ဖူးမြော်လိုသည်။

အခြားတို့ကို မကြည့်လိုကြောင်း ပြောပြရသည်။ ဦးကောဝိဒ ကျောင်းကထိန်သက်န်းကပ်စဉ်က ဘုရားဖူးအဖွဲ့၌ပါသော အချို့ ဒကာ ဒကာမတို့က ရွှေဟင်္သာဆရာတော်အား သက်န်း ခြုံထည်နှင့် မုန့်လှူ ကြသည်။

(၁၄)ရက်နေ့(ယနေ့) ၁၁-၁၂နာရီ၌ မီးရထား လက်မှတ် ဝယ်ရ လျှင် ယနေ့ ည(၉)နာရီ (၃၅)၌ ထွက်သော ဒေလီအမြန်ရထားဖြင့် ဗုဒ္ဓဂယာသို့ သွားရန် ဆုံးဖြတ်သည်။ (၁၄)ရက်နေ့ နေ့ဆွမ်းကို သူဌေး ကတော် ဒကာမကြီးတစ်ယောက်သာ လာကပ်သည်၊ ကိစ္စရှိ၍ သူဌေးကြီး ရုံးသို့ သွားသည်ဟု ပြောသည်။

(၁၄)ရက်နေ့ညနေ(၃)နာရီခန့်၌ မောင်မောင်ကြီး ရောက်လာ၍ မီးရထားလက်မှတ် ရပြီဖြစ်ကြောင်း ယနေ့ည (၉)နာရီ (၃၅)မိနစ် မီးရထားဖြင့် ဗုဒ္ဓဂယာသို့ သွားကြရမည့် အကြောင်း လျှောက်သည်။ ည (၇)နာရီ၌ တိုက်မှ ကားဖြင့် သွားရမည် ဖြစ်၍ အသင့်ပြင်ထားရန် လျှောက်သည်။

ရာဇဂြိုဟ် ဗုဒ္ဓဂယာတို့မှ ကာလကတ္တားသို့ ဘုရားဖူးအဖွဲ့ကို ပြန်ပို့သော ဦးကစ္စာယန အပြန်တွင် ကြုံ၍ အတူလိုက်ရန် ဦးကစ္စာယနပါ သူဌေးကြီးက လက်မှတ်(၄)စောင် ဝယ်စေသည်။ အထက်တန်းရှုပြီး လက်မှတ်(၄)စောင် ခြောက်ရာကျော်ပေးရသည် ပြောသည်။ ကပ္ပိယဒကာ အဖြစ် မောင်မောင်ကြီးကို ထည့်သည်။

မောင်မောင်ကြီးကို စောင့်နေကြ၍ ည(၈)နာရီမှ တိုက်က ထွက်ကြရသည်။ သူဌေးကြီးကိုယ်တိုင် လိုက်ပို့သည်။ ညမထွက်ရ အမိန့် မရုတ်သိမ်းသေးသောကြောင့် ဘူတာသို့ ပို့ပြီးလျှင် ပြန်ကြသည်။ မီးရထား ဘူတာရုံကြီးမှာလည်း ကြီးကျယ်ပါသည်။ ရထားရော လူရော ရှုပ်ယှက် ခတ်လျက်ရှိသည်။

ကုလားတွေက စကားများကြ၍ အသံကလည်း ဆူညံလျက် ရှိသည်။ ကားကလေးများသည်ပလက်ဖောင်းနှစ်ခုကြားသို့ ရောက်အောင် ဝင်နိုင်သည်။ ကျွမ်းကျင် နားလည်သော ဦးကစ္စာယန ရှေ့ဆောင်သွား ရမည်ဖြစ်၍ အားရှိ ဝမ်းမြောက်ရသည်။

ဦးကစ္စာယနနှင့် သူဌေးကြီး၏ ကိုယ်စားလှယ် ကုလားကြီးတို့ သည် မီးရထားတွဲ ထိုးလာသောအခါ မိမိတို့စီးရမည့် တွဲကို အတော်

ရှာကြရသည်။ လူတွေက တင်းကျမ်းပြည့် တိုးဝှေ့တက်နေကြသည်။ တွဲကို တွေ့သောအခါမှ ရွှေဟသ်ာဆရာတော်အား လာ၍ ပင့်ကြသည်။

ဒေလီအမြန်ရထားကြီးသည် ည (၉)နာရီ (၃၅)မိနစ်၌ ထွက်သည်။ တွဲများသည် အနံလည်း ကျယ်သည်။ အလျားလည်း ရှည်သည်။ အခန်း တွေ ကောင်းသည်။ သန့်ရှင်းသည်။ အိမ်သာခန်းတွေ၌လည်း ရေမီး အပြည့်အစုံ ပါသည်။ သန့်ရှင်းသည်။

အထက်တန်းတွဲတစ်တွဲ၌ အိပ်စင်ပေါင်း (၆၀)ပါသည်ဟု သိရသည်။ ဒီဇယ်ခေါင်း မဟုတ်၊ လျှပ်စစ်ရထား ဖြစ်သည်။ ရွှေဟသ်ာ ဆရာတော်တို့ (၄)ယောက်အတွက် (၄)ယောက် အိပ်ခန်း ရသည်။ ကာလကတ္တားမြို့က စ၍ ထွက်သည်ဖြစ်၍ အချောင် စီးသော လူများမပါ၍ လူနည်းသည်။

အခန်းတွေ ပိုနေသည်။ ရွှေဟသ်ာဆရာတော် သွားသမျှ (၄)ယောက်တွက် ခရီးစရိတ်ကို ပြာရိယားသူဌေးကြီးက လှူသည်။ ကာလကတ္တား ဗုဒ္ဓဂယာစရိတ်ကို ဦးစံထွန်းလှက လှူပါရစေဟု လျှောက်သည်။ မီးရထားကြီးသည် အလှုပ်အရှားမရှိ ငြိမ်သက်စွာ ခုတ်မောင်းလျက် ရှိသည်။ မီးရထားသွားနေစဉ် လမ်းလျှောက်နိုင်သည်။

မီးရထားကြီးသည် (၁၅)ရက်နေ့ နံနက်(၆)နာရီ (၃၀)ခန့်၌ ဂယာ ဘူတာသို့ရောက်သည်။ ဂယာမြို့သည် တော်တော် စည်ကားသည်။ ဂယာ ဘူတာမှ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီး ဦးဉာဏိန္ဒကျောင်းသို့ (၇)နာရီ ခန့်၌ ရောက်ကြသည်။ ကျောင်းထိုင် ဆရာတော် ဦးဉာဏိန္ဒနှင့်တကွ သံဃာများက ဝမ်းသာအားရ ကြိုဆိုကြသည်။

နေရာထိုင်ခင်း ကောင်းမွန်စွာ ပြင်ဆင်ပေးကြသည်။ ဝတ်နိဗဒ် ပြုကြသည်။ ကြွလာမည်ဟု ကြားကတည်းက စောင့်မျှော်နေကြောင်း ပြောသည်။ ကော်ဖီ၊ လက်ဖက် ရည်ကြမ်း၊ ခေါက်ဆွဲပြုတ် ကပ်ကြသည်။ နာလန္ဒတက္ကသိုလ်၌ ပညာဆည်းပူးနေသော ဦးဇာဂရနှင့်တွေ့၍ ဝမ်းမြောက်စွာ ဆွေးနွေးရသည်။

နီပေါနိုင်ငံက ဘုန်းကြီးဦးသုမင်္ဂလသည် ရွှေဟသ်ာဆရာတော်ကို နီပေါသို့ပင့်ရန် ဗုဒ္ဓဂယာဆရာတော် ဦးဉာဏိန္ဒကျောင်း၌ လာရောက် စောင့်ကြိုနေသည်ဟု လျှောက်ကြသည်။ ဝန်ကြီးချုပ် အင်ဒိရာဂန္ဒီ ကိစ္စ ဖြစ်ပေါ်လာသဖြင့် ရွှေဟသ်ာဆရာတော် မြန်မာနိုင်ငံကပင် ကြွလာမည်ဟု မထင်သောကြောင့် ပြန်သွားကြောင်း ဘုန်းကြီးများက လျှောက်သည်။

ဗုဒ္ဓဂယာ၌ ဆောင်းအေးစ ပြုလာပြီ။ နီပေါ၌ သာ၍ အေးလိမ့်မည်။ တန်ဆောင်မုန်းလဆန်း(၁၅)ရက် (လပြည့်နေ့) နေ့(၂)နာရီ၌ ဗုဒ္ဓဂယာမြန်မာကျောင်း ဘုန်းတော်ကြီးဦးဉာဏိန္ဒ၊ ဦးကစ္စာယနတို့ လိုက်ပို့ကြသည်ဖြစ်၍ မဟာဗောဓိပင်၊ မဟာဗောဓိစေတီတော်ကြီး၊ သတ္တဋ္ဌာန စသည်တို့ကို အပြည့်အစုံ ရောက်ရှိ ဖူးမြော်ရသည်။

သိသင့် သိရာ´ အကြောင်းတို့ကိုလည်း ဘုန်းတော်ကြီး ဦးဉာဏိန္ဒက ပြောပြ၍ သိရှိကာ ဝမ်းမြောက်ကြရသည်။ ဘုန်းတော်ကြီး ဦးဉာဏိန္ဒကျောင်းနှင့် မဟာဗောဓိသည် မဝေးလှသော်လည်း ရွှေဟသ်ာ ဆရာတော် မပင်ပန်း စေလို၍ သုံးဘီးကားကလေးဖြင့် ပို့ပေးသည်။ မဟာဗောဓိစေတီတော်ကြီး အထက်ထပ် အောက်ထပ် အစုံရောက်သည်။

မဟာဗောဓိစေတီတော် အောက်ထပ်၌ သီတင်းသုံးတော်မူသော ရုပ်ပွါးတော်ကို ဆီမီး အမွှေးတိုင်တို့ဖြင့် ပူဇော်ရသည်။ မဟာဗောဓိပင်ကို သော့ခတ်၍ ကာရံထားသော အရာမ်အတွင်းသို့ လူတိုင်းမဝင်ကြရသော်လည်း ဘုန်းတော်ကြီး ဦးဉာဏိန္ဒ လိုက်ပါကာ ပြောပြသည်ဖြစ်၍ စောင့်သောသူက သော့ဖွင့် ပေးထားသောကြောင့် ပင်ရင်းအနီးသို့ဝင်ကာ နှစ်ခြိုက်စွာ ရှိခိုးပူဇော် ခဲ့ရသည်။

ဆရာတော် ဦးဉာဏိန္ဒ ရှေ့ဆောင်ကာ စိမ့်ပူဇော်သော မုစလိန္ဒ အိုင်အတွင်း၌ နဂါးရုံ ရုပ်ပွါးတော်ကိုလည်း ကန်ဘောင်ပေါ်မှနေ၍ ဖူးမြော် ကြည်ညိုရသည်။ ဘုရားသမိုင်းကိုလည်း ဦးဉာဏိန္ဒက ပြောပြသည်။ ရာဇာယတန သတ္တာဟနေရာ၌ လင်းလွန်းပင် မရှိတော့သည်ဖြစ်၍ အထိမ်းအမှတ်အဖြစ်ဖြင့် ကြေးခေါင်းလောင်းကြီး တစ်လုံးကို တည်ထားသည်ကို တွေ့မြင်ရသည်။

## မဟာဗောဓိပင်အနီး၌ ရှိခိုးပူဇော်သော ဘုရားရှိခိုးဂါထာ

ပုဒ္ဓေါ ပုဗ္ဗုတိ ကြမမှိ၊
ရက္ခမှိ ဝမ္ဗ မုတ္တမံ။
သုဗုဒ္ဓံ တံ နမဿာမိ၊
သဗ္ဗညုံ လောကနာယကံ။

ပုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသည်၊ ကြမမှိ ရက္ခမှိ၊ ဘုရားရှင်တို့ မချို့ပွင့်ရာ ရတနာမြေမင်း ဤမဟာဗောဓိပင်အနီး၌၊

ဥတ္တမံ၊ သိဋ္ဌည်းကဿပ၊ အစေလတရား အစားစားတို့ထက် လွှမ်းတက်ကျော်လတ် ထူးမွန်မြတ်သော။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရား တော်ကို။ ဗုဒ္ဓတိ၊ ဆရာမရှိ ကိုယ်တိုင်ကြည့်၍ သိရှိတွေ့မြင်တော်မူ၏။

သဗ္ဗည်ု၊ ဉေယျဉသုံ၊ သိအပ်သမျှသော တရားစုံကို အကုန်အစင် သိမြင်တော်မူထသော။ သုဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရား ကို ကောင်းစွာ သိမြင်တော် မူထသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ နမဿာမိ၊ ရိုသေမြတ်နိုး သဒ္ဓါမိုးကို ရွာဖြိုးလျက်သာ ရှိခိုးပါ၏ အရှင်ဘုရား။

အနိမိသ ကုန်းတော်၌ အထိမ်းအမှတ် တည်ထားသော စေတီ တစ်ဆူ မကြာမီက ပြိုကျသွားသည်ဟု ပြောသည်။ မဟာဗောဓိပင် ပတ်ဝန်းကျင်ရှိ သတ္တဌာနတို့၌ လှည့်လည်၍ ကြည်ညိုပူဇော်ရသည်။ ဗုဒ္ဓဂယာ၌ လူမျိုးစုံ ရဟန်းသံဃာမျိုးစုံ အများအပြားလာရောက် ကြည်ညို ကြသည်။

မဟာယာနဂိုဏ်း၌ ဂိုဏ်းကွဲတွေ ရှိကြောင်းကိုလည်း သိခဲ့ရသည်။ မဟာဗောဓိစေတီတော်ကြီး ပတ်ဝန်းကျင်၌ အလွန်သာယာ၍ မွေ့လျော်ဖွယ်ရှိအောင် စိတ်ချမ်းမြေ့အောင် ဂရုတစိုက် ပြုပြင်ထားသည်။ မြက်ခင်းကြီးမှ စ၍ အကွက်ကျ သစ်ပင်ပန်းပင် မျိုးစုံတို့ကိုလည်း စိုက်ပျိုးထား၍ အမြဲပြုပြင် စောင့်ရှောက်လျက် ရှိသည်ကို တွေ့မြင်ရသည်။

စေတီတော်ကြီးသို့ အဝင်တံတိုင်းအဝ၌ ဖိနပ်ချွတ်ရသည်။ ဖိနပ်ထိန်းသိမ်းသူ သီးသန့် ရှိသည်။ ကင်မရာပါလျှင် ကင်မရာ ဆောင်ယူခ ပေးရသည်။ ဓာတ်ပုံကို နေရာမရွေး ရိုက်နိုင်သည်။

စေတီတော်ကြီးအပြင် တံတိုင်း၏ အပြင်ဘက်၌ ဈေးတန်းရှိသည်၊ ဆရာတော်ဦးဉာဏိန္ဒ၏ မြန်မာဘုန်းကြီး ကျောင်းအနီးသို့ ဈေးတန်း ရောက်သည်။

ဆရာတော်ဦးဉာဏိန္ဒ၏ မြန်မာကျောင်းသည် မြေအကျယ်အား ဖြင့် ဆယ်ဧကခန့်ရှိသည်ဟု သိရသည်။ တရားအားထုတ်ရန် ကမ္မဋ္ဌာန်း အုတ်ဂူကလေးပေါင်း(၆၀)ရှိသည်ဟု သိရသည်။ မြန်မာဘုရားဖူးအဖွဲ့ များသည် တိုက်ကျောင်းပေါ်၌ ကျယ်ကျယ်ဝန်းဝန်း တည်းခိုကြရသည်။

ရွှေဟင်္သာဆရာတော်ကား သီးသန့်တိုက်ကျောင်းကလေး အထက်ထပ်၌ ကုဋီ၊ ရေချိုးခန်း အသင့်ရှိ၍ ချမ်းသာစွာနေရသည်။ တိုက်ကျောင်း တစ်ကျောင်း၌ အမေရိကန်လူမျိုးများ တရား အားထုတ်နေကြသည်ကို လည်း သိရှိခဲ့ရသည်။

သိမ်တိုက်အတွင်း၌လည်း လူတစ်စု တရားစကား ဆွေးနွေးနေကြ သည်ကို မြင်ရသည်။ တန်ဆောင်မုန်းလပြည့်ဥပုသ်နေ့ ဖြစ်၍ ရွှေဟင်္သာဆရာတော်တို့ ဥပုသ်ပြုခဲ့ရသည်။

ဗုဒ္ဓဂယာ၌ ဆရာတော် ဦးဉာဏိန္ဒ၏ မြန်မာဘုန်းကြီးကျောင်း ရှိနေခြင်းသည် မြန်မာဘုရားဖူးအဖွဲ့နှင့် သီးသန့်ညှိသည်အဖို့၌ ကျေးဇူးများလှသည်။

နောက်က ရေးသားခဲ့သကဲ့သို့ ဗုဒ္ဓဂယာ၌ မြန်မာ နိုင်ငံ၏ ကျက်သရေဆောင်လည်း ဖြစ်၊ မြန်မာနိုင်ငံမှ ဘုရားဖူး ညှိသည် ခရီးသည်တို့သည်လည်း ကျယ်ကျယ်ပြန့်ပြန့် သန့်သန့်ရှင်းရှင်း တည်းခို ကြရန်လည်းဖြစ်သော အဆောက်အအုံ တင့်တင့်တယ်တယ် ရှိသင့်လှ

ပေသည်။ ဂျပန်၊ တိဗက်၊ သီဟိုဠ်၊ ယိုးဒယား စသည်တို့၏ ဘုရားကျောင်း ဘုန်းကြီးကျောင်းများကို ခမ်းနားကောင်းမွန်စွာ ရှိနေပြီးကြသည်ကို မျက်မြင်တွေ့မြင်ခဲ့ရသည်။

တန်ဆောင်မုန်းလဆုတ်(၁)ရက်နေ့ နံနက်(၆)နာရီ၌ ရွှေဟသ်ာဆရာတော်နှင့် ဦးပညာသီရိ၊ ကပ္ပိယ မောင်မောင်ကြီး ဦးကစ္စာယနတို့သည် ဗုဒ္ဓဂယာဆရာတော် ဦးဉာဏိန္ဒကျောင်းမှ ရာဇဂြိုဟ်သို့သွားကြသည်။ ရာဇဂြိုဟ်မြို့သည် ဗုဒ္ဓဂယာမှ မိုင်(၅၀)မျှသာ ဝေးသည်ဖြစ်၍ ကားနှင့် သွားကြသည်။

ကားခ တစ်နေကုန် (၃၅၀)ပေးရသည်။ ကားခပြောစဉ်က (၂၅၀)နှင့်ပြောသည်။ ပြန်ရောက်၍ ကားခတောင်း သောအခါ (၃၅၀) တောင်းသည်ဟု ဦးကစ္စာယနက ပြောသည်။ အချို့ ကုလား၏ သဘောဓမ္မတာဟု ဆိုရမည်။ ဤကားခအကြောင်းနှင့်စပ်၍ သတိရ၍ ရယ်မောစရာ အကြောင်းကလေးတစ်ခု ပြောရဦးမည်။

ဗြိတိသျှ ခေတ်၌ ရန်ကုန်မြို့၌ ဂေါ်ရင်ဂျီကူလီတွေ ရှိသည်။ ဂေါ်ရင်ဂျီ ကုလားတွေကို ကူလီငှါးလျှင် တန်ရာတန်ကြေးထက် ထပ်မံ၍ တောင်းလေ့ရှိကြသည်။ ဤကိစ္စနှင့်စပ်၍ ဦးပဥ္စင်း(၂)ပါး ဇကားပြောယင်း ကူလီကုလား ကူလီခ ထပ်မံတောင်းလေ့ရှိကြောင်း စကားရောက်သွားရာ တစ်ပါးက ပြောသည်မှာ တန်အောင် များများပေးလျှင် မကောင်းပါဘူးဟု ပြော၏။

တစ်ပါးက တောင်းပါသေးတယ်ဟု ပြော၍ အငြင်းအခုံဖြစ်ပြီး ကိုယ်တွေ့ စမ်းကြ၏။ (၂)ပါးလုံး ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း

ထိပ်မှ သားရေးသေတ္တာ ပေါ့ပေါ့တစ်ခုကို ကုလီကုလားတစ်ယောက်ကို ငှါး၍ ယူခဲ့၏။ ကျောင်းသို့ရောက်သောအခါ တစ်မူးမျှလောက်တန်သော သယ်ယူခကို တစ်ကျပ် ပေးလိုက်သတဲ့။

ကုလားက ငွေတစ်ကျပ်ယူ ကြည့်ပြီး ပိုတောင်းပြန်သတဲ့။ များများပေးလျှင် ထပ်မံမတောင်းပါဘူးဟု ပြောသော ဦးပဍ္ဍင်း ရှုံးလေတော့သတဲ့။ သို့ကြောင့် ကားခ ပိုတောင်းသည်မှာ အချို့ကုလား၏ သဘောစရိုက်တာဖြစ်သည်ဟု ဆိုရသည်။

ဗုဒ္ဓဂယာမှ နံနက်(၆)နာရီ ထွက်လာခဲ့ရာ (၈)နာရီ၌ ရာဇဂြိုဟ်မြို့ဟောင်း ဆရာတော်ဦးဇယန္တကျောင်းသို့ ကောင်းစွာ ရောက်ကြ၏။ ဦးဇယန္တကျောင်းသည် ဝေပုလ္လတောင် တောင်ခြေ၌ ရှိသည်။ သာယာသည်။ ကျောင်းကောင်းသည်။ ရိုးရိုးရေတွင်းနှင့် စက်ရေတွင်းရှိသည်။ ရေကောင်းသည်။ ဧည့်ပရိသတ် တည်းခိုမည်ဆိုလျှင် လူ(၃၀၀)လောက် တည်းခိုနိုင်သည် ပြောသည်။

မြန်မာဘုရားဖူးအဖွဲ့ (၃၅)ယောက် တည်းခိုကြရန် သီးခြားသန့်ရှင်း ကျယ်ဝန်းစွာ ရှိသည်။ အိပ်ရာနေရာ အဆောင် တစ်ခြား၊ ဆွမ်းစားဆောင်တစ်ခြားဖြစ်၍ သန့်ရှင်းသည်။ တောင်ခြေ မနိမ့်မမြင့်၌ ကျောင်းတိုက်တည်ရှိသောကြောင့် အဝေးမှပင် ကျောင်းကို မြင်နိုင်သည်။

ရွှေဟင်္သာဆရာတော်တို့သည် ဆရာတော်ဦးဇယန္တကျောင်း၌ ခေတ္တမျှ နားကြပြီးလျှင် ကားဖြင့်ဆက်လက်၍ (၈)မိုင်ခန့်ဝေးသော နာလန္ဒာတက္ကသိုလ် အဟောင်းနှင့် အသစ်တို့ကို ပညာရေးဗဟုသုတအဖြစ် ကြည့်ရှုရန် သွားကြသည်။

တက္ကသိုလ်အသစ်၌ ဦးကစ္စာယနသည် ပညာ ဆည်းပူးခဲ့ဖူးသည်။ ဦးကစ္စာယနသည် မြန်မာပြည်သား M.A ဘွဲ့ရပြီး ဖြစ်သည်။ အင်္ဂလိပ်စကား၊ ကုလားစကား ကောင်းစွာ တတ်ကျွမ်းသည်။

နာလန္ဒတက္ကသိုလ်အသစ်၌ ကြည့်သင့်ရာကို ကြည့်ရှုကြပြီးလျှင် တက္ကသိုလ်အဟောင်းသို့ သွားကြသည်။ တက္ကသိုလ်အသစ်ကို ယိုးဒယား ဘုန်းကြီးတစ်ပါးက စ၍ တည်သည်ဟု သိရသည်။

နာလန္ဒတက္ကသိုလ်အဟောင်းမှာ ရှေးဟောင်းအဆောက်အအုံကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြစ်သည်။ လူနေခြင်း၊ စာပေသင်ကြားခြင်း မရှိပေ။ ကြွင်းကျန်သော အုတ်ရိုးအုတ်ခုံ အခန်း တံတိုင်း စသည်တို့ကို မပျက်မစီး ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ဖြစ်သည်။

တက္ကသိုလ်အဟောင်း အဆောက်အအုံသည် ကျယ်ဝန်းသည်။ ကြီးမားသည်၊ ရှည်လျားသည်။ ကျယ်ဝန်းကြီးမားသော တက္ကသိုလ်ကြီး၏ ပတ်ဝန်းကျင်ကိုပါ ဗုဒ္ဓဂယာ၌ကဲ့သို့ သစ်ပင်ပန်းပင် မြက်ခင်း အကာအရံ တို့ဖြင့်လည်းကောင်း၊ ကောင်းမွန်သန့်ရှင်းသော လမ်းတို့ဖြင့်လည်းကောင်း ပြုပြင်ထားသည်။ တက္ကသိုလ်အဆောက်အအုံနှင့် ခပ်လှမ်းလှမ်း သံဝင်း အကာ တံခါးပေါက်မှစ၍ ကားများ မဝင်ရ။ ခြေကျင် သွားကြရသည်။

အနီးအနား၌ ရွာငယ်ကလေးတစ်ရွာ ရှိသည်။ မြတ်စွာဘုရား လက်ထက် တော်က နာဠပုတ္တ ရွာငယ်ကလေးတစ်ရွာ ရှိသည်။ မြတ်စွာ ဘုရား လက်ထက်တော်က နာဠပုတ္တတိတ္ထိဆရာကြီးတို့ ဥပါလိသူဌေးတို့ နေခဲ့သော နာလန္ဒမြို့ ဖြစ်သည် မဖြစ်သည်ကိုကား မသိရပေ။

လူမျိုး ဘာသာမရွေး လာရောက်ကြည့်ရှုကြသည်။ နာလန္ဒာတက္ကသိုလ်မှ အပြန်တွင် ဝေဘာရတောင်ခြေရှိ ဂျပန် ဘုန်းကြီးကျောင်းရှိ ဘုရားကျောင်းကို ဝင်ရောက်ဖူးမြော်ခဲ့သည်။ ကောင်းမွန် ကျယ်ဝန်း ခမ်းနားသည်။ ဘုရားခန်းကြီးအပြင်ကသာ အခြားသူများ ကြည့်ရှုကြည်ညို ကြရသော်လည်း ဦးကစ္စာယန၏ ကျေးဇူးကြောင့် ရွှေဟင်္သာ ဆရာတော် တို့သည် အတွင်းသို့ဝင်၍ ကြည်ညိုခဲ့ရသည်။

နံနက် (၁၀)နာရီခွဲခန့် ရာဇဂြိုဟ်ဆရာတော် ဦးဇယန္တကျောင်းသို့ ပြန်ရောက် ကြသည်။ ဆရာတော် ဦးဇယန္တသည် သိက္ခာဝါ (၅၀)ကျော်၊ သက်တော် (၇၀)ကျော်ရှိသော်လည်း ကျန်းမာ ပေါ့ပါးစွာရှိသည်။ သွက်လက်သည်။

ဆရာတော်ဦးဇယန္တသည် ရဟန်းငယ် ကလေးကဲ့သို့ ရွှေဟင်္သာ ဆရာတော်ကို ကားပေါ်မှ ဆင်းသည်မှစ၍ ဖိနပ်ချွတ်ကာ ရှိခိုးပြီးလျှင် အလွန် အရေးယူ အလေးမူသော သဘောဖြင့် ကျောင်းပေါ်သို့ပင့်၍ သီးသန့် ပြင်ဆင်ထားသော အိပ်ရာနေရာသို့ ပင့်သည်။ မျက်နှာသစ်ရာ၊ ရေချိုးရာ၊ ကုဋိစသည်တို့ကို ပြသည်။

အိပ်ခန်းနှင့် ကုဋိ ရေချိုးခန်းသည် ကပ်လျက်ရှိသည်။ ကိုယ်တိုင် တတ်နိုင်သမျှ ပြုစုသည်။ ဆရာတော် ဦးဇယန္တကျောင်း၌ရှိသော ဦးသဒ္ဒိယနှင့် ဦးကစ္စာယနတို့ကလည်း လေးလေးမြတ်မြတ် ပြုစုကြသည်။ ဆီတစ်မျိုးဖြင့်လိမ်း၍ ခြေသလုံးကို နှိပ်နယ်ပေးကြသည်။

နေ့ဆွမ်းချိန်၌ ဆွမ်းကပ်ကြသည်။ ဆွမ်းစားကျောင်းဆောင် တစ်သီးတခြားဖြစ်၍ သန့်ရှင်းသည်။ စားပွဲကုလားထိုင်ဖြင့် စားကြသည်။

ရွှေဟင်္သာဆရာတော်ကို စားပွဲခုံတစ်ခု၌ တစ်ပါးတည်းကပ်သည်။ ချဉ်ရေဟင်း၊ ငါးပိကြော်၊ ငါးခြောက်ကြော်၊ ဆိတ်သားဟင်း၊ အာလူးဟင်း စသည်တို့ စုံပါသည်။ ဆရာတော်ဦးဇယန္တကျောင်း ဧည့်ခန်း အိပ်ခန်းတွေ ပေါသည်။ အသုံးအဆောင် ပရိဘောဂပြည့်စုံသည်။ ရွှေဟင်္သာဆရာတော်ကို ငယ်ဆရာကဲ့သို့ လေးစားစွာ ဝတ်ပြုသည်။

ရွှေဟင်္သာဆရာတော် ကြွလာမည်ဟု သတင်းကြားကတည်းက ဝမ်းသာစွာ စောင့်ကြိုနေသည်ဟု ပြောသည်။ ရွှေဟင်္သာဆရာတော် ဗုဒ္ဓဂယာသို့ ပြန်ခါနီး၌ အားလုံး ဩကာသ ဆို၍ ကန်တော့ကြသည်။ ဦးကစ္စာယနသည် ဆရာတော် ဦးဇယန္တ၏ တပည့်ရင်းဖြစ်သည်ဟု သိရသည်။ ကျောင်းကိုလည်း လွှဲအပ်ထားသော လက္ခဏာရှိသည်။

ဆရာတော်ဦးဇယန္တကျောင်းမှ ဗုဒ္ဓဂယာသို့ အပြန်တွင် အဇာတသတ်မင်း၏ နန်းတော်ရာ၊ ခံတပ်၊ တံတိုင်း၊ ဝေဠုဝန်ကျောင်းတော်ရာ၊ အဇာတသတ်မင်း စီမံပြုလုပ်ခဲ့သည့် ဓါတ်တော်များ ကိန်းဝပ်တော်မူရာ ဌာန၊ ဒေဝဒတ်၏ကျောင်းရာ၊ တပေါဒါချောင်း ရေပူစမ်း၊ ဝေဘာရ တောင်ခြေရှိ လိုဏ်ဂူအချို့နှင့် ဂိဇ္ဈကုဋ်တောင်ခြေ ဓာတ်လှေကားအနီးသို့ ရောက်သည်။ ညနေ(၄)နာရီခန့်၌ ဗုဒ္ဓဂယာဆရာတော် ဦးဉာဏိန္ဒကျောင်းသို့ ပြန်ရောက်ကြသည်။

ဆရာတော် ဦးဏိန္ဒကျောင်းသို့ ပြန်ရောက်သောအခါ တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက်နေ့၌ နံနက်မီးရထားဖြင့် ဗာရာဏသီသို့သွားရန် စီစဉ်ထားပြီးဖြစ်သည်ကို သိရသည်။ ဗာရာဏသီဘူတာမှ ကြိုနေပါလိမ့်မည်။

ဦးကစ္စာယနသည် ဘုရားဖူးအဖွဲ့ကို ရာဇဂြိုဟ်နှင့် ကာလကတ္တား အရောက် လိုက်ပို့ရမည်ဖြစ်၍ ဗာရာဏသီသို့ မလိုက်နိုင်တော့ပေ။ ဦးသဒ္ဓိယ လိုက်ပို့မည်ဟု သိရသည်။ ကျန်းမာကြသည်။

ဗုဒ္ဓဂယာမှ ရာဇဂြိုဟ်သို့အသွားတွင် ဗုဒ္ဓဂယာနှင့် မဝေးလှသော ဌာန၌ နေရဉ္ဇရာမြစ်အနီးမှ ကားလမ်းဖြင့် သွားကြရသည်ဖြစ်၍ နေရဉ္ဇရာမြစ်ကိုလည်းကောင်း၊ မြစ်တစ်ဘက်၌ရှိသော ဥရုဝေဠတောကိုလည်းကောင်း တွေ့မြင်ရသည်။

ထို့နောက် ကားသည် နေရဉ္ဇရာမြစ်ကို ဖြတ်ကူးသော တံတားကြီးပေါ်ရှိ တစ်ဘက်ကမ်းသို့ မောင်းသွားသည်ဖြစ်၍ နေရဉ္ဇရာမြစ်နှင့် ဥရုဝေဠတောတို့ကို သွားရောက်မကြည့်ရဘဲ ရောက်သကဲ့သို့ တွေ့မြင်ကြရသည်။

တန်ဆောင်မုန်းလဆုတ်(၂)ရက်နေ့ နံနက်(၈)နာရီ (၃၀)၌ ကားဖြင့် ဂယာဘူတာသို့ သွားကြသည်။ ဗာရာဏသီသို့သွားရန် ဖြစ်သည်။ ရွှေဟင်္သာဆရာတော် ဦးပညာသိရီ ကပ္ပိယမောင်မောင်ကြီး ဦးသဒ္ဓိယ ပေါင်း(၄)ယောက်ဖြစ်သည်။ ဗုဒ္ဓဂယာဆရာတော် ဦးဉာဏိန္ဒကျောင်းမှ ဦးပဥ္စင်းတစ်ပါးသည် ဆရာတော်ဦးဉာဏိန္ဒက ထည့်လိုက်၍ မီးရထားပေါ်အထိ တာဝန်ယူဆောင်ရွက်၍ လိုက်ပို့ပါသည်။

ယခု မီးရထားအထက် တန်းတွဲသည် ကောင်းပါ၏။ ဟောင်းနေသည်၊ ကာလကတ္တားမှ လာစဉ်က စီးခဲ့သော တွဲကဲ့သို့ကား မကောင်းပေ၊ သို့သော် မိမိတို့ (၄)ယောက် အတွက် အခန်းသီးသန့်ရသောကြောင့် ဝမ်းမြောက်ရသည်။

လမ်းတစ်လျှောက် ဘုရားစေတီတွေသည် ကောင်းမွန်သည်။ ဗာရာဏသီဆရာတော် ဦးနန္ဒဝံသကျောင်းသို့ နံနက်(၁၁)နာရီကျော်ကျော် ရောက်သည်။ နေ့ဆွမ်း မီရုံမျှရှိသည်။

ဗာရာဏသီကျောင်း၌ ဆရာတော်ဦးနန္ဒဝံသ၏ တပည့်ရင်း ရဟန်းတစ်ပါးနှင့် ဆရာတော်၏ မြေးတော်သော ဦးဂမ္ဘီရဗုဒ္ဓိတို့ကို တွေ့သည်။ အလေးဂရုပြု၍ ကြိုဆိုကြ ဝတ်နိဗဒ် ပြုကြသည်။ အသင့် စီမံထားသော ဆွမ်းကိုလည်း ကပ်ကြသည်။

ဆွမ်းစားပြီးသောအခါ ရွှေဟင်္သာဆရာတော်ကို တိုက်ကျောင်း အထပ်ထပ် သီးသန့်အခန်း၌ နေရာ ပေးကြသည်။ အိပ်ခန်းနှင့်ကပ်လျက် ရေချိုးခန်း ကုဋီခန်းတို့ တွဲလျက် ရှိသည်။ သန့်ရှင်း ကောင်းမွန်သည်။ ခေတ္တ အနားယူသည်။ ထို့နောက် ရေချိုးပြီး စင်္ကြံလျှောက်သည်။

ဦးသဒ္ဓိယနှင့် ဦးဂမ္ဘီရဗုဒ္ဓိ တို့သည် ရွှေဟင်္သာဆရာတော်၏ လက်မောင်းနှင့် ခြေသလုံးတို့ကို ဆီတစ်မျိုးနှင့် လိမ်း၍ ဆုပ်နယ်ပေးကြသည်။ ဦးဂမ္ဘီရဗုဒ္ဓိသည် ဆရာတော် ဦးနန္ဒဝံသ၏ မြေးတော်သူ ပဲခူးသားဖြစ်သည်။ ယိုးဒယား မလေးရှား စင်္ကာပူတို့မှ ပြန်လာသည်။ ဘာသန္တရ လေ့လာဆည်းပူးနေသည်။ ဦးသဒ္ဓိယသည်လည်း နာလန္ဒ တက္ကသိုလ်၌ ဘာသန္တရကို လေ့လာဆဲ ဖြစ်သည်။

ဆရာတော်ဦးနန္ဒဝံသ၏ ဗာရာဏသီကျောင်းသည် မြေတစ်ကေ နီးနီး ကျယ်သည်။ မြို့လယ်၌ဖြစ်သည်။ (၂)ထပ်တိုက်ကျောင်း(၃)ကျောင်း ရှိသည်။ သစ်ပင်များ စိမ်းစိုလျက်ရှိသည်။ ပိုက်ရေ အမြဲရသည်။ ဗာရာဏသီဘုရားကြီးနှင့် နီးသည်။

အာသံနယ်သား ရဟန်းတစ်ပါးနှင့် အာသံသား ကျောင်းသား (၄/၅)ယောက်ရှိသည်။ အာသံသားတို့သည် မြန်မာနှင့် ပုံပန်းရုပ်ရည် တူလှသည်။

ဆရာတော်ဦးနန္ဒဝံသ၏ ဗာရာဏသီကျောင်း၌ မြန်မာဘုရားဖူး အဖွဲ့ ညအိပ်တည်းခိုခြင်း မပြုကြ။ ခေတ္တသာ လာရောက်ကြသည်။ ဆရာတော်ဦးနန္ဒဝံသသည် လုမ္ဗိနီအနီး နောင်ဂါး၌ သီတင်းသုံးနေသည်။ ဗာရာဏသီကျောင်းကို မြေးတော်သော ဦးဂမ္ဘီရဗုဒ္ဓိကို လွှဲအပ်ထားသည် ဟု သိရသည်။

ရွှေဟင်္သာဆရာတော်တို့ ဗာရာဏသီသို့ ရောက်သောနေ့၌ ဘုရားဖူးအဖွဲ့များကို ပြန်ခေါ်ရန် တိုးရစ်မန်နေဂျာနှင့် တွေ့သည်။ ယနေ့ ညနေ(၃)နာရီလေယာဉ်ဖြင့် ကာလကတ္တားသို့ သွားမည်ပြောသဖြင့် ရွှေဟင်္သာဆရာတော်သည် လာမည့်အင်္ဂါနေ့ မြန်မာနိုင်ငံသို့ထွက်သော လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်မည့်အကြောင်း ဦးစံထွန်းလုနှင့် မြာရိယားသူဌေးကြီးထံသို့ စာပေးလိုက်သည်။

ဆရာတော်ဦးနန္ဒဝံသ၏ ဗာရာဏသီကျောင်း၌ တည်းခိုရသည်မှာ ချမ်းသာပါသည်။ ရန်ကုန်မှစ၍ ကာလကတ္တား၌ နေရစဉ်ကလည်း ချမ်းသာပါသည်။

ဗုဒ္ဓဂယာဆရာတော် ဦးဉာဏိန္ဒကျောင်း ရာဇဂြိုဟ် ဆရာတော် ဦးဇာနေယျ ကျောင်းတို့၌ နေရသည်မှာလည်း ချမ်းသာခဲ့ပါသည်။ ဆရာတော် သံဃာတော်တို့ကလည်း လေးစားရိုသေစွာ ဝတ်ပြုကြ၊ ဆောင်ရွက်ကြပါသည်။

ကြွလာမည်ဟု သတင်းကြားစဉ်ကစ၍ စောင့်မျှော် နေကြသည်ဟု ပြောကြသည်။ ကာလကတ္တား မြန်မာကျောင်းဆရာတော် ဦးကောဝိဒက ဆွမ်းစားပင့်ရာ မရသည့်အတွက် စိတ်မကောင်းကြောင်းကို ဗာရာဏသီ ရောက်မှ သိရသည်။

ဆွမ်းစားမလိုက်ခြင်းမှာ ပြာရိယားတိုက်၌ ဟိန္ဒူ အသက်သတ် လွတ်ကို စားနေရာက ကြားညှပ်၍ အသားဟင်း ငါးဟင်း တို့ကို စားလျှင် ဓါတ်ဖောက်ပြန်မည်ကို စိုးရိမ်၍ မလိုက်ခြင်း ဖြစ်သည်။

ဆွမ်းမစားသော်လည်း ဆရာတော် ဦးကောဝိဒကျောင်းသို့ (၂)ကြိမ် သွား၍ ချီးမြှောက်ခဲ့ပါသည်။ ဦးကောဝိဒသည် ရွှေဟင်္သာဆရာတော် ဘုရားဖူးသွားလာရေးအတွက် စီစဉ်ဆောင်ရွက်ပေးသဖြင့် ကျေးဇူး တင်ပါသည်။ ဦးကောဝိဒကိုယ်တိုင် ပြာရိယားတိုက်သို့လာ၍ ရွှေဟင်္သာ ဆရာတော်အား ကန်တော့နှုတ်ဆက်ပါသည်။

ရွှေဟင်္သာဆရာတော်တို့သည် ဗာရာဏသီ၌နေစဉ် တန်ဆောင် မုန်းလဆုတ်(၃)ရက်နေ့ နေ့(၂)နာရီ၌ ဦးသဒ္ဓိယတို့ လိုက်ပို့ကြ၍ သီးသန့် ကားဖြင့် မိဂဒါဝုန်သို့ သွားကြသည်။ မိဂဒါဝုန် မူလဂန္ဓကုဋီ အဆောက် အအုံအတွင်း၌ရှိသော ရုပ်ပွါးတော်ကို ဖူးမြော်ကြည်ညိုကြရသည်။

ထို့နောက် အနတ္တလက္ခဏသုတ်ကို ဟောတော်မူရာ စေတီတော် နှင့် ဓမ္မစကြာတရားတော်ကို ဟောတော်မူသော အထိမ်းအမှတ်ဌာနတို့၌ အောက်ပါ ဘုရားရှိခိုးဂါထာကို ရွတ်ဆို၍ ရှိခိုးခဲ့ရသည်။

ဗုဒ္ဓေါ် ဣမမှိ ဒါယမှိ၊ ဓမ္မစက္က မဒေသယိ၊
နိဗ္ဗာနပါပကံ ဓမ္မံ၊ တံ နမဿာမိ သာဒရံ။

ဗုဒ္ဓေါ၊ သစ္စာလေးခွင် တရားအင်ကို ကောင်းစွာသိမြင်တော်မူသော မြတ်စွာဘုရားသည်။ ဣလမပို ဒါယမှိ၊ သားသမင်တို့ မြူးရွှင်သဘာဝ ဘေးကင်းကြ၍ ချမ်းမြအတွေ့ မွေ့လျော်ရာဖြစ်သော ဤမိဂဒါဝုန်တော၌။ နိဗ္ဗာနပါပက၊ နိဗ္ဗာန်ရွှေမြို့သို့ ရောက်အောင် ပို့ဆောင်ပေးတတ်သော။ ဓမ္မစက္ကံ၊ ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂလေးဖြာ ဓမ္မစကြာဟု ဆိုအပ်သော။

ဓမ္မံ၊ တရားတော်ကို။ အဒေသယိ၊ ပဉ္စဝဂ္ဂီ ဤငါးလီအား မနသိကာရ သနားလှ၍ ကျနသွန်သင် မြင်အောင်သဘော ဦးစွာစော၍ ဟောကြားတော်မူလေပြီ။ တံ ဗုဒ္ဓံ၊ ထို မြတ်စွာ ဘုရားကို။ သာဒရံ၊ အာရုံရှေ့သွား ရိုသေလေးစားခြင်းနှင့်တကွ။ နမဿာမိ၊ ဦးညွှတ်ဝပ်လျှိုး လွန်မြတ်နိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

ရှိခိုးပူဇော်ကြပြီးနောက် မိဂဒါဝုန်ကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော် ဦးတိက္ခိန္ဒြိယကျောင်းသို့ သွားရောက်ကြသည်။ သက်တော်ရစ်ဆယ်ကျော်ဖြင့် ကျန်းမာစွာရှိသော မိဂဒါဝုန်ကျောင်း ဆရာတော် ဦးတိက္ခိန္ဒြိယနှင့် တပည့်များကို တွေ့ရသည်။

ဝမ်းမြောက် ဝမ်းသာစကား ပြောကြရသည်။ ရေနွေးနှင့် အဖျော်ရည် ကပ်ကြသည်။ မြန်မာပြည်မှ ဘုရားဖူးအဖွဲ့များသည် ဆရာတော်ဦးတိက္ခိန္ဒြိယ၏ မိဂဒါဝုန်ကျောင်း၌ ညဉ့်အိပ် တည်းခိုကြသည်။ သန့်ရှင်း သာယာသည်။ တိုက်ကျောင်း (၄)ကျောင်းရှိသည်။ တရာဏသီမြို့တွင်းထက် စိမ်းစိုသည်။ ဥတုရာသီပို၍ ကောင်းသည်ဟု သိရသည်။

ဆရာတော်ဦးတိက္ခိန္ဒြိယကျောင်းမှ အပြန်တွင် ရှေးဟောင်း ဆင်းတုတော်မှစ၍ အမျိုးမျိုး ဘာသာရေးနှင့်စပ်သော ပစ္စည်းများကို ပြသော မိဂဒါဝုန်ပြတိုက်ကြီးသို့ ဝင်ရောက် ကြည့်ရှုခဲ့ကြသည်။ မိဂဒါဝုန် ပတ်ဝန်းကျင်သည် သန့်ရှင်းသည်။ သာယာသည်။ ပန်းခင်း မြက်ခင်းတို့ ဖြင့် စိမ်းစိုသည်။

မြတ်စွာဘုရား မိဂဒါဝုန်သို့ ကြွတော်မူလာသောအခါ ပဥ္စဝဂ္ဂီတို့ ကြိုဆိုကြသော ဌာနဒ္ဓလည်း အမှတ်အသား စေတီဟောင်း တစ်ဆူ ရှိသည်။ ကားပေါ်မှပင် အာရုံပြုလိုက်ရသည်။ နန္ဒိယ၏ ကျောင်းအုတ်ခုံ ကိုလည်း ကြည့်ခဲ့ရသည်။ ဝေဠုဝန်ကျောင်းတော်ရာ စသည်သို့ ရောက်သောအခါ ဖော်ပြပါ ဘုရားရှိခိုးဂါထာတို့ဖြင့် ရှိခိုး ရပေသည်။

ဣဓ ဗုဒ္ဓေါ နိဝါသော သိ၊ ဣဓေ ကဒါဝ ဝါသကော။
ဝေဠုဝနာဒိ ဌာနေသု၊ ဌတွာ ဗုဒ္ဓံ ဝန္ဒာမဟံ။

ဗုဒ္ဓေါ၊ သစ္စာသိမြင် ဉာဏ်ဒ္ဓထင်သည့် ဂေါတမမည်တွင် ဘုရားရှင်သည်။ ဣဓ၊ ဤသည်မြို့ပြ ဤဌာနဒ္ဓ။ နိဝါသောသိ၊ ဝါတော်ကာလ ရှည်ကြာလှအောင် ထာဝရရွှင်ပြုံး နှလုံးမွေ့လျော် သီတင်းသုံး နေတော်မူ၏။

ဣဓ၊ ဗာရာဏသီ စသည်မှီခို ထိုထိုမြို့ရွာတို့၌။ ကဒါဝ ကဒါဝေ၊ ကာလမကြာ ရံခါရံခါသာလျှင် အလှည့်လှည့် ကြည့်ရှု ကျိုးဖလ ခေတ္တ ခေတ္တမျှသာလျှင်။ ဝါသကော၊ ချမ်းသာရွှင်ပြုံး၍ သီတင်းသုံးတော် မူ၏။ ဣတိ၊ ဤသို့လျှင်။ ဝေဠုဝနာဒိဌာနေသု၊ ဝေဠုဝန် မိဂဒါဝုန် အစရှိသော ဌာနတို့၌။

ဌတွာ၊ အခိုက်အခန့် မကြန့်မကြာ ရံခါရံခါ နားနေ၍။ အဟံ၊ ငါသည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို ဝန္ဒာမိ၊ အတိတ် အာရုံ ပြန်ဖြုမျှော်ကိုး လွန်မြတ်နိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

တန်ဆောင်မုန်းလဆုတ်(၇)ရက်နေ့ ညနေ(၆)နာရီခန့်၌ နောင်ဂါးမှ ဆရာတော်ဦးနန္ဒဝံသ ကားဖြင့် ရောက်လာသည်။ နှစ်ပေါင်း(၄၀)ကျော် ကွဲနေသော ဆရာတူတပည့် သီတင်းသုံးဖော်ချင်း တွေ့ဆုံကြရသော ကြောင့် နှစ်ပါးလုံး ဝမ်းသာအားရရှိကြ၍ ရှေးဟောင်းနှောင်းဖြစ် စသည် တို့ကို ပြောကြရသည်မှာ ည(၉)နာရီ ကျော်သွားလေသည်။

နံနက် (၅)နာရီ ခွဲ၌ (၂)ပါးအတူ အရုဏ်ဆွမ်း ခေါက်ဆွဲပြုတ် ဘုဉ်းပေးကြပြီးလျှင် အိန္ဒိယအကြောင်းနှင့် မြန်မာပြည်အကြောင်း စကားဖလှယ်ကြရသည်။ ဆရာတော်ဦးနန္ဒဝံသအား ရွှေဟင်္သာ ဆရာတော်က (၁၅၅)ခန်း သက်န်းကြီးနှင့်တကွ တိစီဝရိတ် သင်္ကန်း တစ်စုံနှင့် မြန်မာပြည်မှပါခဲ့သော ကြက်သားကြော် ငါးပိကြော်တို့ကို လှူရသည်။ ပါရှိသမျှ ဝတ္ထုတစ်ရာကိုလည်း လှူရသည်။

ဆရာတော်ဦးနန္ဒဝံသကို ဦးနု အစရှိသော မြန်မာဒကာ ဒကာမ တို့ကလည်း ကြည်ညိုကြသည်။ အိန္ဒိယသား အချို့ကလည်း ကြည်ညို ကြသည်ဟု သိရသည်။ ဆရာတော်ဦးနန္ဒဝံသ ယခု သီတင်းသုံးနေသော နောင်ဂါး၌ မြန်မာဘုန်းကြီးကျောင်းကို ကုလားတစ်ယောက်က တရားမဲ့ ယူပြီး တက်နေသည်ကို ဆရာတော်ဦးနန္ဒဝံသ ကြွပြီး မေတ္တာ ကရုဏာဖြင့် ဆောင်ရွက်သောကြောင့် ကျောင်းကို ပြန်ရသည့်ပြင် ၎င်းကုလားသည် ဆရာတော်ထံ ပန်ချ တောင်းပန်သည်။

တပည့်ဒကာအဖြစ်သို့ ရောက် သည်ဟု သိရသည်။ ဆရာတော်ဦးနန္ဒဝံသသည် ကောင်းသော၊ မှန်ကန်သော ကိစ္စတို့၌ သတ္တိဖြင့် ဆောင်ရွက်တတ်သော အစွမ်းရှိသည်။ ဗာရာဏသီ၌ ကျောင်းရှိလျက် အသက်ကြီးပြီ ဖြစ်၍ နောင်ဂါး၌ အေးချမ်းစွာ နေသည်ဟု ပြောသည်။ သက်တော် (၈၆)နှစ်ရှိပြီး သွားကျိုးခြင်းမှတစ်ပါး အားလုံး ကျန်းမာစွာ ရှိသည်။

ဆရာတော်ဦးနန္ဒဝံသသည် ဇာတိအားဖြင့် ပဲခူးမြို့ ကျိုက်ပဒိုင် ဇာတိဖြစ်သည်။ ကျောင်းသားဘဝကပင် ညောင်တုန်းမြို့ ရွှေဟင်္သာ တောရကျောင်းတိုက် စံကျောင်း ဆရာတော်ဘုရားထံသို့ ရောက်၍ ဆရာတော်ထံ၌ပင် ပထမကြီးတန်းတိုင်အောင် အောင်မြင်သည်။ ထိုအခါက စာချတန်း မရှိသေးပေ။

ထို့နောက် မန္တလေး အမရပူရစသော ထိုထို့ဌာနတို့၌ စာပေပညာ ဗဟုသုတဆည်းပူးသည်။ စံကျောင်း ဆရာတော်ဘုရားက ချီးမြှောက် စေလွှတ်သောကြောင့် ကျိုက္ခမီ တိမ္မလာရုံ ရွှေဟင်္သာကျောင်း၌ ပဓာန နာယကအဖြစ်ဖြင့် စာပေပို့ချနေသည်။ သံဃာ (၂၅–၃၀)ခန့်ရှိသည်။ ထို့နောက် သက္ကတဘာသာကို လေ့လာခြင်းငှါ အိန္ဒိယဗာရာဏသီ ဟိန္ဒီတက္ကသိုလ်၌ သက္ကတဘာသာ ဟိန္ဒီဘာသာတို့ကို လေ့လာဆည်းပူး သည်။ ပညာလည်းရ ကျန်းမာရေးလည်းကောင်း သောကြောင့် ယခုတိုင် အိန္ဒိယ၌ မြဲနေခြင်းဖြစ်သည်။

ယနေ့ ကန်ဆောင်မုန်းလဆုတ်(၄)ရက်နေ့ ညနေ ဒေလီအမြန် ရထားဖြင့် ကာလကတ္တားသို့ပြန်ရန် မီးရထားနေရာ ယူထားကြသည်။

ညနေ(၄)နာရီ ဗာရာဏသီ ဆရာတော် ဦးနန္ဒဝံသကျောင်းမှ ကားဖြင့် ဘူတာရုံသို့ ထွက်ခဲ့ကြသည်။ မီးရထားသည် ဘူတာရုံသို့ ရောက်နေသည် ဖြစ်၍ တွဲတိုင်း လူပြည့်နေသည်။ ဦးအဂ္ဂဓမ္မ ဦးသဒ္ဓိယတို့ လိုက်ပို့ ဆောင်ရွက်ကြသောကြောင့် (၂)ယောက်အိပ်ခန်းတစ်ခန်းရသည်။ ကုလားများနှင့် မရောဘဲ မိမိတို့ချည်း သီးသန့် နေရသည်ကိုပင် ဝမ်းသာကြရသည်။ ကာလကတ္တားသို့ ဦးဂမ္ဘီရဗုဒ္ဓိ လိုက်ပို့သည်။

တန်ဆောင်မုန်းလဆုတ် (၅)ရက်နေ့ နံနက်(၈)နာရီ ကာလကတ္တားသို့ ရောက်သည်။ ပြာရိယားသူဌေးကြီး တိုက်မှ ကားဖြင့် ဦးစံထွန်းလှ ကြိုနေသည်ကို အဆင်သင့်တွေ့ရသည်။ သူဌေးကြီးသည် အလုပ်ကိစ္စဖြင့် မဒရပ်သို့ သွားကြောင်း သိရသည်။

ယနေ့ ပြန်ရောက်မည်ဟု ပြောသွား သတဲ့။ သဌေးကြီးတိုက်သို့ ရောက်သောအခါ သားအကြီးဆုံးသည် တံခါး ပေါက်မှ စောင့်ကြို၍ ပင့်သည်။ ကော်ဖီနှင့် မုန့်ကပ်ကြသည်။ ဦးစံထွန်းလှသည် ဌေးဟာသာ ဆရာတော်ကို သူ့အိပ်သို့ ညနေ ခေတ္တကြွရန်နှင့် နက်ဖြန် နေ့ဆွမ်း အိမ်သို့ ကြွရောက်ဘုဉ်းပေးရန်ပင့်ပြီး ဂုဏ်စွဲဂိုရ်၍ ပြန်သွားသည်။ နက်ဖြန် ဦးစံထွန်းလှ အိမ်၌ နေ့ဆွမ်းစားပြီးက လေဆိပ်သို့ ဆက်လက် ကြွရန် လျှောက်သည်။

အိမ်နီးချင်းနိုင်ငံဖြစ်၍ လေယာဉ်အတွက် တစ်ပါးလျှင် (၅ဝ) အခွန်ဆောင်ရမည်။ ၎င်းအခွန်အတွက်ကို ဦးစံထွန်းလှက လှူပါသည်ဟု လျှောက်သည်။ အမေရိကန် အင်္ဂလန်နိုင်ငံမျိုးဖြစ်လျှင် တစ်ရာစီ ဆောင်ရသည်ဟု သိရသည်။ ဦးစံထွန်းလှသည် ကျေးဇူးများလှပါသည်။

မြန်မာနိုင်ငံမှ ရောက်လာကြသော ဘုရားဖူးအဖွဲ့မှစ၍ ဧည့်သည်များ၌ လိုအပ်သောကိစ္စများကို ဦးစံထွန်းလှသည် စိတ်စေတနာ ထက်သန်စွာဖြင့် ဆောင်ရွက်သည်ကို တွေ့မြင်ရသည်ဖြစ်၍ သာဓုခေါ်ရသည်။

ရွှေဟင်္သာဆရာတော်တို့သည် တန်ဆောင်မုန်းလဆန်း(၁၄)ရက်ည ကာလကတ္တားမှစ၍ ဘုရားဖူးထွက်ခဲ့ကြရာ တန်ဆောင်မုန်းလဆုတ်(၅)ရက်နေ့ နံနက် ကာလကတ္တားသို့ ပြန်ရောက်ကြသည်။ လမ်းစရိတ်ရူပီးသုံးထောင် ကုန်သည်ဟု သိရသည်။ တည်းခိုသောကျောင်းတို့မှ ဆွမ်းကပ် လှူကြသည်ဖြစ်၍ ဆွမ်းစရိတ် မကုန်ကျပေ။

ပြာရိယားသူဌေးကြီးတိုက်သို့ ပြန်ရောက်သောအခါ ကျေးဇူးတုံ့ပြန်သောသဘောအားဖြင့် မောင်မောင်ကြီးကို စကားပြန်ပြုလုပ်စေ၍ အိမ်သားများ နားလည်လောက်သော တရားစကားဖြင့် ဟောပြောချီးမြှောက်ရသည်။ နှစ်ဦးနှစ်ဝ ဝမ်းမြောက်ကြရသည်။ သူဌေးကြီး၏ သားကြီးက တစ်ခု မေးသည်။

''အိန္ဒိယကို ဘယ်ကဲ့သို့ မြင်ပါသနည်း''ဟု မေးသည်၊ ရွှေဟင်္သာ ဆရာတော်က ဖြေသည်မှာ ''မြန်မာနိုင်ငံနှင့်တော့ တစ်မျိုးစီပေါ့။ မြန်မာနိုင်ငံ၌ ဂေါတမဗုဒ္ဓ၏တရားတော်ရှိသည်။ အဲသည် တရားတော်က ထိန်းထားသောကြောင့် ဘာသာရေး လူမှုရေးတို့၌ ယဉ်ကျေးကြသည်။

တစ်ဦးပေါ် တစ်ဦး မေတ္တာရှိတန်သလောက် ရှိကြသည်၊ ကရုဏာ ရှိကြသည်။ တတ်နိုင်သမျှ ကူညီကြသည်။ ပေးကမ်း လှူဒါန်းကြသည်။ ကိုယ်နှုတ်ကို ထိန်းသိမ်း စောင့်စည်းခြင်း သီလ၏ အကျိုးကျေးဇူးကို

သိကြ၍ သီလကို စောင့်ထိန်းကြသည်။ စိတ်ကို စောင့်စည်းခြင်း၏ အကျိုးကျေးဇူးကိုသိ၍ အာနာပါန စသည်ကို ပွါးများ၍ စိတ်ကို ထိန်းသိမ်းကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံ လူများသည် အများအားဖြင့် လောဘ မကင်းသေးသော်လည်း လောဘနည်းကြသည်။ ဒေါသ မကင်းသေး သော်လည်း ဒေါသ နည်းကြသည်။ ဤကဲ့သို့ ဘုရား သာသနာတော်က ထိန်းသိမ်းစောင့်စည်းခြင်းကြောင့် စိတ်နှလုံး ကောင်းကြ ယဉ်ကျေး သိမ်မွေ့ကြသည်'' စသည်ဖြင့် ဖြေခဲ့ရာ မြန်မာနိုင်ငံ သူ နိုင်ငံသားတို့၏ အကြောင်းကို အထိုက်အလျောက် သိပြီးသော ပုဂ္ဂိုလ်ဖြစ်၍ သဘောကျ ဟုတ်မှန်ကြောင်း ဝန်ခံလေသည်။

တန်ဆောင်မုန်းလဆုတ် (၆)ရက်နေ့ နံနက်(၈)နာရီ၌ ဒကာမကြီး နှင့် သားသမီးများအားလုံး ရွှေဟသ်ာဆရာတော်ကို ကန်တော့ကြသည်။ အားလုံးအတူတကွ ဓာတ်ပုံ ရိုက်ကြသည်။ နောက်ထပ် ကြွလာစေလို ကြောင်း၊ ကြွလာလျှင် သည့်မှာပင် တည်းခိုရန် လျှောက်ကြသည်။ ပန်းသီး သေတ္တာတစ်လုံး၊ ဟောလစ်ပူးကြီး(၂)လုံး၊ ကော်ဖီပူးကြီး တို့ကိုလည်း လှူလိုက်သည်။

ရွှေဟသ်ာဆရာတော်တို့သည် အားလုံးကို နှုတ် ဆက်ပြီး အိမ်ကကားဖြင့် မြန်မာဘုန်းကြီး ဦးကောဝိဒကျောင်းသို့ ဝင်ရောက် နှုတ်ဆက်သည်။ ဘုန်းတော်ကြီး ဦးကောဝိဒထံ၌ ဦးကောဝိဒ နှင့်တကွ စာရင်းပါဘုန်းကြီးများအား လှူရန် ဘုန်းတော်ကြီး ဦးကောဝိဒ ထံ၌ ဝတ္ထုများ ပေးအပ်ခဲ့သည်။

## လှူရန်မှာ

၁။ ကာလကတ္တား ဆရာတော်ဦးကောဝိဒ - ၁၀ဝိ/-
၂။ ဗုဒ္ဓဂယာ ဆရာတော် ဦးဉာဏိန္ဒ - ၁၀ဝိ/-
၃။ ဆရာတော်ဦးနန္ဒဝံသ (နောင်ဂါး) - ၁၀ဝိ/-
၄။ ဦးကစ္စာယန၊ ရာဇဂြိုဟ် - ၁၀ဝိ/-
၅။ ဦးသဒ္ဒိယ၊ နာလန္ဒာတက္ကသိုလ် - ၁၀ဝိ/-
၆။ ဦးဂမ္ဘီရဗုဒ္ဓိ၊ ဗာရာဏသီ - ၁၀ဝိ/-

အချို့ဆရာတော်များအား သက်န်းပါရှိသမျှ လှူခဲ့ရသည်။

ကာလကတ္တား မြန်မာဘုန်းတော်ကြီးထံ၌ နှုတ်ဆက်၍ အလှူပစ္စည်းများ အပ်ခဲ့ပြီးလျှင် နေ့ဆွမ်းစားရန် ဦးစံထွန်းလှတိုက်သို့ ဆက်လက် သွားကြသည်။ ဦးစံထွန်းလှတို့ တိုက်ခန်းသည် ကျယ်ဝန်းကောင်းမွန် သန့်ရှင်းသည်။ ဆွမ်းစားကြပြီးလျှင် အားလုံး လေဆိပ်သို့ သွားကြသည်။

ထိုနေ့ လေယာဉ်ဖြင့် ရန်ကုန်ပြန်မည်ဖြစ်သော သံဃာ(၈)ပါးကိုလည်း ဦးစံထွန်းလှက လေဆိပ်ဟော်တယ်၌ ဆွမ်းကပ်လှူသေးသည်။ ရွှေဟင်္သာ ဆရာတော် ရန်ကုန်မှ လာစဉ်က လေယာဉ်တစ်စင်းတည်းအတူ လာကြသော ဘုရားဖူးအဖွဲ့နှင့် ယနေ့အတူပင် လေယာဉ်တစ်စင်းတည်း ပြန်ကြရသည်။ လေဆိပ်၌ ဆောင်ရွက်ဖွယ်တို့ကို ဦးစံထွန်းလှတပည့် များနှင့် မောင်မောင်ကြီး ဦးပညာသီရိတို့က ဆောင်ရွက်ကြသည်။ ဦးစံထွန်းလှ ဒေါ်စောသာနုနှင့် သားသမီးများ၊ ဦးစံညိမ်း၊ သင်းသင်းစိန်၊ ဦးကောဝိဒ၊ ဦးဂမ္ဘီရဗုဒ္ဓိတို့ လိုက်ပို့ကြသည်။

လေယာဉ်ပေါ်သို့ သွားသောအခါ အခြားခရီးသည်တို့ကို ဘတ်စ်ကားကြီးဖြင့် ပို့သည်။ ရွှေဟင်္သာ ဆရာတော်ကို ကားကလေးဖြင့် စောစောကပင် ပထမဦးစွာ ပို့ပေးသည်။ ရှေ့ဆုံးတန်း၌ ထိုင်ရသည်။ ကာလကတ္တား လေယာဉ်ရုံကြီးသည် ကြီးသည်။ ကောင်းသည်။ ခေတ်မီသည်။ ရိုးရိုးဓါတ်လှေကားနှင့် လှေကားထစ် ဓါတ်လှေကားလည်း ရှိသည်။ တန်ဆောင်မုန်းလဆုတ်(၆)ရက်နေ့ နေ့ (၁)နာရီ (၃၀)၌ ကာလ ကတ္တားမှ လေယာဉ် ထွက်ခဲ့သည်။ ခရီးသည် (၈၅)ယောက် လိုက်ပါသည် ဟု သိရသည်။ လေယာဉ်ထွက်လျှင် ဘီလပ်ရည် တစ်ခွက်စီ တိုက်သည်။ ဦးစံထွန်းလှက ယနေ့ ရွှေဟင်္သာဆရာတော် ပြန်ကြွလာမည့်အကြောင်း ဦးကြည်ညွန့်ထံ ဖုန်းဖြင့် အကြောင်းကြားပြီး ကြောင်း လျှောက်သည်။

သူဌေးကြီးအိမ်ရှိ ဖုန်းဖြင့်လည်း ဦးပညာသီရိက ဦးကြည်ညွန့်၊ ဦးခင်မောင် တို့ထံ အကြောင်းသဖြင့် လေဆိပ်မှ ကြိုကြမည့်အကြောင်း စကား ပြန်ကြသည်။ ရွှေဟင်္သာဆရာတော်တို့ လိုက်ပါခဲ့သော လေယာဉ်သည် ညနေ(၃)နာရီအချိန်၌ ရန်ကုန်လေဆိပ်သို့ ကောင်းစွာ ရောက်သည်။ ရန်ကုန်လေဆိပ်၌ ကမ္ဘာအေး သာသနာရေးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းအောင်၊ ဦးအေးကျော် (စစ်ကိုင်း သာသာရေး ဌာန) ကျောက်မြောင်း ရွှေမြင်တင်ဆေးတိုက်ပိုင်ရှင် ဦးညို၊ ဦးခင်ဇော်၊ ဦးခင်မောင်၊ ဒေါ်မြမေတို့ မိသားစု ရောက်ရှိနေကြသည်။ ဦးညိုက ယခုပို့လိုက်သော လှူဖွယ်ပစ္စည်းများကို ရွှေဟင်္သာ ဆရာတော်ဘုရားကြီး ရောက်ရှိရာသို့ ပေးပို့လှူဒါန်းပေးပါရန် ပန်ကြား

အပ်ပါသည်ဟူသော စာနှင့်တကွ ယနေ့လေယာဉ်ဖြင့် ကာလကတ္တားသို့ ကြွသွားသော အာသံ ဘုန်းကြီးထံ၌ အရှင်ဘုရားအားလှူရန် ဒူးရင်းယို နှင့် အကြော်များ ပေးအပ်လိုက်ပါသည်။ ယခု လေဆိပ်သို့ရောက်မှ အရှင်ဘုရား ယနေ့ ကြွလာမည့်အကြောင်းကို သိရပါသည်ဟု လျှောက်သည်။

ဦးညို ပို့လှူသော ပစ္စည်းများသည်...

၁။ ကျောက်ဖရုံယို – ၁ ပိဿာ

၂။ ရွှေကြက်ပဲကြော် – ၁ ပိဿာ

၃။ မြေပဲလှော် – ၁ ပိဿာ

၄။ ကြက်သွန်ကြော် – ၁ ပိဿာ

၅။ ဒူးရင်းယို – ၁ ပိဿာ

၆။ ထန်းလျက် – ၁ ပိဿာ ဖြစ်သည်။

ရွှေဟင်္သာဆရာတော်ကို ကြိုသောသူများအားလုံး တောင်စွန်း ကျောင်းအရောက် လိုက်ပို့ကြသည်။ ဒကာအောင်မျိုး၊ ဒေါ်ခင်မေသန်း၊ မောင်သန်းစိုး၊ မြင့်မြင့်ရှိန်၊ ဗိုလ်မှူးခင်မောင်ထွေးသားအမိ၊ မောင်စိုးမောင် တို့ ကျောင်းသို့လာကြသည်။

နံနက်အရုဏ်ဆွမ်းအတွက် စားသောက် ဖွယ်များ လှူကြသည်။ တန်ဆောင်မုန်းလဆုတ်(၇)ရက်နေ့ နေ့ဆွမ်းကို ဗိုလ်မှူးခင်မောင်ထွေးက ကျောင်းသို့လာကပ်မည်ဟု လျှောက်သည်။ (၈)ရက် ကြာသပတေးနေ့ အရုဏ်ဆွမ်းကို အလုံသီရိရိပ်သာ ဦးတင်မောင် ဒေါ်မြင့်မြင့်တို့က လည်းကောင်း၊ နေ့ဆွမ်းကို ယောက်လမ်းဦးတင်တို့က လည်းကောင်း

ပင့်ကြသည်။ (၉)ရက်နေ့ နေ့ဆွမ်းကို အရှေ့မြင်းပြိုင် ကွင်းအနီး ဘောက်ထော် ဦးချစ်မောင် (ကွယ်လွန်)၏ဇနီး ဒေါ်မြကြည် ကပ်လှူသည်။

(၇)ရက်နေ့ နံနက်(၈)နာရီ ဦးကြည်ညွန့်သည် ရွှေဟင်္သာဆရာတော် ထံသို့ ရောက်လာ၍ ဝမ်းမြောက်ဝမ်းသာ အကျိုးအကြောင်း ပြောရသည်။ ကာလကတ္တားမှ သူဌေးကြီး ပြာရိယားတို့က အထူးဂရုစိုက်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခဲ့ရကြောင်း။ သွားလိုရာသို့ ကောင်းစွာ ရောက်ရှိခဲ့ကြောင်း။

သွားသည်ကစ၍ ပြန်လာသည်အထိ ကျန်းမာရေး ကောင်းကြောင်း။ ဦးကြည်ညွန့်၏ ကျေးဇူးပြုမှုကြောင့် အိန္ဒိယရှိ ဗုဒ္ဓနှင့် ဆိုင်သောဌာနများသို့ ရောက်ရှိခဲ့ရကြောင်းတို့ကို ကျေးဇူးတင်စွာ ဝမ်းသာစွာဖြင့် ပြောရသည်။

တနင်္ဂနွေ (သို့မဟုတ်) တနင်္လာ ဂျက်လေယာဉ် ရှိသောနေ့၌ စစ်ကိုင်းသို့ ပြန်မည့်အကြောင်း ပြောသဖြင့် လေယာဉ် လက်မှတ်ယူရန် ဦးကြည်ညွန့်က တာဝန်ယူသွားသည်။

(၇)ရက် ဗုဒ္ဓဟူးနေ့ နေ့(၂)နာရီ၌ ဒကာကြင် ရောက်လာပြီး ကထိန်ပင့်သံဃာအတွက် သင်္ကန်းစသော ဝတ္ထုတို့ကို လှူသည်။ အိန္ဒိယ အကြောင်းကိုလည်း မေးမြန်းသည်။ (၇)ရက်နေ့ ညနေ၌ ဦးခင်ဇော် ဒေါ်တင်အုံးနှင့် သမီး၊ ကြည့်မြင်တိုင်မှ ဦးသုမင်္ဂလ၏ ရဟန်းဒကာများ လာကြသည်။ နေ့ဆွမ်းပင့်ရာ မရ၍ (၉)ရက်နေ့ အရုဏ်ဆွမ်း ရသည်။ (၇)ရက်စောစောပိုင်း၌ ညောင်တုန်းဆရာတော်နှင့် ဘုန်းကြီး (၃) (၄)ပါး ကြွလာကြသည်။

(၈)ရက်နေ့ နံနက်(၈)နာရီ မောင်သန်းဌေးကားဖြင့် ရွှေတိဂုံသို့ သွားရောက် ဖူးမြော်သည်။ အပြန်တွင် သံယုတ်ကျောင်းသို့ ဝင်၍ မင်းလှချောင် ဆရာတော်ဦးနိပုဏ ဆေးကုလာသည်ကို မေးမြန်းခဲ့သည်။

(၈)ရက်နေ့ နေ့ဆွမ်းကို ဗိုလ်ကြီးတင်က ပင့်ထားသော်လည်း ဗိုလ်ကြီးတင်နှင့် ညီအစ်ကိုကဲ့သို့ ခင်မင်ရင်းနှီးသော ကုန်သွယ်ရေးဌာန ဒုတိယ ဝန်ကြီး ဦးကျော်ထွန်းက ဗိုလ်ကြီးတင်ထံမှ တဆင့်တောင်းယူ၍ ဦးကျော်ထွန်းက ကပ်လှူခြင်းဖြစ်သည်။

ဦးကျော်ထွန်း၏ သမီး ခင်ဝင်းမာထွန်း (၁၉)နှစ် အနိစ္စရောက် သည်ကို အကြောင်းပြု၍ သံဃာ(၅)ပါးနှင့် ပရိသတ်တို့အား ရက်လည် ဆွမ်း ကပ်လှူကျွေးမွေးခြင်း ဖြစ်သည်။ သင်္ကန်း၊ စောင် အစရှိသော ပစ္စည်းတို့ကိုလည်း ကပ်လှူသည်။

(၈)ရက်နေ့ ညနေ၌ ရန်ကုန် ဒေါ်ခင်မြင့်မြင့်၊ ဒေါ်အေးကြည် သားအမိ၊ ဦးခင်မောင်မိသားစု၊ ဦးခင်ဇော်၊ ဦးသန်း ဒေါ်လွင်လွင်အေး၊ မဟာဗောဓိကျောင်းတိုက်ဆရာတော်၊ လပွတ္တာတောရကျောင်း ဆရာတော်၊ ဗဟန်းဝိသုဒ္ဓါရုံဆရာတော်၊ ငပုတောဆရာတော်တို့ လာကြ သည်။

ဝိသုဒ္ဓါရုံဆရာတော်က စက်မှုဝန်ကြီး ဦးတင့်ဆွေအိမ်သို့ စနေနေ့ ညနေ ပဒေသာပင် ရေစက်ချ ပင့်သည်။ ဒေါက်တာ မျိုးသန့် ပြုံးသဇင် တို့က သောကြာနေ့ညနေ အန္တရာယ်ကင်းပရိတ်ရွတ် ပင့်သည်။ ဦးသန်းထွဋ်က တနင်္ဂနွေနေ့ နေ့ဆွမ်းကို ကျောင်းလာကပ်ရန်လျှောက် သည်။ တန်ဆောင်မုန်းလဆုတ်(၉)ရက်နေ့ အရုဏ်ဆွမ်းကို ကြည့်မြင်တိုင် ပိကောက်ပင်တန်း ဦးသောင်းမြင့် ဒေါ်ခင်ညိုတို့က ကပ်လှူသည်။

နံနက် (၈)နာရီ သီရိမင်္ဂလာ စံကျောင်းဆရာတော်တို့ ကြွလာသည်။ ရွှေဟသ်ာစာပေထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဘိုးစိန် ရောက်လာပြီးလျှင် ရွှေဟသ်ာသာသနာရေးကို ဆွေးနွေးကြသည်။ ဆရာမကြီး ဒေါ်ခင်မြင့်မြင့်က ဒါတဗ္ဗဝတ္ထုများ လာရောက် ကပ်လှူသည်။

လဆုတ်(၁၀)ရက်နေ့ အရုဏ်ဆွမ်းကို သီရိမင်္ဂလာစံကျောင်းက ပင့်သည်။ ဒကာအောင်မျိုး ဒကာမ မေသန်းတို့ကလည်း အရုဏ်တက်ချိန် ကျောင်းလာကပ်မည် လျှောက်၍ အချိန် ပြောင်းရသည်။

(၁၀)ရက်နေ့၌ ရွှေဟသ်ာဆရာတော် အိန္ဒိယရှိစဉ် အသုံးပြုရန် ရည်ရွယ်၍ ရန်ကုန်မြို့ ကျောက်မြောင်း ရွှေမြင့်တင်ဆေးတိုက်ပိုင်ရှင် ဦးညိုတို့ အိန္ဒိယသို့ ပို့လိုက်သော ပစ္စည်းသည် လေယာဉ်ဖြင့် ပြန်ရောက်လာ၍ ဦးညိုတို့ကိုယ်တိုင် တောင်စွန်းကျောင်း ရွှေဟသ်ာဆရာတော်ထံသို့ လာရောက် လှူဒါန်းကြသည်။

ယနေ့ မောင်သန်းစိုး မြင့်မြင့်ရှိန်တို့က အိမ်တက်ပရိတ်ရွတ်၊ ဘုရားအနေကဇာတင် ဆွမ်းကပ်ပင့်၍ ချီးမြှောက်ရသည်။ ၄င်းနေ့ (၁၂)နာရီ၌ ရွှေဟသ်ာသဟာယအသင်းဥက္ကဋ္ဌ ဦးအောင်သိန်းတို့ လာ၍ သာသနာရေး လျှောက်ထားကြသည်။ ၄င်းပြင် ရွှေဘုံသာလမ်း (၁၄၅) ဦးရွှေမိသားစုက စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာသံဃာများ ဆွမ်းစရိတ် တစ်နှစ်တွက် ၁၂၀၀/ လှူဒါန်းသည်။ အုတ်ဖိုမြို့မှ ဒကာ (၃)ယောက် လာ၍ နဝကမ္မ လှူကြသည်။ ဒေါက်တာမျိုးသန့် ပြုံးသဇင်တို့က ပရိတ်ရွတ်သံဃာ တစ်ပါးလျှင် ၁၀၀/- စီ လှူသည်။ ရွှေဟသ်ာဆရာတော် မွေးနေ့အတွက် ၅၀၀/- နှင့် ဝမ္မာနုပဿနာစာအုပ်

အုပ်ရေ ၅၀၀အတွက် ၁၅၀ဝိ/- လှူကြသည်။ ၄င်းညနေ (၆)နာရီ၌ မိမိနိုင်နှင့် သမီးဖြူဖြူတင်တို့က ရွှေဟင်္သာ ဆရာတော်၏ ဓာတ်ပုံကြီးကို ရွှေဘောင်တပ်၍ လှူသည်။

ရာသက်ပန် ဆွမ်းအတွက်လည်း ဝတ္ထု ၃၀ဝိ/- လှူသည်။ ပုံနှိပ်တိုက်ရှင် ဦးသီကလည်း ရာသက်ပန်ဆွမ်းအတွက် ၃၀ဝိ/- လှူသည်။ မိမိနိုင်နှင့် ဦးမောင်ကို ဒေါ်ခင်ဝင်းတို့က အယ်လ်ဘန်တစ်ခုဆီ လှူကြသည်။ အလုံမှ တပည့် ဒကာတစ်စုတို့ကလည်း လာရောက် ကန်တော့ လှူဒါန်းကြသည်။ (၉)ရက်နေ့ (၁၀)ရက်နေ့တို့၌ ဒကာ ဒကာမများ တော်တော်များများ လာရောက်ကန်တော့ကြသည်။ (၉)ရက်နေ့ ညနေ စက်မှုဝန်ကြီး ဦးတင့်ဆွေအိမ်သို့ ပဒေသာပင် ရေစက်ချ ခီးမြှောက်လိုက်ရသည်။ စစ်ကိုင်းရွှေဟင်္သာအတွက် ၅၀၀ဝိ/- ရန်ကုန် ဝိသုဒ္ဓါရုံအတွက် ၅၀၀ဝိ/- ဖြစ်သည်။

(၁၀)ရက်နေ့ နံနက်အရုဏ်ဆွမ်းကို ရေကျော်ဦးသန်း ဒေါ်လွင်လွင် တို့က ကျောင်းသို့လာ၍ ကပ်ကြသည်။ ယနေ့နံနက်(၇)နာရီ၌ ဗိုလ်ကြီး တင်က အိမ်သို့ပင့်၍ ကန်တော့ကြသည်။ မုန့်ဟင်းခါးနှင့် ကော်ဖီမုန့် စသည်တို့ ကပ်ကြသည်။ စစ်ကိုင်းယူရန် ခေါက်ဆွဲထုပ် တစ်သေတ္တာ လှူသည်။ ဦးဘသန်း ဒေါ်စန်းစန်းတို့ကလည်း လာရောက်ကန်တော့ ကြသည်။ သီရိမင်္ဂလာဘုန်းတော်ကြီးနှင့် ဦးဣန္ဒတို့ လာရောက်နှုတ်ဆက်၍ ဖုန်းဖြင့် စစ်ကိုင်းဦးဝိနာယကထံ အကြောင်းကြားလိုက်ကြောင်း ပြောသည်။ (၁၀)ရက်နေ့ ဆွမ်းကို ဦးသန်းထွန်းက ကျောင်း၌ ကပ်သည်။ (၁၁)ရက်နေ့ တနင်္လာနေ့၌ လေယာဉ်သည် နေ့ (၁)နာရီအချိန်

ထွက်မည်ဟု သိရသောကြောင့် ဆွမ်းကပ်လိုသော်လည်း ရက်မရ၍ မျှော်စောင့်နေရသော ထမင်းဆိုင်ပိုင်ရှင် ဦးမှန်း ဒေါ်ကျင်ရွှေ ထိပေါက်သောနေ့ဟု ဆိုရမည်။

နေ့ (၁)နာရီအချိန်မှ လေယာဉ်ထွက်မည်ကို သိလျှင်သိချင်း အခြား ဒကာများ မဦးမိ ဦးမှန်းတို့က လာလျှောက် ကြသည်။ အခွင့်ရ၍ ဝမ်းမြောက်စွာဖြင့် အထူးတလည် ချက်ပြုတ် ကပ်လှူရန် စီမံကြသည်။ (၁၀)ရက်နေ့နေ့လယ်၌ ကျောက်တံခါးမြို့ ငွေဇင်ယော် ဆေးလိပ်ခုံပိုင်ရှင် ဦးချစ်လှိုင် ဒေါ်ခင်ကြည်၊ သမီး မသန်းသန်းဌေး၊ မခင်မြသွေးတို့က ရာသက်ပန် နှစ်စဉ်လှူဒါန်းရန် ပထမအကြိမ် ဝတ္ထု ၁၀၀၀ိ/-လှူပြီးဖြစ်သည်။ ကျန်သောဝတ္ထု ၂၀၀၀ိ/-ကို ယနေ့ ရေစက်ချ၍ လှူကြသည်။ ရန်ကုန်ဘိုးစိန်လမ်း ဦးရဲဌေးက စစ်ကိုင်းရွှေဟင်္သာ စာချဘုန်းကြီးများ လှူရန် နဝကမ္မ ၂၉၅ိ/- ကပ္ပိယထံ ပေးအပ်သည်။

ထေရာဝါသကျောင်း ဒကာ ဝင်ဒါမိယာ ဦးခင်မောင်က ရန်ကုန်မြို့ (၁၂)လမ်းတိုက် ရောင်း၍ ရရှိသော ဝတ္ထုကို စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာကိုက်သစ် သာသနာစောင့်ရှောက်ရေးအဖွဲ့ ဒကာများ ထံသို့ပို့ရန် ကပ္ပိယထံ လာရောက်အပ်နှံသည်။ နှစ်စဉ် လှူဒါန်းသကဲ့သို့ ရန်ကုန် ဗဟန်း ရေတာရှည် လမ်းသစ်မှ တောင်စွန်း ဓမ္မိကာရုံကျောင်းရှိ သံဃာနှင့် ကျောင်းသားများကို အသီး အသီး သင့်လျော်ရာသက်နှီး စသည်တို့ဖြင့် လှူဒါန်းခဲ့သည်။ တန်ဆောင် မုန်းလဆုတ်(၉)ရက်နေ့၌ နိုင်ငံခြား၌ နေသော မိခင်ဒေါ်တင်ရီက နှစ်စဉ် လှူဒါန်းမြဲဖြစ်သော ရွှေဟင်္သာဆရာတော်၏ မွေးနေ့ ဆွမ်းကပ်လှူရန်အတွက် ဝတ္ထု

တစ်ထောင်ကို သားသမီးများက လာရောက်၍ ကပ္ပိယထံ အပ်နှံ လှူဒါန်းကြသည်။ ဒကာအောင်မျိုး ဒကာမမေသန်းတို့က ရွှေဟင်္သာ ဆရာတော်နှင့် ပဋ္ဌာန်းသိပ္ပံဆရာတော်အတွက် ငါးရံ့ခြောက် တစ်ထုပ်စီနှင့် ငါးကျည်းခြောက် တစ်ထုပ်စီ လာရောက် လှူကြသည်။

(၁၁)ရက်နေ့၌ လေဆိပ်သို့ သာသနာရေးဌာနက ပို့ပေးမည်ဖြစ်၍ ဒကာဒကာမများ လိုက်မပို့ကြရန် ပြောထားသည်။ ဂျွန်ဦးတင်မောင်က ပို့မြဲကိုးမြဲဖြစ်၍ သူ၏ မာစီဒီးကားဖြင့် ပို့ဦးမည်ဟု လျှောက်သည်။ လေဆိပ်သွားစဉ်က ဦးတင်မောင် ကားနှင့်လာပါသေးသည်။ နောက်ကျ နေသည်။ (၁၁)ရက် တနင်္လာနေ့၌ တောင်စွန်းကျောင်း၌ပင် ဦးမှန်း ဒေါ်ကျင်ရွှေတို့ ကပ်လှူသော ဆွမ်းကို စားပြီးကာလ (၁၁)နာရီ နှင့် (၃၀)၌ လေဆိပ်သို့ သွားကြသည်။

ကမ္ဘာအေးမှ လက်ထောက် ညွှန်ကြားရေးမှူးဦးသိန်းအောင်တို့ လိုက်ပို့ကြသည်။ လာရောက် ကန်တော့ နှုတ်ဆက်ကြသော ဒကာများ သည် တောင်စွန်းကျောင်းမှာပင် ကန်တော့ ပြီး ပြန်ကြသည်။ ဦးသိန်းအောင် တို့သည် လေယာဉ်အရောက် ပို့ကြသည်။

ဦးသိန်းအောင်တို့ ရှေ့ဆောင်ပို့သည်ဖြစ်၍ လေယာဉ်ရုံထဲသို့ ဝင်ခြင်းကို အထူး မပြောရတော့ပေ။ လေယာဉ်ရုံအတွင်း အထူး သီးသန့် ခန်း၌ ချမ်းသာစွာ နေရသည်။ ဆောင်ရွက်ဖွယ်တာဝန်လည်း များစွာ မရှိတော့ပေ။ (၁၂)နာရီ (၄၀)ခန့်၌ လေယာဉ်ပေါ်သို့ တက်ရသည်။ နေ့တစ်နာရီတိတိ၌ လေယာဉ်ထွက်သည်။ ရွှေဟင်္သာ ဆရာတော်တို့သည် ရှေ့ဆုံး ထိပ်ခုံ၌ နေရာရသည်။ ဂျက်လေယာဉ်ဖြစ်၍

မကြာမီ ပုဂံ-ညောင်ဦး သို့ ရောက်သည်။ မကြာမီ ပုဂံ-ညောင်ဦးမှ ထွက်ခဲ့ရာ (၁၅)မိနစ်ဖြင့် မန္တလေးသို့ ရောက်သည်။ မန္တလေးလေဆိပ်၌ ဦးမောင်ကြီး ဦးလှမြင့် ဒေါ်မြင့်မြင့် စစ်ကိုင်းမှဦးမြိုင် ဒေါ်ကွန်း၊ ဒေါ်ကြိုင် ဦးသောင်း ဦးဝါယမတို့ လာရောက် ကြိုကြသည် စစ်ကိုင်းတောင်ရိုး ရွှေဟသာတိုက်သစ်သို့ နေ့လည်(၂)နာရီ (၃၀)၌ ကောင်းစွာ ရောက်ကြသည်၊ အိန္ဒိယသို့ ဘုရားဖူးသွားလိုသူတို့ သတိပြုရန် သတိပေးလိုသည်မှာ အိန္ဒိယသို့ ဘုရားဖူးသွားလိုသော ပုဂ္ဂိုလ်တို့သည် အထူးသတိပြုရန် ရှိသည်မှာ တိုးရစ်အစီအစဉ်ဖြင့် သွားလိုသောပုဂ္ဂိုလ်တို့သည် ကားအားလုံး အဆင့်သင့် စီစဉ်ပြီးဖြစ်သောကြောင့် ဘုရားဖူးအဖွဲ့၌ အထူးတလည် ကြောင့်ကြပူပန်ဖွယ် မရှိပေ။

အကြောင်းမူကား ခရီးတစ်လျှောက်၌ ရှေ့ဆောင်ဘုန်းတော်ကြီး တစ်ပါး ခေါင်းဆောင်လိုက်ပါသည့်အပြင် တိုးရစ်ဌာနမှ ဒကာ ရှေ့ဆောင် လည်း လိုက်ပါသည်။ တည်းခိုရန် စခန်းတို့၌လည်း အသင့်စီစဉ်ပြီး ဖြစ်သောကြောင့် သွားရေး၊ တည်းခိုရေး၊ စားသောက်ရေးမှစ၍ အသင့်ပင်ဖြစ်၍ ချမ်းသာကြရပေမည်။ ချမ်းသာကြရသည်။

တိုးရစ်အစီအစဉ်ဖြင့် မဟုတ်ဘဲ မိမိဘာသာ ပုဂ္ဂလိက ဘုရားဖူး သွားလိုသော ပုဂ္ဂိုလ်တို့ဖြစ်မူကား ကြိုတင်၍ ကာလကတ္တားမြို့ရှိ မြန်မာကျောင်း ဘုန်းတော်ကြီးဦးကောဝိဒထံ လျှောက်ထား၍ မြန်မာ ဘုန်းတော်ကြီးများ၏ အစီအစဉ်အစောင့်အရှောက်ဖြင့်သာလျှင် သွားသင့် ကြပေသည်။ အိန္ဒိယ၌ရှိသော မြန်မာဘုန်းတော်ကြီးတို့သည် အိန္ဒိယ အကြောင်း၊ လမ်းခရီးအစီအစဉ်၊ သွားလာရေးကိစ္စ စသည်တို့ကို

ကောင်းစွာသိရှိကြသောကြောင့်ဖြစ်သည်။ ထို့ပြင် ကုလားစကား၊ အင်္ဂလိပ်စကားကိုသာ ပြောဆိုကြသော တိုင်းပြည်ဖြစ်၍ မြန်မာ ဘုန်းတော်ကြီးတို့သည်လည်း ကုလားစကား အင်္ဂလိပ်စကားတို့ကို ကောင်းစွာ တတ်ကျွမ်းကြသည်၊ ကားမီးရထား လေယာဉ်ကိစ္စတို့၌လည်း ကျွမ်းကျင်စွာ သိရှိကြပေသည်။ သို့ကြောင့် အကယ်၍ ပုဂ္ဂလိကအနေဖြင့် အိန္ဒိယသို့ ဘုရားဖူးသွားလိုသော ပုဂ္ဂိုလ်တို့သည် ကာလကတ္တား မှစ၍ မြန်မာဘုန်းတော်ကြီးများနှင့် လျှောက်ထားတိုင်ပင်၍ သွားသင့်ကြောင်း သတိပေးရပေသည်။ အိန္ဒိယ၌ သီတင်းသုံးနေတော်မူကြသော ဘုန်းတော်ကြီးတို့သည် ဘုရားဖူးညီသည်တို့၌ အလွန် ကျေးဇူးများကြပါသည်။

ရွှေဟင်္သာဆရာတော်တို့သည် သက္ကရာဇ် (၁၃၄၆)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၁)ရက်နေ့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်မှ ခရီးထွက်ခဲ့ရာ တန်ဆောင်မုန်းလပြည့်ကျော် (၁၂)ရက်နေ့၌ ရွှေဟင်္သာတိုက်သစ်သို့ ပြန်ရောက်ကြသည်။ အသွားအပြန် အပါအဝင် ရက်ပေါင်း(၃၁)ရက် ကြာလေသည်။

ကာလကတ္တား၊ ဗုဒ္ဓဂယာ၊ မဟာဗောဓိ၊ ရာဇဂြိုဟ်၊ ဗာရာဏသီ၊ မိဂဒါဝုန် တို့၌ ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိမှအစပြု၍ မြတ်စွာဘုရား၏ အရဟံအစရှိသော ဂုဏ်တော်ကျေးဇူးတော်တို့ကို အာရုံပြု၍ ဆိုင်ရာဆိုင်ရာ ဘုရားရှိခိုးဂါထာတို့ဖြင့်လည်းကောင်း ရှိခိုး ဖူးမြော်ပူဇော်ခဲ့ရသော မဟာကုသိုလ်ကံကောင်းမှုတို့၏ အဖို့ဘာဂကို အမျှပေးဝေပါ၏။ ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ကာ ကုသိုလ်ယူကြစေကုန်သတည်း။

---

**ရွှေဟင်္သာဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရေးသားတော်မူသော**

**ဗုဒ္ဓဂယာသို့ ခရီးသွားမှတ်တမ်း ပြီးပါပြီ။**

## အရှင်အာစာရာလင်္ကာရ (ခင်ကိုင်း ရွှေဟင်္သာ)

## ၏

## ရေးသား ပြုစု ထုတ်ဝေပြီး စာအုပ်များ

၁။ **ပုလဲရတနာ ဓမ္မစာ**

(လက်ရွေးစင် ဘာသာရေးဆောင်းပါး အပုဒ်(၃၀) စုစည်းမှု)

၂။ **ဝိနည်းမဟာဝါ ခက်ဆစ်နိဿယကျမ်း**

(အစိုးရနိကာယ် စာမေးပွဲနှင့် သာမဏေကျော် စာမေးပွဲများ အတွက် ပြုစုထားသည့်စာအုပ်)

၃။ **ဘဝလမ်းညွှန် လက်ဆောင်မွန်**

(အရှင်ဇနကာဘိဝံသ၏ အဆိုအမိန့်များအတွဲ-၁)

၄။ **ဘဝလမ်းညွှန် အဆိုအမိန့်များ**

(အရှင်ဇနကာဘိဝံသ၏ အဆိုအမိန့်များအတွဲ-၂)

---

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၁။ အမေ့အတွက် တရားလက်ဆောင်

၂။ အမေ့အတွက် ဓမ္မစကား

၃။ ကျေးဇူးတော် အနန္တ မိဘရဲ့ မေတ္တာတွေ

## အရှင်အာစာရလင်္ကာရ (ခစ်ကိုင်း၊ ရွှေဟင်္သာ) ဒီဗွီတည်းဖြတ် ထုတ်ဝေပြီး တခွေစုစုမျှား

၁။ သီတဂူဆရာတော် အရှင်ဉာဏိဿရ ၏
**ကဿပဂုဏ်ရည် တရားတော်**
(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၀ပြည့် မွေးနေ့ပူဇော်ပွဲတွင် ဟောကြားသောတရားတော် ဖြစ်ပါသည်)

၂။ သီတဂူဆရာတော် အရှင်ဉာဏိဿရ ၏
**တရားစောင့်သူတို့ အကြောင်း တရားတော်**
(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၁ပြည့် မွေးနေ့ပူဇော်ပွဲတွင် ဟောကြားသောတရားတော် ဖြစ်ပါသည်)

၃။ သီတဂူဆရာတော် အရှင်ဉာဏိဿရ ၏
**ဝေဒနာကို သည်းခံခြင်း တရားတော်**
(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အန္တိမစျာပနပွဲတွင် ဟောကြားသော တရားတော် ဖြစ်ပါသည်။)

၄။ သီတဂူဆရာတော် အရှင်ဉာဏိဿရ ၏
**ပညာရှိတစ်ဆူကို ပူဇော်ခြင်း တရားတော်**
(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၄ပြည့် မွေးနေ့ပူဇော်ပွဲတွင် ဟောကြားသောတရားတော် ဖြစ်ပါသည်)

# အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟင်္သာ) ဒီစခ်တည်းဖြတ် ထုတ်ဝေပြီး စာအုပ်များ

၅။ သီတဂူဆရာတော် အရှင်ဉာဏိဿရ ၏

**မမေ့အပ်သော လေးနေရာ တရားတော်**

(ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်-၁၀၃ပြည့် မွေးနေ့ပူဇော်ပွဲတွင် ဟောကြားသောတရားတော် ဖြစ်ပါသည်) (ရွှေဟင်္သာဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရေးသားတော်မူသော ဗုဒ္ဓဂယာသို့ ဘုရားဖူး ခရီးသွားမှတ်တမ်း ပူးတွဲပါဝင်ပါသည်။

၆။ သီတဂူဆရာတော် အရှင်ဉာဏိဿရ ၏

**သံယောဇဉ်ကင်းရည် တရားတော်**

(ရွှေဟင်္သာဆရာတော်ဘုရားကြီး အမေရိကန်နိုင်ငံသို့ ဓမ္မဒူတ ခရီး ကြွတော်မူခိုက် အမေရိကန်နိုင်ငံတွင် ရွှေဟင်္သာ ဆရာတော်ဘုရားကြီးအား ပူဇော်ပွဲ၌ ဟောကြားအပ်သော တရားတော်။) (ရွှေဟင်္သာဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မှတ်တမ်းတင်ထားခဲ့သည့် အမေရိကန် ခရီးသွားမှတ်တမ်း အပြည့်အစုံ ပါဝင်ပါသည်။)

ဖွားတော်မူတဲ့အရပ်

ဘုရားဖြစ်တော်မူတဲ့အရပ်

တရားဦးဓမ္မစကြာကို ဟောမြွက်တော်မူတဲ့အရပ်

ခန္ဓပရိနိဗ္ဗာန် ဝင်စံတဲ့အရပ်တွေဟာ

ဘယ်တော့မှ မမေ့အပ်တဲ့

အရပ်ဌာနကြီးလေးခုဖြစ်ပါတယ်။

ရွှေဟင်္သာဆရာတော်ဘုရားကြီး
ကိုယ်တော်တိုင် ရေးသားတော်မူသည့်
သံဝေဇနီယ လေးဌာန(ဗုဒ္ဓဂယာ)
ဘုရားဖူးခရီးသွားမှတ်တမ်းပါဝင်ပါသည်။

Graphic Design
Aung Hlaing